




The VOICE Daily






Vol. 4 / No. 168 Established in 2004 ၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၈) ရက်၊ (Monday, October 24, 2016)

# ရန်ကုန်မြို့တော်တွင် မသင်္ကာဖွယ်စိမ်းများ တွေ့ရှိပါက သတင်းပေးရန် ရဲတပ်ဖွဲ့ကြေညာ

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

ရန်ကုန်မြို့တော်တွင် အထောက်အထားမဲ့ ခိုးဝင်လာသော ဘင်္ဂါလီများကို နှစ်ရက်ဆက်တိုက် ဖမ်းမိခဲ့သောကြောင့် ပြည်သူများအနေနှင့် မိမိတို့နေထိုင်ရာ ရပ်ကွက်/ကျေးရွာ၊ မြို့နယ်များ အတွင်း မသင်္ကာဖွယ် စိမ်းများ ရောက်ရှိနေကြောင်း သိရှိပါက 199 Call Center ဖုန်း အမှတ် ၁၉၉ နှင့် ဖုန်းအမှတ် ၀၁-၂၃၂၃၁၉၉သို့ ဆက်သွယ် သတင်းပေးကြပါရန် ရန်ကုန်တိုင်း ဒေသကြီးရဲတပ်ဖွဲ့က အသိပေး ထုတ်ပြန်ခဲ့သည်

တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် ဦးလွန်းလမ်းရှိ ၈ လွှာတိုက်ခန်းတွင် ပုန်းခိုနေသော ဘင်္ဂါလီလေးဦးကို အောက်တိုဘာလ ၂၂ ရက် နံနက် ၂ နာရီခွဲက ဖမ်းဆီးပြီးနောက် ယင်းနေ့ညနေပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့ အလောင်းဘုရားလမ်းတွင် ပုန်းခိုနေသော ဘင်္ဂါလီအမျိုးသား ၁၇ ဦးကို ည ၇ နာရီခွဲကထပ်မံ ဖမ်းမိခဲ့ခြင်းဖြစ်သည်။

ရွှေပေါက်ကံမြို့တွင် စာ 2

## ရန်ကုန်မြို့နယ်အချို့ CCTV ကင်မရာများ တပ်မည် စာ 2

## မုန်တိုင်းရှောင်ရန် ဧရာဝတီတိုင်းဒေသခံများ ကယ်ဆယ်ရေးစခန်းပြောင်း၊ ခရိုင်သုံးခုတွင် စာသင်ကျောင်းများပိတ်



ဓာတ်ပုံ – ကိုကြီး (လပွတ္တာ)

စာ 3

မုန်တိုင်းအန္တရာယ်တိမ်းရှောင်ရန်အတွက် လပွတ္တာမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာသူများကို အောက်တိုဘာ ၂၃ ရက်နေ့ ညနေပိုင်းက တွေ့ရစဉ်

## " ကျွန်တော်နဲ့ ပတ်သက်ပြီး ပြောနေတဲ့ ကောလာဟလတွေနဲ့ ပတ်သက်လို့ကတော့ လက်ရှိအချိန်မှာ ဘာမှပြောစရာမရှိပါဘူး"

**အောင်လနှင့် တွေ့ဆုံခြင်း** စာ 21

## စိတ်ကျန်းမာရေး ဆေးရုံဝင်းထဲ မူးယစ်ဆေးဝါး ရောင်းချနေသူ နှစ်ဦးကို ဖမ်းမိ စာ 27

## ဆိုင်ကလုန်းမုန်တိုင်း ဖြတ်သန်းစဉ် မုန်တိုင်းဒီရေ ၁၀ ပေ အထိတက်မည် စာ 4



# ရန်ကုန်မြို့နယ်အချို့ CCTV ကင်မရာများ တပ်မည်

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ မှုခင်းကျဆင်းရေး လုပ်ငန်းဆောင်ရွက်ရန် ထောက်ပံ့ငွေ ကျပ်သိန်းတစ်ရာ ပေးအပ်ခဲ့သည့် မြို့နယ်များတွင် ယင်းငွေဖြင့် မြို့နယ်အတွင်း CCTV ကင်မရာများ ဝယ်ယူတပ်ဆင်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

“ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်း လုပ်ကိုင်ဖို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က တစ်မြို့နယ်ကို ကျပ်သိန်း တစ်ရာစီထောက်ပံ့ခဲ့တယ်၊ ဒီရရှိတဲ့ငွေနဲ့ မြို့နယ်အတွင်းက အဓိကကျတဲ့နေရာတွေမှာ CCTV တပ်ဆင်မယ်လို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေက တင်ပြလာခဲ့တယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးသိန်းလွင်က ပြောကြားသည်။

အစိုးရသစ်လက်ထက်တွင် မှုခင်းကျဆင်းရေး စီမံချက်ဖြင့် ရန်ကုန်တိုင်း ဒေသကြီးအတွင်း မှုခင်းဖြစ်ပွားမှု အများဆုံးမြို့နယ်များဖြစ်သော လှိုင်သာယာ၊ သန်လျင်၊ ဒဂုံတောင်နှင့် ကမာရွတ်မြို့နယ်တို့ကို ရွေးချယ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ယင်းမြို့နယ်များအတွက် မှုခင်းကျဆင်းရေး လုပ်ငန်းဆောင်ရွက်ရန် ရန်ကုန်တိုင်း ဒေသကြီး တိုင်းအစိုးရအဖွဲ့က တစ်မြို့နယ်လျှင် ကျပ်သိန်း တစ်ရာစီ ထောက်ပံ့လှူဒါန်းခဲ့သည်။

ယင်းရရှိသည့်ငွေဖြင့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် ယာယီရွက်ဖျင်တဲ၊ ထိုင်ခုံ၊ လက်နှိပ်ဓာတ်မီးစသည့်အသုံးအဆောင် ပစ္စည်းများဝယ်ယူပြီး ရပ်ကွက်နေ လူထုနှင့် ရဲတပ်ဖွဲ့ ပူးပေါင်းကာ လှည့်ကင်းဆောင်ရွက်ခြင်း၊ ကင်းစောင့်ခြင်းများ ဆောင်ရွက်ခဲ့ရာ မှုခင်းဖြစ်ပွားမှုနှုန်း သိသာစွာ လျော့နည်းကျဆင်းခဲ့သောကြောင့် အောက်တိုဘာလ ၁ ရက်နေ့က မြို့နယ်ရှစ်ခုတွင် မှုခင်းကျဆင်းရေး စီမံချက်ကို ထပ်မံ ဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်တိုင်း ဒေသကြီးရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

အဆိုပါ မှုခင်းကျဆင်းရေး စီမံချက်ဆောင်ရွက်နေသည့် မြို့နယ်ရှစ်ခုမှာ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ သဃ်န်းကျွန်း၊ ဗဟန်း၊ လှိုင်၊ ကြည့်မြင်တိုင်နှင့် ရွှေပြည်သာ မြို့နယ်များဖြစ်ပြီး အောက်တိုဘာလ ၂၁ ရက်နေ့က ယင်းမြို့နယ်တစ်ခုစီအတွက် ရန်ကုန်တိုင်းဒေသကြီး တိုင်းအစိုးရအဖွဲ့မှ ထောက်ပံ့ငွေ ကျပ်သိန်းတစ်ရာစီ ပေးအပ်ခဲ့ကြောင်း ရန်ကုန်တိုင်း ဒေသကြီးရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

“မြို့နယ်တွေထဲက နေရာတိုင်းလိုလိုမှာ CCTV ကင်မရာတွေ တပ်ဆင်လိုက်မယ် ဆိုရင်တော့ အကောင်းဆုံး ပေါ့လေ၊ ဒါပေမဲ့ ငွေကြေးလိုအပ်ချက်တွေရှိနေတယ်၊ ရပ်ကွက်တွေထဲက အဓိကကျတဲ့ ဝင်ထွက်ပေါက် နေရာတွေမှာ ကင်မရာတွေ တပ်ဆင်မယ်ဆို ညဘက်မြင်ရတဲ့ ကင်မရာ အမျိုးအစားအထိ ရွေးချယ်တပ်ဆင် စေချင်တယ်၊ ကျောက်တံတား (၃၆)လမ်းက တိုက်ခန်းထဲမှာ ဖြစ်ပွားခဲ့တဲ့ လူသတ်မှု ဖြစ်စဉ်ကို ပြန်ကြည့်ရင် CCTV ကနေ ရတဲ့ အချက်ဟာ အများကြီး ထိရောက်တယ်၊ တကယ်လို့ လူသတ်မှု ကျူးလွန်ခဲ့သူဟာ တိုက်ပေါ်က ပြုတ်ကျလို့ မသေခဲ့ဘူးဆိုရင်တောင် လွတ်မြောက်သွားသူ တရားခံက ဘယ်သူဘယ်ဝါဆိုတာ သိရပြီး အချိန်ပိုင်းအတွင်း ဖော်ထုတ်ဖမ်းဆီးလို့ရတယ်” ဟု ရဲမှူးသိန်းလွင်က ရှင်းပြသည်။ ■

---

**မျက်နှာဖုံး - ရန်ကုန်မြို့တော်တွင် မသင်္ကာသည့်စိမ်းများ တွေ့ရှိပါက မှ အဆက်**

ဖမ်းမိခဲ့သော ဘင်္ဂါလီများမှာ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်နှင့် ကျောက်တော် မြို့နယ်တို့တွင် နေထိုင်သူများဖြစ်ပြီး ၎င်းတို့ကို ပွဲစားများဖြစ်ကြသော ဝင်းကျော် (စုံစမ်းဆဲ)၊ အေးသိန်း (စုံစမ်းဆဲ) နှင့် မောင်ကျော် (စုံစမ်းဆဲ)တို့က တစ်ဦးလျှင် ပို့ဆောင်ခငွေကျပ် ၁၁ သိန်းစီဖြင့် ရခိုင် ပြည်နယ်မှ မကွေးမြို့ မကွေးမြို့မှ တစ်ဆင့် ရန်ကုန်သို့ မော်တော်ယာဉ်ဖြင့် ခိုးဝှက် သယ်ဆောင်လာခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်များအရ မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

“တံခါးအလုံပိတ် သော့ခတ်ထားတဲ့ နေအိမ်ထဲက ဘင်္ဂါလီအမျိုးသားတစ်ယောက် ထွက်လာပြီး လမ်းထိပ်မှာ မုန့်ဝယ်ချိန် မသင်္ကာလို့ စစ်ဆေးခဲ့ရာက သူတို့အဖွဲ့ကို ဖမ်းမိခဲ့တာ၊ ဒီအိမ်ပိုင်ရှင်က ဗိုလ်မှူး တစ်ယောက်လို့သိရပေမယ့်ဘင်္ဂါလီတွေ ဖမ်းမိမှုမှာ သူနဲ့ ပတ်သက်ဆက်နွယ်မှုရှိမရှိ မစစ်ဆေးရသေးလို့ အတည်မပြုနိုင်သေးဘူး” ဟု ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ဖမ်းမိခဲ့သော ဘင်္ဂါလီ အမျိုးသား ၁၇ ဦးမှာ ရန်ကုန်သို့ လွန်ခဲ့သည့် တစ်ပတ်ခန့်က ရောက်ရှိနေပြီး မလေးရှားနိုင်ငံသို့ တရားမဝင် ထွက်ခွာရန် ပြင်ဆင်နေစဉ် ရဲတပ်ဖွဲ့က ဖမ်းမိခဲ့ကြောင်း၊ အထောက်အထားမဲ့ ခိုးဝင်လာသော ၎င်းတို့ကို ရွှေပေါက်ကံ နယ်မြေရဲစခန်း(ပ) ၅၁၈/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၆၇/၃၇၀၊ ၁၉၄၉ ခုနှစ်၊ မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေ ၆(၂)/ ၆(၃) ဖြင့် အမှုဖွင့်အရေးယူထားပြီး ပွဲစားသုံးဦးကို ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရှိရသည်။

တာမွေမြို့နယ် ဦးလွန်းလမ်းတွင် ဖမ်းမိခဲ့သော ဘင်္ဂါလီအမျိုးသားများမှာ ရခိုင်ပြည်နယ် ကျောက်တော်မြို့ တင်းထောင်း ကျေးရွာတွင် နေထိုင်သော ပွဲစား အလီအာမက်က တစ်ဦးလျှင် ကျပ် ၁၅ သိန်းစီဖြင့် ခေါ်ဆောင်ပြီး မော်တော်ယာဉ်ဖြင့် ရန်ကုန်သို့ ခိုးဝှက်ပို့ဆောင်ခဲ့ကြောင်း၊ မလေးရှားနိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်နေစဉ် ဖမ်းမိခဲ့ကြောင်း၊ ဖမ်းမိသူများကို လဝက အက်ဥပဒေဖြင့် အရေးယူရန် စိစစ်နေပြီး လွတ်မြောက်နေသူနှင့် အခကြေးငွေယူ ပို့ဆောင်ပေးသူတို့ကို ဖမ်းမိရန် ဆက်လက်စုံစမ်းနေကြောင်း အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။ ■

---

## NEWS PHOTO




**ဆင်မကြီး မိုမို၏ ၆၃ နှစ်မြောက် မွေးနေ့ပွဲကို အောက်တိုဘာလ ၂၃ ရက်နေ့က ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ကျင်းပစဉ်။**




## The Voice Daily
## စာဖတ်ပရိသတ်များသို့ မေတ္တာရပ်ခံခြင်း

၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်ထွက်ရှိခဲ့သည့် The Voice Daily နေ့စဉ်သတင်းစာကို ယနေ့အထိတိုင် အားပေးဖတ်ရှုကြပါသော စာဖတ်ပရိသတ်များကို အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါသည်။

ယခုဆိုလျှင် သက်တမ်းသုံးနှစ်ကျော် လေးနှစ်နီးပါး ရောက်ရှိလာပြီဖြစ် သည့် The Voice Daily သတင်းစာ ဆက်လက် ရှင်သန်ရေးမှာ အထွေထွေ ကုန်ကျစရိတ် ကြီးမြင့်မှုကြောင့် များစွာ အခက်အခဲ ကြုံတွေ့နေရပါသည်။

သို့ပါသောကြောင့် လာမည့် နိုဝင်ဘာလ ၁ ရက်နေ့မှစတင်၍ The Voice Daily သတင်းစာ၏ ဖြန့်ချိဈေးနှုန်း ယခင် ၁၅၀ ကျပ်မှ ၁၉၀ ကျပ်သို့ လည်းကောင်း၊ အိမ်အရောက်ပို့ လပေးမှာယူဈေးနှုန်းကို တစ်လလျှင် ၅၀၀၀ ကျပ်မှ ၅၅၀၀ ကျပ်သို့ လည်းကောင်း တိုးမြှင့်ကောက်ခံသွားမည် ဖြစ်ပါကြောင်း လေးလေးစားစား ကြိုတင်အသိပေးအပ်ပါသည်။

**အယ်ဒီတာ**

# မုန်တိုင်းရှောင်ရန် ဧရာဝတီတိုင်းဒေသခံများ ကယ်ဆယ်ရေးစခန်းပြောင်း၊ ခရိုင်သုံးခုတွင် စာသင်ကျောင်းများပိတ်

**ပုသိမ်၊ အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ်၊ ပြင်ခရိုင်တိုက်နယ်အတွင်းရှိ အိမ်ထောင်စု ၃၀၀ ကျော်နှင့် ဟိုင်းကြီးကျွန်း၊ ရပ်ကွက်သုံးခုရှိ အိမ်ထောင်စု ၃၆ စုကို မုန်တိုင်းဒဏ်ခံအဆောက်အအုံနှင့် ဘုန်းကြီးကျောင်းများသို့ ရွှေ့ပြောင်းပေးနေကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမျိုးမင်းထွန်းက ပြောကြားသည်။

လပွတ္တာမြို့ပေါ်ရှိ ကယ်ဆယ်ရေးစခန်းများသို့ အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၃ နာရီအထိ စာရင်းအရ မုန်တိုင်းရှောင်သူ ၂၀၀၀ နီးပါးခန့်အထိ ရောက်ရှိနေပြီဖြစ်ကြောင်း လပွတ္တာမြို့ မုန်တိုင်းရှောင် ကယ်ဆယ်ရေးစခန်းများ ကြီးကြပ်မှု အဖွဲ့မှ သိရှိရသည်။

"တချို့ ပင်လယ်နဲ့နီးတဲ့ ရွာတွေကလည်း သက်ဆိုင်ရာ Cyclone Shelter တွေကို ရောက်နေကြပါပြီ၊ သဃ်န်းကြီးရွာ Shelter မှာ ၄၀၀၊ လေရွဲကြီးရွာ Shelter မှာ ၄၀၀၊ လေရွဲလေးရွာ Shelter မှာ ၂၀၀ ဝန်းကျင်လောက် ရောက်နေပြီ၊ ဒေသအတွင်း မုန်တိုင်းထိမယ့်နေရာတွေကို အဆက်အသွယ်လုပ်ပြီး ဘေးလွတ်ရာ ပို့ထားကြပါတယ်" ဟု မုန်တိုင်းရှောင် ကယ်ဆယ်ရေး အဖွဲ့မှ ဦးစိန်သန်းက ပြောသည်။

"လပွတ္တာ မြို့လေးထပ်ကျောင်း နဲ့ ဘုန်းကြီးကျောင်းတွေမှာ ကယ်ဆယ်ရေး စခန်းတွေ ဖွင့်ထားပြီးပါပြီ၊ ထွေ/အုပ်၊ လူမှုရေးအဖွဲ့အစည်း၊ နိုင်ငံရေးပါတီ မီးသတ်ဌာနဆိုင်ရာ ဝန်ထမ်းတွေပါတဲ့ အဖွဲ့တွေနဲ့ ကျေးရွာတွေ အရောက် ဆိုရှယ်မီဒီယာနဲ့ရော သတင်းချိတ်ဆက် ဆောင်ရွက်ထားပါတယ်" ဟုဦးစိန်သန်းက ဆိုသည်။


ဓာတ်ပုံ - ကိုကြီး (လပွတ္တာ)

လပွတ္တာမြို့ ကမ်းနားလမ်းတွင် ဆက်သွယ်ရေး စခန်းများ ဖွင့်ထားပြီး မုန်တိုင်းအန္တရာယ်အရေးပေါ်ကူညီကယ်ဆယ်ရေး အဖွဲ့ ၄ ဖွဲ့ဖြင့် လမ်းကြောင်း ၄ ကြောင်းမှ မုန်တိုင်းသင့်ဒေသသို့ပကတိအခြေအနေပေါ် မူတည်၍ သွားရောက်ရန် စီစဉ်ထားကြောင်း၊ ရေချိုနှင့် ရိက္ခာများအခက်အခဲဖြစ်သည့်ဒေသသို့ အချိန်မီ ပို့ရန် ကြိုတင်စီစဉ်၍ မုန်တိုင်းကို အသင့်စောင့်ကြည့်နေကြောင်း လပွတ္တာမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးကြူက The Voice သို့ပြောသည်။

လပွတ္တာမြို့နယ် ပြင်စလူတိုက်နယ်တွင်လည်း ကယ်ဆယ်ရေးစခန်းအခု ၂၀ ဖွင့်ထားပြီး ဒေသခံများ ပြောင်းရွှေ့နေထိုင်နိုင်ရေး ဆောင်ရွက်ပေးနေကြောင်း၊ အခြားဒေသများမှအိမ်ထောင်စုများမှာလည်း မုန်တိုင်းဒီရေကာင်းလွတ်မည့်ကုန်းမြင့်ဒေသများသို့ ပြောင်းရွှေ့နေကြပြီဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

ထို့ပြင် မုန်တိုင်းသတိပေးချက် ထုတ်ပြန်ထားသည့်ပုသိမ်၊ ဖျာပုံနှင့် လပွတ္တာခရိုင်များအတွင်းရှိ စာသင်ကျောင်းများကိုလည်း အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ ပိတ်ထားပြီး ကျန်ခရိုင်များအတွင်းရှိ စာသင်ကျောင်းများတွင် အန္တရာယ်ကျရောက်နိုင်ပါက ကျောင်းများကိုပိတ်ထားနိုင်ကြောင်း တိုင်းပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအမ်ဘရိုစ်က ပြောကြားသည်။

မုန်တိုင်းကျရောက်ပါက အရေးပေါ်လိုအပ်မည့်စားနပ်ရိက္ခာများနှင့်ကယ်ဆယ်ရေးပစ္စည်းများကို အိမ်ထောင်စု ၄၀၀၀ စာ သိုလှောင်ထားပြီး ဖြစ်ကာ အရန်ဆန်များကို မုန်တိုင်းသတိပေးချက်ထုတ်ပြန်ထားသည့် မြို့နယ်များသို့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များညှိနှိုင်း၍ ပို့ဆောင်ထားကြောင်း တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှူး ဦးသန်းစိုးက ပြောကြားသည်။

ထို့ပြင်ပုသိမ်မြို့မှ ပင်လယ်ဘက်ကျေးရွာများသို့ထွက်ခွာနေသည့်ရေယာဉ်နှင့် သင်္ဘောလိုင်းများအားလုံးကိုလည်း အောက်တိုဘာလ ၂၅ ရက် နေ့အထိ ပိတ်ထားကြောင်း ပုဂ္ဂလိကရေယာဉ်ပိုင်ရှင်များအသင်းမှ ဦးတိုင်းအောင် ကပြောဆိုသည်။

မော်လမြိုင်ကျွန်းမြို့ပေါ်တွင် အုပ်ချုပ်ရေးနှင့်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့များက မုန်တိုင်းအန္တရာယ်လိုက်လံနှိုးဆော်ပေးနေပြီး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အကြောင်းကြားထားကြောင်း မော်လမြိုင်ကျွန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေယံထွန်း က ဆိုသည်။ ■




# ဆိုင်ကလုန်းမုန်တိုင်း ဖြတ်သန်းစဉ် မုန်တိုင်းဒီရေ ၁၀ ပေအထိ တက်မည်

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသည့် ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာ့ကမ်းရိုးတန်း(မြစ်ဝကျွန်းပေါ်ဒေသ) အနီးသို့ ရောက်ရှိစဉ်တွင် မုန်တိုင်းအရှိန်ကြောင့် လေပြင်းများတိုက်ခတ်နိုင်ပြီး မုန်တိုင်းဒီရေမှာ ၁၀ ပေအထိ မြင့်တက်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။

ယင်းမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာ့ကမ်းရိုးတန်း(မြစ်ဝကျွန်းပေါ်ဒေသများ)နှင့် နီးကပ်နေသည့်အတွက် အနီရောင်အဆင့် သတ်မှတ်ထားပြီး နောက် ၁၂ နာရီအတွင်း (အောက်တိုဘာလ ၂၄ ရက်နေ့) နံနက်ဝန်းကျင်တွင် မြစ်ဝကျွန်းပေါ်ဒေသအနီးသို့ ရောက်ရှိမည်ဖြစ်ကြောင်း အဆိုပါဌာနက ခန့်မှန်းထားသည်။

"အားကောင်းလာရင် မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ကမ်းရိုးတန်းတောင်ပိုင်းဒေသတွေမှာ အမြင့်ဆုံးလေတိုက်နှုန်း တစ်နာရီမိုင် ၄၀ ကနေ ၅၀ လောက်အထိ တိုက်ခတ်နိုင်မယ်။ မုန်တိုင်းအန္တရာယ်လျော့ပါးရေးအတွက် သက်ဆိုင်ရာက ထုတ်ပြန်မယ့် အကြံပြုချက်တွေကို ဆောင်ရွက်သင့်တယ်။ မိုး/ဇလဌာနကတော့ မုန်တိုင်းအခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့်ထုတ်ပြန်ပေးသွားမယ်"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ဆိုသည်။

အဆိုပါမုန်တိုင်းငယ်သည် အားကောင်းလာပြီး မြန်မာ့ကမ်းရိုးတန်း (မြစ်ဝကျွန်းပေါ်ဒေသ)အနီးသို့ ယင်းနေ့တွင် ရောက်ရှိစဉ် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တောင်ပိုင်းတို့တွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည့်အပြင် မုန်တိုင်းဒီရေအမြင့်ဆုံးမှာ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်နှင့် ရခိုင်ပြည်နယ်တောင်ပိုင်း၊ သံတွဲခရိုင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်အထိ မြင့်တက်နိုင်ကြောင်း အဆိုပါဌာနက သတိပေးထားသည်။

ထို့ပြင် မုန်တိုင်းအရှိန်ကြောင့် အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၇ ရက်နေ့အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး နေရာကွက်၍ မိုးကြီးနိုင်သည့်အပြင် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်ဖြစ်ကာ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်ကြောင်း ယင်းဌာနထံမှ သိရသည်။

လက်ရှိ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသည့် မုန်တိုင်းငယ်သည် အောက်တိုဘာလ ၂၃ ရက်နေ့ တိုင်းထွာချက်များအရ ကိုကိုးကျွန်း၏မြောက်-အနောက်မြောက်ဘက် ၈၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ၈၅ မိုင်ခန့်၊ ပုသိမ်မြို့၏ အနောက်တောင်ဘက် ၁၂၅ မိုင်ခန့်၊ ဂွမြို့၏ တောင်-အနောက်တောင်ဘက် ၁၅၅ မိုင်၊ ရန်ကုန်မြို့၏ အနောက်တောင်ဘက် ၂၀၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေကြောင်း၊ အဆိုပါမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဦးတည်နေပြီး နောက် ၁၂ နာရီအတွင်း မြစ်ဝကျွန်းပေါ်ဒေသအနီးကို ရောက်ရှိ၍ ပြန်ကွေ့ကာ မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု အဆိုပါဌာနက ခန့်မှန်းထားသည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် မြစ်ဝကျွန်းပေါ်ဒေသအနီးမှ ဖြတ်သန်းကာကွေ့၍ မြောက်ဘက်သို့တက်မည်ဖြစ်ပြီး ယင်းမုန်တိုင်းဖြတ်သန်းစဉ် အောက်တိုဘာလ ၂၅ ရက်နေ့ နံနက်အထိ မုန်တိုင်းညာဘက်ခြမ်း စက်ဝန်းအတွင်း ကျရောက်နေသည့် မြန်မာနိုင်ငံတွင် မိုးကြီး၊ လေကြီးကျရောက်မည်ဖြစ်ပြီး မုန်တိုင်းအားပိုကောင်းလာပါက ကုန်းတွင်းဒေသများတွင် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်မည်ဖြစ်ကြောင်း ရာသီဥတု၊ မိုးလေဝသနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ လေ့လာတင်ပြနေသည့် MMweather Page တွင် ဖော်ပြထားသည်။

အဆိုပါမုန်တိုင်းငယ်အရှိန်ကြောင့် မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းဖြစ်ပေါ်နိုင်ရာ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများသည် မြေပြိုမှုအန္တရာယ်အပြင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များတွင် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ယင်းအနီးနေထိုင်ကြသူများသည် ကြိုတင်သတိပြု နေထိုင်ကြရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ ပြည်တွင်းရေကြောင်း သွားလာရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီးကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် သင်္ဘောများသည် သတိပြုထွက်ခွာရန် လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက အကြံပြုထားသည်။

ထို့ပြင် ယင်းမုန်တိုင်းသည် အောက်တိုဘာလ ၂၄ ရက်နေ့တွင် မြောက်ဘက်သို့ ဦးတည်ရွေ့လျားမည်ဖြစ်ပြီး လေတိုက်နှုန်းနှင့် လှိုင်းအမြင့် ပြန်လည်ကျဆင်းကာ အောက်တိုဘာလ ၂၄ ရက်နေ့ညပိုင်းနှင့် ၂၅ ရက်နေ့နံနက်တို့တွင် အန္တရာယ်ကင်းသည့် လေတိုက်နှုန်းနှင့် လှိုင်းအမြင့်အခြေအနေသို့ ရောက်ရှိမည်ဖြစ်ပြီး ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသများကို မုန်တိုင်းဖြတ်သန်းဝင်ရောက်မည့် အလားအလာ နည်းပါးသွားနိုင်ကြောင်း MMweather Page က ကြေညာထားသည်။ ■




ဓာတ်ပုံ-အောင်ခိုင်

# တိုင်းအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရသေးဘဲ ယာဉ်စီးခ ကျပ် ၃၀၀ ကောက်ခံမှုများရှိ

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

ရန်ကုန်၌ ပြေးဆွဲနေသော ယာဉ်စီးခ နှုန်းထား ပြောင်းလဲကောက်ခံရန်နှင့် အဲယားကွန်းတပ်ဆင်ပြေးဆွဲရန်လျှောက်ထားသည့်ယာဉ်လိုင်းများသည် တိုင်းအစိုးရအဖွဲ့၏ခွင့်ပြုချက်မရသေးဘဲယာဉ်စီးခကျပ်၃၀၀ ကောက်ခံမှုများရှိနေကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု (ဗဟို)ကော်မတီထံမှ သိရသည်။

"ဝန်ဆောင်မှု ကောင်းအောင်လုပ်တာကြိုဆိုပါတယ်။ သို့သော်ခွင့်ပြုချက်မရှိဘဲယာဉ်စီးခပိုတောင်းတာ မဖြစ်သင့်ဘူး။ အခု ယာဉ်ပိုင်ရှင်တွေကို အမိန့်ရရှိအောင် ခေတ္တစောင့် ခိုင်းထားတယ်" ဟု မော်တော်ယာဉ်လုပ်ငန်း ပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု(ဗဟို)ကော်မတီဥက္ကဋ္ဌ ဦးလှအောင်က ဆိုသည်။

အဲယားကွန်းဘတ်စ်ကားဟူ၍ တပ်ဆင်ထားပြေးဆွဲသည့် ယာဉ်လိုင်းအနေနှင့်သက်ဆိုင်ရာ အစိုးရအဖွဲ့ထံ လျှောက်ထား ဆောင်ရွက်ခြင်းဖြစ်သောကြောင့် လိုက်နာရမည့်အချက်များကို လိုက်နာရန်သင့်ကြောင်း ၎င်းကပြောကြားသည်။

"လက်ရှိအခြေအနေဖြစ်တဲ့ပြည်သူအသံ၊ ယာဉ်ပိုင်ရှင်တွေရဲ့အသံကို တိုင်းအစိုးရအဖွဲ့ကို ထပ်တင်ထားတယ်" ဟု ဦးလှအောင်ကဆိုသည်။

အဲယားကွန်း တပ်ဆင်ပြေးဆွဲခြင်းနှင့်ပတ်သက်ပြီး တားမြစ်ခြင်း၊ ခွင့်ပြုခြင်းကို မထသ(ဗဟို)ကော်မတီမှ ဆောင်ရွက်နိုင်ခြင်း မရှိ၍ တိုင်းအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ပြေးဆွဲရမည်ဖြစ်ကြောင်း၊ ခွင့်ပြုချက် မရှိဘဲ ယာဉ်စီးခပိုတောင်းခြင်းကိုသာ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

တိုင်းအစိုးရအဖွဲ့ထံ အဲယားကွန်း ပြောင်းလဲတပ်ဆင်ပြေးဆွဲရန်တင်ပြထားသည့် ယာဉ်လိုင်းမှာ ၃၄ ယာဉ်ကြီး၊ ၃၁ ယာဉ်ကြီး၊ ၅၇ ယာဉ်ကြီး၊ ၄၅ယာဉ်ကြီး၊ ၃၆ မီနီဘတ်စ်ယာဉ်တို့ဖြစ်ပြီး ၃၁ ယာဉ်လိုင်း၊ ၃၄ယာဉ်လိုင်းတို့သည် ယာဉ်စီးခ ပိုတောင်းမှုဖြင့် တိုင်ကြားခံထားရကြောင်း မထသ(ဗဟို)ကော်မတီထံမှ သိရသည်။

အဲယားကွန်း တပ်ဆင်ပြေးဆွဲထားသည့်ဆိုကာ ဂိတ်စဂိတ်ဆုံးစီးလျှင် ကျပ် ၃၀၀ တိုးမြှင့်ကောက်ခံနေပြီး အစိုးရ၏ ခွင့်ပြုချက်ဖြင့် တရားဝင်ကောက်ခံပါက ခရီးသည်တင်ယာဉ်စီးနင်းသည့်အခါ စိတ်ကျေနပ်မှု ရှိမည်ဖြစ်သော်လည်း လက်ရှိတွင် ယာဉ်စီးခများကို သတ်မှတ်တန်ဖိုးအတိုင်း ပေးဆောင်ရခြင်း မရှိခြင်းကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ကြောင်း အဲယားကွန်းတပ်ဆင်ပြေးဆွဲသည့် ၃၁ ယာဉ်လိုင်းကိုစီးနင်းခဲ့သူ အမျိုးသားတစ်ဦးက ပြောကြားသည်။

လက်ရှိတွင် ခရီးသည်တင်ယာဉ်လိုင်းများအနေနှင့် လိုင်းချိန်ပြင်ပဖြစ်သည် ညနေ ၆ နာရီကျော်ချိန်တွင် ဘီအမ်ယာဉ်၊ ဒိုင်နာယာဉ်၊ မီနီဘတ်စ်ယာဉ်များသည် ယာဉ်စီးခ ကျပ် ၃၀၀၊ ၅၀၀ ကောက်ခံမှုများရှိပြီး အဆိုပါကောက်ခံမှုများကို အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း ဦးလှအောင်က ပြောကြားသည်။

အောက်တိုဘာလ ၁ရက်မှ ၁၅ ရက်အထိ တိုင်ကြားမှု ၈၆ ကြိမ်ရှိပြီး ယာဉ်စီးခပိုတောင်းခြင်း ၅၄ မှု၊ ဂိတ်စဂိတ်ဆုံး မမောင်းခြင်း ခုနစ်မှုရှိကြောင်း၊ အဆိုပါတိုင်ကြားမှုတွင် အဲယားကွန်တပ်ဆင်ပြေးဆွဲသည့်ယာဉ်လိုင်းများ ပါဝင်ကြောင်း၊ စက်တင်ဘာလတွင် တိုင်ကြားမှု ၁၆၈ ကြိမ်ရှိပြီး ယာဉ်စီးခပိုတောင်းခြင်း ၁၂၈ မှု၊ ဂိတ်စဂိတ်ဆုံးမမောင်းခြင်း ၁၁ မှုရှိကြောင်း မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှု(ဗဟို)ကော်မတီထံမှ သိရသည်။ ■

# ကိုကိုးကျွန်း မိုးရေချိန်စံချိန်သစ်တင်

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

ဆိုင်ကလုန်းမုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ကိုကိုးကျွန်းသည် အောက်တိုဘာလ ၂၃ ရက်နေ့တွင် မိုးရေချိန်စံချိန်သစ် တင်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ကြေညာချက်ထုတ်ပြန်သည်။

အဆိုပါမိုးရေချိန် စံချိန်သစ်မှာ ၁၃၃ မီလီမီတာ ၅ ဒသမ ၂၅ လက်မဖြစ်ပြီး ယခင်စံချိန်ဟောင်းမှာ ၉၂ မီလီမီတာ ၃ ဒသမ ၆၂ လက်မဖြစ်ပြီး စခန်းစဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သည့်နှစ်ပေါင်း ၅၇ နှစ်အတွင်း အမြင့်ဆုံးစံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဌာနထံမှ သိရသည်။ ■

# FMI အိမ်ရာဝင်းတွင် လုံခြုံရေးဝန်ထမ်းချင်း ဓားဖြင့်ထိုး

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

လှိုင်သာယာမြို့နယ်၊ အမှတ်(၄) ရပ်ကွက်ရှိ FMI အိမ်ရာဝင်းတွင်း အောက်တိုဘာလ ၂၀ ရက် ည ၉ နာရီခွဲက လုံခြုံရေးဝန်ထမ်း အချင်းချင်း စကားများရာမှ အသက် ၂၉ နှစ်အရွယ် လုံခြုံရေး ဝန်ထမ်းအမျိုးသားတစ်ဦး ဓားဖြင့် ထိုးခံရကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

ဓားထိုးခံရသူ လုံခြုံရေး ဝန်ထမ်း ကိုမင်းသိန်းမှာ ယင်းညက လုံခြုံရေး တာဝန်ဆောင်ရွက်နေစဉ် အသက် ၂၄ နှစ် အရွယ် လုံခြုံရေး ဝန်ထမ်းကိုတင်မိုးအောင်နှင့် အလုပ်တာဝန်ချိန် ခွဲရာမှ နှစ်ဦးစကားများရန်ဖြစ်ခဲ့ကြောင်း၊ ယင်းနောက် ကိုတင်မိုးအောင်က ၎င်း၏ ညာဘက်ရင်အုံ၊ ရင်ညွန့်နှင့် ဘယ်ဘက်ချိုင်းအောက်တို့ကို ဓားဖြင့်ထိုးသွင်းကာ ထွက်ပြေး တိမ်းရှောင်ခဲ့ကြောင်း လှိုင်သာယာမြို့မ ရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

"ဓားထိုးမှု ကျူးလွန်ခဲ့တဲ့ လုံခြုံရေးဝန်ထမ်းက လှိုင်သာယာမြို့နယ် အမှတ်(၃) ရပ်ကွက်မှာ နေထိုင်သူလို့ သိရတယ်၊ သူ့ကိုအခုထိ မမိသေးဘူး"ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ထွက်ပြေးတိမ်းရှောင်နေသော လုံခြုံရေး ဝန်ထမ်းအမျိုးသားကို လှိုင်သာယာ မြို့မရဲစခန်းက (ပ) ၂၂၅၆/၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့် စုံစမ်းဆောင်ရွက်နေကြောင်း ယင်းရဲစခန်းထံမှ သိရှိရသည်။ ■

# ခင်ပွန်းက ခေါ်ခိုင်းသည်ဟုဆိုကာ လိမ်ခေါ်၍ အဓမ္မကျင့်

**တောင်ငူ၊ အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် သပြေလှကျေးရွာမှ အသက် ၁၉ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို ခင်ပွန်းသည်က ခေါ်ခိုင်းသည်ဟုဆိုကာ လိမ်ညာခေါ်ယူခဲ့ပြီး အဓမ္မပြုကျင့်မှု အောက်တိုဘာလ ၁၉ ရက်နေ့ည ၈ နာရီက ဖြစ်ပွားခဲ့ကြောင်း ဖြူးမြို့နယ် ရဲစခန်းထံမှ သိရသည်။

တစ်နယ်တစ်ကျေးတွင် အလုပ်လုပ်နေသည့် ခင်ပွန်းသည်က ခေါ်ဆောင်ခိုင်းလိုက်သည်ဟု လိမ်ညာပြောဆိုကာ တစ်ရွာတည်းနေ အမျိုးသားတစ်ဦးက အလိုမတူဘဲ သားမယားအဖြစ်ပြုကျင့်ခဲ့သောကြောင့် အောက်တိုဘာလ ၂၂ ရက်နေ့က ဖြူးမြို့မရဲစခန်းတွင် အမှုဖွင့် တိုင်ကြားခဲ့ခြင်းဖြစ်သည်ဟု အဆိုပါရဲစခန်းမှူး ဒုရဲမှူး စံလှက ပြောကြားသည်။

"အခင်းဖြစ်တဲ့အချိန်မှာ ခင်ပွန်းသည်က ရန်ကုန်မှာအလုပ်လုပ်နေတာ။ ခြံနီးချင်းဖြစ်တဲ့ အမျိုးသားရဲ့စကားကို ယုံပြီး ရွာပြင်ကို လိုက်သွားတဲ့အချိန်မှာ အဓမ္မပြုကျင့်ခံရတာလို့သိရတယ်။ အခင်းဖြစ်တဲ့အချိန်ဝတ်တဲ့ အဝတ်အစားတွေကို ဓာတုဗေဒဝန်ရုံးကိုပို့ဖို့ လုပ်နေတယ်" ၎င်းက ရှင်းပြသည်။

အလိုမတူဘဲ အဓမ္မပြုကျင့်ခံရသူမှာ ဖြူးမြို့နယ် သပြေလှကျေးရွာမှ အမျိုးသမီးဖြစ်ပြီး တစ်ရွာတည်းတွင်နေထိုင်သည့် အသက် ၃၇ နှစ် အရွယ်ရှိ ဦးကျော်မင်းဆိုသူက အဓမ္မပြုကျင့်ခဲ့ခြင်းဖြစ်ကြောင်း ဖြူးမြို့မရဲစခန်း၏ ကနဦးစစ်ဆေးချက်များအရ သိရသည်။

"ရန်ကုန်မှာအလုပ်နေတဲ့ ခင်ပွန်းက အမှုဖွင့်ခိုင်းတဲ့အတွက် အောက်တိုဘာ ၂၂ ရက်နေ့မှာ အမှုလာဖွင့်တာ။ ကျူးလွန်တယ်လို့ စွပ်စွဲခံရတဲ့ အမျိုးသားက တိမ်းရှောင်နေပါတယ်"ဟု ဖြူးမြို့မရဲစခန်းမှ အမှုစစ်ရဲအရာရှိတစ်ဦးက ပြောကြားသည်။

လက်ရှိအချိန်၌ သပြေလှ ကျေးရွာမှ ဦးကျော်မင်းဆိုသူကို ဖြူးမြို့မ ရဲစခန်းက (ပ) ၆၉၅/၂၀၁၆ ရာဇသတ်ကြီး ပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်ထားပြီး ဖမ်းဆီးရမိရေးအတွက် စုံစမ်းနေကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။ ■


အလိုရှိသည်

အမျိုးသမီးဝန်ထမ်း (၅)ဦး

စိန်ကမ္ဘာရှည်မှုင်စက်ရုံ

A-4(a)၊ ၆၂လမ်း၊ သာစေရနယ်လမ်း၊ ငွေတော်ကျိုကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊

Ph: 09-6501608, 09-6808176, 02-5154824

# E D I T O R I A L

# သံစဉ်အသစ်၊ တီးလုံးအသစ်နှင့် ကြားနေကျ သီချင်းတစ်ပုဒ်

ယမန်နေ့က နေပြည်တော်၌ ကျင်းပခဲ့သော အစိုးရ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများ ရှင်းလင်းပွဲတွင် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များ မျှော်လင့်နေသည့် အသေးစိတ် မူဝါဒရေးရာများထက် ကနဦး ထုတ်ပြန်ထားသော စီးပွားရေးမူဝါဒ ၁၂ ချက်ကို အကျယ်သဘော ရှင်းလင်းခြင်း၊ လိုအပ်ချက်များအပေါ် အကြံပြုခြင်းနှင့် ရည်မှန်းချက်၊ ခံယူချက်၊ ရပ်တည်ချက်ပိုင်းဆိုင်ရာများ၊ စံနှုန်းများကို အသားပေးရှင်းလင်းသွားခြင်းများသာဖြစ်ခဲ့သည်။

ခံယူချက်၊ ရပ်တည်ချက်အပိုင်းတွင် မြန်မာ့စီးပွားရေးကို ကမ္ဘာကသိရန် ဖြောင့်မှန်စွာ လုပ်ဆောင်ရမည်ဆိုသော ဒေါ်အောင်ဆန်းစုကြည်၏ ပြောစကားမှာ အာဏာရှင်စနစ်အောက်တွင် နည်းလမ်းအမျိုးမျိုးဖြင့် နိုင်ငံ၏ အခြေအနေနှင့်မလျော်ညီစွာ အဆမတန် ကြီးထွားလာခဲ့သော မြန်မာစီးပွားရေးလုပ်ငန်းရှင်များကို တစ်နည်းတစ်ဖုံ သတိပေးနေသည့်သဘောဟု ယူဆဖွယ်ရာရှိသည်။

ထူးခြားချက်အနေနှင့် ဒေါ်အောင်ဆန်းစုကြည်က အစိုးရသစ်အုပ်ချုပ်ရေးတာဝန်ယူပြီး ခြောက်လအတွင်း မြန်မာ့စီးပွားရေးတိုးတက်မှု နှေးကွေးကြောင်း ဝန်ခံသွားခဲ့ခြင်းနှင့် အစိုးရသစ်၏ စီးပွားရေးမူဝါဒများ ရှင်းလင်းပြတ်သားမှုမရှိကြောင်း ပြောဆိုချက်များကို သိရှိကြောင်း၊ ၎င်းကိုယ်တိုင်လည်း မူဝါဒများကို ပြောဆိုရသည်မှာ အားရကျေနပ်မှုမရှိကြောင်း ပွင့်ပွင့်လင်းလင်း ပြောဆိုသွားခဲ့ခြင်းဖြစ်သည်။

နောက်ထပ် ထူးခြားချက်မှာ ယခင်အခမ်းအနားတက်ရောက်ရန် ဖိတ်ကြားရာတွင် အခွန်ထမ်းဆောင်မှု အများဆုံးပမာဏအလိုက် လုပ်ငန်းရှင်များကို အစဉ်အတိုင်း ဖိတ်ကြားခြင်းဖြစ်သော်လည်း ယင်းစာရင်းတွင် မပါဝင်သော အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏မြေး နေရွှေသွေးအောင် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းသွားကြသော်လည်း ကုန်ခဲ့သည့်ငါးနှစ်သက်တမ်းကာလနှင့် ယင်းမတိုင်မီကာလများက အခြေအနေများ၊ လိုအပ်ချက်များ၊ အကြံပြုချက်များနှင့် များစွာ မကွာခြားလှပေ။

မြန်မာ့စီးပွားကဏ္ဍ ဖွံ့ဖြိုးရေးအလို့ငှာ ရေတိုနှင့် ရေရှည်အတွက် တိကျ၊ ခိုင်မာ၊ ထူးခြား ၊ ပြတ်သားသော မူဝါဒ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူများ ချက်ချင်းဆုံးဖြတ်ချက်ချနိုင်မည့် ဆွေးနွေးမှုများ မတွေ့ရသေးကြောင်း ပြောဆိုမှုများရှိခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး မစ္စတာရောဘတ်ချွားပြောဆိုသွားခဲ့သော အကြံပြုချက်များမှာမူ လက်ရှိအစိုးရအတွက်ရော စီးပွားရေးလုပ်ငန်းရှင်များအတွက်ပါ အထူးသတိပြုဖွယ် အဖိုးတန်အချက်များ ဖြစ်သည်။

စင်ကာပူသံအမတ်ကြီးက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ ဖြိုးတိုးတက်စေရန်မှာ စိတ်ချယုံကြည်ရသော သတင်းအချက်အလက် အားနည်းခြင်း၊ ရင်းနှီးမြှုပ်နှံခွင့်ပြုလုပ်ငန်းများ စီစဉ်ဆောင်ရွက်မှုနှင့် အခြေခံအဆောက်အဦဆိုင်ရာလုပ်ငန်းများ စီမံဆောင်ရွက်မှုအဆင့်ဆင့်တို့တွင် နှေးကွေးလေးလံခြင်း၊ ပြည်ဝင်ခွင့် ဗီဇာခက်ခဲကာ ရက်တိုတောင်းခြင်းတို့ဖြစ်ကြောင်း ထောက်ပြအကြံပြုသွားခဲ့သည်။

သို့သော် ၎င်း၏ အကြံပြုချက်မှာ လက်ရှိအစိုးရအပြင် ယခင်အစိုးရများ၏ အားနည်းချက်ကို ကွက်ကွက်ကွင်းကွင်း ပေါ်လွင်နေသောကြောင့်ပင်လောမသိနိုင်ဘဲ ပုဂ္ဂလိကသတင်းမီဒီယာအချို့တွင်သာ ဖော်ပြခဲ့ပြီး နိုင်ငံပိုင်အစိုးရအာဘော်သတင်းစာများတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိခဲ့ခြင်းမှာမူ နားမလည်နိုင်စရာ ဖြစ်ခဲ့သည်။

မည်သို့ပင်ဖြစ်စေ ငြိမ်းချမ်းရေးနည်းတူ အရေးကြီးသောကြောင့် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အကောင်အထည်ဖော်ရမည့် စီးပွားရေးနယ်ပယ်ကို အစိုးရအဖြစ်တာဝန်ယူပြီး ခြောက်လအကြာတွင် ယခုကဲ့သို့ အခမ်းအနားဖြင့် ရှင်းလင်းပြောဆိုခြင်း၊ အကြံပြုချက်များကို နားထောင်ခြင်းမှာ ဒေသတွင်းတွင်ရော ကမ္ဘာပေါ်တွင်ပါ ပြိုင်ဆိုင်မှုအပြင်းထန်ဆုံး နယ်ပယ်တစ်ခုအတွက် ကြားနေကျ သီချင်းကို သံစဉ်အသစ်ဖြင့် တီးခတ်လိုက်သကဲ့သို့ အပေါင်းလက္ခဏာဆောင်သော မျှော်လင့်ချက်ရောင်ခြည်တစ်ခုဟု မှတ်ယူရမည်ဖြစ်သည်။

**အယ်ဒီတာ ( ၂၃ - ၁၀ - ၂၀၁၆ )**

# တစ်လမ်းမောင်းစနစ် သတ်မှတ်ပြီးနောက် ထားဝယ်ဈေးကြီးနှင့် အနီးတစ်ဝိုက်ဆိုင်များ ရောင်းအား ထိုးကျ

**ထားဝယ်၊ အောက်တိုဘာ ၂၃**

ထားဝယ် စည်ပင်သာယာဈေး တစ်ဖက်တစ်ချက်ရှိ ဈေးတောင်ဘက်လမ်းနှင့် အာဇာနည်လမ်းတစ်ပိုင်းအား အောက်တိုဘာ ၈ ရက်မှစပြီး တစ်လမ်းမောင်းစနစ် သတ်မှတ်ပြီးချိန်မှစ၍ ဈေးကြီးအတွင်းနှင့် ဈေးတစ်ဝိုက်ဆိုင်များ ရောင်းအား ထိုးကျသွားကြောင်း ဈေးဆိုင်ရောင်းချသူ များထံမှ သိရသည်။

တစ်လမ်းမောင်းစနစ်ကြောင့် စိတ်ရှုပ်ထွေးရခြင်း၊ ကား၊ သုံးဘီးများ ပစ္စည်းအတင်အချ အဆင်မပြေတော့ခြင်းတို့ကြောင့် ဈေးဝယ်သူများက လိုအပ်သည့် ပစ္စည်းများကို အခြားနီးစပ်ရာ နေရာများတွင်သာ ရှာဝယ်သွားကြတော့သဖြင့် ယခုကဲ့သို့ ရောင်းအား ထိုးကျသွားခြင်း ဖြစ်သည်ဟု ၎င်းတို့က ဆိုကြသည်။

"အရင်ကနဲ့ စာရင် ၅ ပုံ မှာ ၁ ပုံ လောက်ပဲ ရောင်းရတော့တယ်၊ လမ်းမှာ သူတို့ (ယာဉ်ထိန်းရဲနှင့် တာဝန်ကျ ပြည်သူ့ရဲများ)က ဟိုဆီး ဒီဆီး ဆီးနေကြတော့ လူတွေ ဘယ်ကဝင်ပြီး ဘယ်ကို ထွက်ရမှန်းမသိကြဘူး၊ ဒီတော့ နီးရာမှာဝယ်ပြီး ပြေးကြတာပေါ့" ဟု ဈေးတောင်ဘက် လူရိုင်းခေါင်း ကုန်မာနှင့် စက်ပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူ တစ်ဦးက ဆိုသည်။

ကားဖြင့်နယ်မှလာသည့်ဖောက်သည်များကလည်း ကားရပ်သည့် နီးစပ်ရာ နေရာများတွင်သာ ဝင်ဝယ်သွားကြပြီး မလိုအပ်လျှင် ဈေးကြီးသို့ပင် မလာကြတော့ကြောင်း ဈေးအတွင်း ကုန်စုံဆိုင်ပိုင်ရှင် အမျိုးသမီးတစ်ဦးက ပြောကြားသည်။

"ကားဂိတ်နားက ဆိုင်တွေ လက်မလည်အောင် ဘောက်ချာဖြတ်နေရချိန်မှာ ကျွန်မတို့က မရောင်းရဘဲ ငုတ်တုတ် ထိုင်နေရတယ်" ဟု ယင်း ကုန်စုံဆိုင်ပိုင်ရှင်က ဆိုသည်။

ဈေးအရှေ့ဘက်လမ်းရှိ သံတန်ဆာဆိုင်ရှင်ကမူ ယခင်က ၃ သိန်းဖိုးခန့် ရောင်းရသည့်နေ့မျိုးတွင် ယခု ၁ သိန်းဖိုးပင် မရောင်းရတော့ဟု ဆိုသည်။

Dawei Watch မှ ပြုလုပ် သည့် စစ်တမ်းအရ တစ်လမ်းမောင်း စနစ် မလိုသေး၊ စည်းကမ်းမဲ့မှုကြောင့် ယာဉ်ကြောကျပ်နေ သည့် နေရာများကို ကြပ်မတ်ရန်သာ လိုသေးသည်ဟူသည့် ထင်မြင်ယူဆချက် အပေါ် လူ ၁၀၀ တွင် သဘောတူသူ ၇၄ ဦးရှိခဲ့သည်။

■ **Dawei Watch**

The VOICE Daily

CARTOON




The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief -** Kyaw Min Swe, **Editor in Charge -**Kyaw San Min , **Senior Executive Editors -** Thiri Zaw, Aung Soe,
**Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors -** Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin ,
**Graphic Editors -** Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP) -** Ma Khine, **Designer -** Saw Elijah, **Design & DTP -** Cho Cho Zin, Hnin Si.
**Senior Reporters -** Aung Htet ,Thant Zin Oo, Khaing Soe Lin , Hein Myat Soe, Mg Man @ Myo Myint Aung.
**Reporters -** Aung Thiha Tun, Nay Zar Kyaw, Pyae Phyo Aung , Sithu Aung Myo Kyaw , Khine Cherry Tun, San San Htwe, Kyaw Soe Oo, Pwint Zin Maw Hein, Su Lay Ngone, Thet Shine Thu, Nilar Myint, Thida Swe.
**Mandalay Reporters -** Ye Win Naing, Nay Lin, Yan Moe Naing, Myat Min, Aung Phyo, Than Pe Thar.
**Regional Reporters -** Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nyan Soe Win, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Myat Ko, Slai Yaw Zin, Ma Ma, Lwin Mar Aung, Myat Thu Tun (Poe Thiha), Paw Oo, Khin May San.
**Photographer -** Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution -** Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team-** thevoicewebteam@gmail.com,
**Website -** www.thevoicemyanmar.com, **Office -** No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone –** 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines –** 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

TIPS



# အွန်လိုင်းမှာ ကျော်ကြားသူ တစ်ယောက်ဖြစ်ဖို့ ဘယ်လိုလုပ်မလဲ

လူငယ်တချို့က အွန်လိုင်းမှာ ကျော်ကြားချင်ကြတယ်။ သူတို့စကားအရဆိုရင် Cele ဖြစ်ချင်တယ်ပေါ့။ ဒီလိုပါပဲ လူကြီး တချို့ကလည်း အွန်လိုင်းမှာ ကျော်ကြားချင်ကြပြန်ပါသေးတယ်။ ဒီတော့ လူငယ်တွေက ကျော်ကြားချင်ရင် အဖော်အချွတ်ပေါ့။ လူကြီးတွေက ကျော်ကြားချင်ရင် ဆဲရေးတိုင်းထွာပေါ့။ ဒီလိုတွေ လုပ်လာကြတာ မြင်ရတယ်။ အရင်အစိုးရကို ဆဲရေးတိုင်းထွာပြီး နာမည်ကျော်ကြားမှုကို ရှာဖွေခဲ့တဲ့သူတွေလည်း အများကြီး တွေ့နိုင်ပါတယ်။ ဒါတွေက ကောင်းသလားလို့မေးလာရင် လုံးဝ မကောင်းဘူးလို့ပဲ ဖြေရမှာပါ။ ဒီလို မဟုတ်ဘဲ ဘယ်လိုနည်းတွေနဲ့ ကျော်ကြားသူ တစ်ယောက် ဖြစ်လာနိုင်ဦးမလဲ လေ့လာကြည့် ရအောင်။

**ဘာတွေ သိချင်နေကြသလဲ**

လူမှုကွန်ရက် ဖေ့ဘွတ်ဆိုပါတော့။ ဒီပေါ်မှာ ကိုယ့်သူငယ်ချင်း တွေထဲက လူတွေ ဘာတွေကို သိချင်နေကြသလဲ။ သူတို့ တကယ် သိချင်နေတဲ့ အကြောင်းအရာမျိုးကို ဖော်ပြပေးပါ။ သတင်းမီဒီယာ တွေဆီကနေ ကူးယူဖော်ပြတာဆိုရင် Credit ပြန်ညွှန်ပေးဖို့ မမေ့ပါနဲ့။ ကိုယ်တိုင်ရေးတာ ဆိုရင်လည်း တာဝန်ခံမှု ရှိပါစေ။ ဒါဆိုရင် ကိုယ်ကအခြားအသုံးပြုသူ သူငယ်ချင်းတွေ စောင့်ကြည့် ရတဲ့ သူတစ်ဦး ဖြစ်လာပြီပေါ့။

**တုံ့ပြန်သံတွေကို နားထောင်ပါ**

ကျော်ကြားသူတွေ ဖြစ်လေ့ ရှိပါတယ်။ ဘာလဲဆိုတော့ တုံ့ပြန်သံကို နားမထောင်တာပါ။ ကိုယ်ပြောချင်တာကို ပြောပြီးရင် ကိုယ့်ရဲ့Follower တွေ ဘယ်လို တုံ့ပြန်သလဲ ဆိုတာကို ဂရုစိုက် ဖို့ လိုအပ်ပါတယ်။ ဒါမှသာ တချို့အချက်တွေကို သတိပြုမိမှာပါ။ မကျေလည်လို့ ပြန်ဆွေးနွေးမှုတွေ ရှိလာရင် ကိုယ့်ဘက်က ဖြေရှင်းရပါမယ်။ ဒါမှသာ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့သူ တစ်ယောက်အနေနဲ့ အများက လေးစားအသိအမှတ်ပြုမှာ ဖြစ်ပါတယ်။ မဟုတ်ရင်တော့ ရေရှည်ကျော်ကြားဖို့ မဖြစ်နိုင်ပါဘူး။

**အခြား ကျော်ကြားသူတွေနဲ့ ချိတ်ဆက်ပါ**

ကိုယ်က ကျော်ကြားသူ တစ်ယောက် ဖြစ်ချင်တယ်၊ ဒါမှမဟုတ် ကျော်ကြားသူတစ်ယောက် ဆိုပါစို့။ အခြား ကျော်ကြားသူတွေနဲ့လည်း ချိတ်ဆက်ပြီး လှုပ်ရှားမှုတွေလုပ်ဖို့ လိုအပ်ပါတယ်။ ပရဟိတလုပ်ငန်းတွေဖြစ်စေ၊ အခြား လှုပ်ရှားမှုတွေဖြစ်စေ လုပ်ဆောင်တဲ့နေရာမှာ အစုအဖွဲ့လိုက် လှုပ်ရှားမှုတွေကို ပူးပေါင်းပါဝင်သင့်ပါတယ်။

**စာရေးပါ**

လူမှုကွန်ရက်မှာဖြစ်စေ၊ ကိုယ်ပိုင်ဘလော့ဂ်တွေမှာ ဖြစ်စေ စာရေးတာက အွန်လိုင်းမှာ ကျော်ကြားသူတစ်ယောက် ဖြစ်လာဖို့ အကောင်းဆုံး နည်းလမ်းပါပဲ။ အွန်လိုင်း အသုံးပြုသူတွေ ဘာတွေ ဖတ်ချင်နေသလဲ လေ့လာပါ။ ကိုယ့်ရဲ့ပစ်မှတ်ကို ရှာဖွေပါ။ ဒီအထဲက ကိုယ်ရွေးချယ်တဲ့ ကဏ္ဍအလိုက် စာတွေကို အရည်အသွေး ရှိရှိ၊ တန်ဖိုးရှိရှိ ဖြစ်အောင် ဖန်တီး ရေးသား ခြင်းကနေ ကိုယ့်ရဲ့ ကျော်ကြားမှုကို ရှာဖွေနိုင်ပါတယ်။ ဒီနေရာမှာ သူတစ်ပါး ရေးထားတာတွေကို တိုက်ရိုက်ကူးယူတာ၊ မှီငြမ်းတာရှိရင် Credit ပေးဖို့ လိုအပ်ပါတယ်။ ဒါမဖြစ်မနေ လုပ်ရမယ့်အလုပ်ပါ။

အထက်ပါ အချက်တွေက အွန်လိုင်းမှာ ကျော်ကြားတဲ့သူ တစ်ယောက် ဖြစ်လာဖို့အတွက် အထောက်အပံ့ဖြစ်စေမယ့် အချက်တွေပါ။ အစိုးရကို တိုက်ခိုက်အပုပ်ချတာနဲ့ အဖော်အချွတ်ဓာတ်ပုံတွေနဲ့ အောင်မြင်မှု ရှာတာထက်တော့ ပိုပြီး ရိုးသား တဲ့ ကြိုးပမ်းမှု ဖြစ်တဲ့အတွက် လက်ခံသင့်ပါတယ်။

ဒီနေရာမှာ တစ်ခု ပြောစရာ ရှိတာက စာရေးမယ် ဆိုရင်တော့ ကိုယ်တိုင်လည်း စာတွေ ဖတ်ဖို့ လိုအပ်ပါတယ်။ လေ့လာဖို့ လိုအပ်ပါတယ်။ ကိုယ်ပေးတဲ့ အချက်အလက် အမှားက ကိုယ့်စာ ကို ဖတ်နေတဲ့သူတွေ အမှန်ထင်သွားရင် ကိုယ့်မှာပဲ တာဝန်ရှိတယ် ဆိုတာ သိထားဖို့ လိုအပ်ပါတယ်။

အွန်လိုင်းမှာ ကျော်ကြားလိုသူတွေအတွက် အထောက်အပံ့ ဖြစ်စေမယ့် အချက်တွေ ဖြစ်တဲ့အတွက် ဒီတစ်ပတ်အတွက် ဖော်ပြလိုက်ပါတယ်။

# အမျိုးသမီး ကာကွယ်ရေးဥပဒေ တောင်းဆိုမည်ဟု AGIPP ဆို

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံတွင်းရှိ အမျိုးသမီးများကို အကာအကွယ်ပေးနိုင်မည့် ဥပဒေများ ပြဋ္ဌာန်းပေးရန်နှင့် လက်ရှိတည်ဆဲ ဥပဒေများကိုသုံးသပ်ကာ ကျား၊ မ တန်းတူရေးအမြင်များပါရှိအောင် ပြန်လည်ပြင်ဆင်ရေးဆွဲနိုင်ရေး တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးအတွက် ကျား၊ မ တန်းတူရေး မဟာမိတ်အဖွဲ့ထံမှ သိရသည်။

အောက်တိုဘာလ ၂၁ ရက်နှင့် ၂၂ ရက်နေ့တို့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ရာမည ဟိုတယ်၌ ငြိမ်းချမ်းရေးအတွက် ကျား၊ မတန်းတူရေး မဟာမိတ်အဖွဲ့ (AGIPP) ၏ နှစ်ပတ်လည် အစည်းအဝေးအပြီးတွင် ယင်းသို့ အမျိုးသမီးများအတွက် တောင်းဆိုမှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ယင်းအစည်းအဝေးတွင် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ပူးပေါင်းလုပ်ဆောင်နိုင်မည့် နည်းလမ်းများကို ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအဖွဲ့ဝင်များနှင့် မိတ်ဖက်အဖွဲ့အစည်း ၄၁ ဖွဲ့မှ အမျိုးသမီးကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြောင်း AGIPP အဖွဲ့ထံမှ သိရသည်။

အဆိုပါ အစည်းအဝေးတွင် ငြိမ်းချမ်းရေးဖြစ်စဉ်၏ နောက်ဆုံးအခြေအနေများကို ဆွေးနွေးခဲ့ကြပြီး စစ်ဖြစ်ပွားရာဒေသများတွင် ကြုံတွေ့နေရသည့် အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ပြဿနာများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ အမျိုးသမီးများ၏ ရင်ဖွင့်သံများကို နားထောင်ခြင်းများ၊ အဓိက လုပ်ဆောင်ရန် လိုအပ်သည့် အချက်များနှင့် အမျိုးသမီးများ ပါဝင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

ဆွေးနွေးချက်များအရ အမျိုးသမီးများသည် လက်ရှိဖြစ်ပွားနေသော ပြည်တွင်းစစ်အခြေအနေများကြောင့် အကြမ်းဖက်ခံရခြင်းများ၊ တရားဥပဒေစိုးမိုးမှုအားနည်းခြင်းနှင့် အမျိုးသမီးများကို ကာကွယ်ပေးသော ဥပဒေများကို ကျင့်သုံးမှုမရှိခြင်းများ၊ ပြည်တွင်းနှင့် နယ်စပ်ဖြတ်ကျော် စစ်ဘေးရှောင် ဒုက္ခသည်များသည် လူသားချင်းစာနာ ထောက်ထားမှုအကူအညီမရရှိဘဲ လူကုန်ကူးခံရခြင်းများကို အမျိုးသမီးများ ကြုံတွေ့နေရကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အလားတူ စစ်ဘေးရှောင်စခန်းများနှင့် နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါးဖြန့်ဖြူးသုံးစွဲမှုများကြောင့် လူမှုရေးပြဿနာများ၊ ဆင်းရဲနွမ်းပါးမှုများနှင့် အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းဆုံးရှုံးရခြင်းများ၊ လုံလောက်သော ကျန်းမာရေး ဝန်ဆောင်မှုမရရှိခြင်းနှင့် အမျိုးသမီးများ ငြိမ်းချမ်းရေးဖြစ်စဉ်၊ နိုင်ငံရေး မူဘောင်ဆွေးနွေးပွဲများနှင့် ပြန်လည် နေရာချထားရေး ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခွင့်မရှိခြင်းများ ကြုံတွေ့နေရကြောင်း ယင်းအဖွဲ့က ဆိုသည်။

AGIPP အနေဖြင့် စစ်ပွဲများ ရပ်တန့်ရန်ဆန္ဒဖော်ထုတ်ခြင်းများ၊ စစ်ဘေးရှောင်စခန်းများကို အကူအညီပေးရန် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများကို တောင်းဆိုခြင်းများ၊ ပဋိပက္ခအခြေအနေအတွင်း အမျိုးသမီးများအကြမ်းဖက်ခံနေရမှုနှင့် ပတ်သက်၍ လူထုအသိပညာပေးခြင်းနှင့် ထိရောက်စွာ အရေးယူပေးရန် တောင်းဆိုမှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း ယင်းအဖွဲ့ထံမှ သိရသည်။

ထို့ပြင် အမျိုးသမီးများ၏ အခွင့်အရေး၊ စီဒေါသဘောတူစာချုပ်၊ နိုင်ငံရေးဆွေးနွေးမှုမူဘောင်များစသည့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ပြည်သူလူထုအား ကျယ်ပြန့်စွာ သိရှိရန် အသိပညာပေးခြင်းများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။

အလားတူ အမျိုးသမီးအဖွဲ့အစည်းများနှင့် ကွန်ရက်များ ချိတ်ဆက်ကာ တိကျမှန်ကန်သော သတင်းအချက်အလက်များ စုဆောင်းကောက်ခံခြင်းနှင့် ပြန်လည်ဝေငှခြင်းများကို သတင်းမီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းတို့၏ ထုတ်ပြန်ချက်အရ သိရသည်။

■

မီဘာမေတ္တာ (Gas)

Ph: 09-73225286, 09-5001497, 09-795001497

# ရန်ကုန်မြို့ကမ်းနားလမ်းတစ်လျှောက် ညဈေးတန်း ဖွင့်မည်ဟုဆို

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

ရန်ကုန်မြို့ကမ်းနားလမ်းတစ်လျှောက်တွင် နိုဝင်ဘာလ၌ ညဈေးတန်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးကပြောကြားသည်။

အဆိုပါညဈေးတန်းကို သခင်မြပန်းခြံ၊ အောင်ရတနာလမ်းမှစတင်ပြီး ပန်းဆိုးတန်းကမ်းနားလမ်းအထိ ပြုလုပ်ရန် စီစဉ်ထားပြီး ကမ်းနားလမ်းမပေါ်ရှိကားပါကင်နေရာများကို ဈေးရောင်းချရန်နေရာအဖြစ် သတ်မှတ်ပေးမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"နိုဝင်ဘာလထဲမှာ ညဈေးတန်းကို ဖွင့်လှစ်နိုင်ဖို့ စီစဉ်နေပါတယ်။ ညဈေးတန်း ဖွင့်လှစ်မယ့် အချိန်နဲ့ အစီအစဉ်တွေကို အခုက လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ညှိနှိုင်းဆွေးနွေးပြီးတော့ နိုဝင်ဘာလ ပထမပတ်မှာ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ကြေညာသွားမယ်" ဟု၎င်းကဆိုသည်။

လက်ရှိတွင် ညဈေးတန်းအတွက် ဈေးရောင်းချမည့်သူများနှင့် ပြည်သူများအတွက် ရေပေးဝေရေးစနစ်များနှင့် အများပြည်သူသုံးသန့်စင်ခန်းများကို စတင်ဆောက်လုပ်နေပြီဖြစ်ပြီး အမှိုက်သိမ်းစနစ်ကိုလည်း စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ကမ်းနားတစ်လျှောက်တွင် ညဈေးတန်းပြုလုပ်ရန် ယခင်အစိုးရလက်ထက်ကတည်းက စီစဉ်ခဲ့သော်လည်း အကောင်အထည်ဖော်နိုင်ခြင်းမရှိဘဲ ယခုအစိုးရလက်ထက်တွင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီထံမှ သိရှိရသည်။

"နိုင်ငံတကာမှာလည်း ညဘက်မှာ ညဈေးတန်းလို မျိုးလိုဖွင့်လှစ်ထားတယ်။ ရန်ကုန်မှာက ညဈေးတန်းလို သီးသန့်ဖွင့်လှစ်ပေးတာမျိုးမရှိသေးဘူး။ အခုလို ညဈေးတန်းဖွင့်လှစ်ပေးမယ်ဆိုတော့ ညဘက်လည်ပတ် မုန့်စားချင်တဲ့သူတွေရော အရမ်းကောင်းတဲ့အစီအစဉ်ပါ" ဟု လသာမြို့နယ်နေ ဦးကိုကိုအောင်ကဆိုသည်။ ■

# မတ္တရာတွင် တရားမဝင်သစ်များ ဖမ်းမိ

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ပတ်လည်အင်းကျေးရွာအရှေ့ဘက် ကြံခင်းအနီးတွင် အောက်တိုဘာလ ၂၂ ရက်နေ့က တရားမဝင်သစ်များကို ဖမ်းဆီးရမိခဲ့ကြောင်း အဆိုပါမြို့နယ်သစ်တောဦးစီးဌာနထံမှ သိရသည်။

အဆိုပါနေရာအနီး ပိတောက်ခါးရွေ ၃၂ ချောင်း (တန်ချိန် ၃ ဒသမ ၉၉ တန်)၊ ကျွန်းခွဲခြမ်းခြောက်ခြမ်း (တန်ချိန် ၂ ဒသမ ၄၆၉၆ တန်) ကို ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်ရှာဖွေရာ ပတ်လည်အင်းနှင့် ညောင်အုပ်ကျေးရွာချင်းဆက် ကားလမ်းဘေး၌ ပိတောက်ခါးရွေ ၃၅ တုံး၊ (တန်ချိန် ၅ ဒသမ ၁၆၈၆ တန်)ကို ဖမ်းဆီးရမိခဲ့ကြောင်း အဆိုပါဌာန ဦးစီးမှူး ဦးသန်းကျော်က ပြောကြားသည်။

အလားတူ အောက်တိုဘာလ ၂၀ ရက်နေ့က မတ္တရာမြို့နယ် ရှားစေးချက်ရွာဟောင်းသစ်တောအတွင်းရှိတဲတစ်ခုမှ ပိတောက်ခါးရွေ ၄၇ တုံး (တန်ချိန် ၂ ဒသမ ၃၈၀၂တန်) ကိုသစ်ပိုင်ရှင်နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနထံမှ သိရသည်။ ■

# ရွှေဘိုတွင် ရေခွန်ကြွေးကျန်

**ရွှေဘို၊ အောက်တိုဘာ ၂၃**

ရွှေဘိုခရိုင်အတွင်း မြို့နယ်အလိုက် ရေခွန် ကျပ်၆ ဒသမ ၃၁၉ ဘီလီယံကြွေးကျန်ကျန်ရှိနေကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစောသက်ခိုင်ဝင်းက ပြောကြားသည်။

၂၀၀၆- ၂၀၀၇ ခုနှစ် နွေသီးနှံမှ ၂၀၁၄-၂၀၁၅ ခုနှစ် နွေသီးနှံအထိ ရေခွန်ကြွေးကျန်မှာ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ကန့်ဘလူ၊ စစ်ကိုင်းမြို့များမှ စည်းကြပ်လျာထားမှု ကျပ် ၇,၁၃၁,၂၃၃,၀၆၂ ဘီလီယံ လျာထားပြီး ၂၀၁၆ ခုနှစ် မတ်လအထိရေခွန်ကြွေးကျန်ကျပ်၆,၃၁၉,၃၂၃,၁၄၉ ဘီလီယံ ကျန်ရှိနေကြောင်း ၎င်းက ပြောဆိုသည်။

ရေခွန်ကို စပါးစိုက်ပျိုးသည့် အချိန်မှ အောင်ရေအထိ တစ်ဧကလျှင် ၁၉၅၀ ကျပ်နှုန်း တစ်စိတ်တစ်ပိုင်း ရေပေးဝေရသည့် နှမ်းပဲတီအတွက် တစ်ဧကလျှင် ၉၀၀ ကျပ် ငါးကန်တစ်ကန်လျှင် နှစ်သောင်းကျပ်နှုန်း သတ်မှတ်ထားကြောင်း အဆိုပါဌာနထံမှ သိရသည်။ ■


ဓာတ်ပုံ - ဆလိုင်းယောခွင်

# ဇန်းမော်မြို့ရှိ သိမ်မဟာစေတီတော်၏ ဗုဒ္ဓပူဇနိယပွဲတော် အထူးလုံခြုံရေးဆောင်ရွက်ဟုဆို

**ဇန်းမော်၊ အောက်တိုဘာ ၂၃**

ဇန်းမော်မြို့ မင်းကုန်းရပ်ကွက်ရှိ သိမ်မဟာစေတီတော်မြတ်ကြီး၏ ၆၉ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ပွဲတော်လာပရိသတ်နှင့် လုပ်သား ပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရန် အထူးလုံခြုံရေးဖြင့် စောင့်ကြပ်ကြည့်ရှုနေကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ယင်းပွဲတော်ကိုအောက်တိုဘာလ ၁၉ ရက်နေ့မှ ၂၈ ရက်နေ့အထိ နှစ်စဉ်ကျင်းပနိုင်ခဲ့ကြောင်း၊ ယခုနှစ်ပွဲတော် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ဇန်းမော်-မြစ်ကြီးနားသွား ကားလမ်းနှင့် ၁၀ ပေခန့်အကွာတွင် လက်လုပ်မိုင်းတစ်လုံးတွေ့ရှိခဲ့ပြီး ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ အောက်တိုဘာလ ၂၁ ရက်နေ့တွင်လည်း ယင်းနေရာနှင့်မလှမ်းမကမ်း ကားလမ်းဘေးရှိအုံးနဲ့ပင် ခွကြားပေါ်တွင်လည်း လက်လုပ်ရီမုဒ်အသံမိုင်းနှစ်လုံးကိုထပ်မံတွေ့ရှိခဲ့ကြောင်း မြို့မရဲစခန်းထံမှ သိရသည်။

စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည့် သိမ်မဟာ စေတီတော်မြတ်ကြီး၏ ၆၉ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ရွှေမန်းသဘင် ဇာတ်အဖွဲ့က ၁၀ ရက်တိုင်က ပြနေကြောင်း သိမ်မဟာဂေါပကရုံးထံမှ သိရသည်။ ■

# မြန်မာ့ရောဝတီ မြန်မာ့အနာဂတ် ဆွေးနွေးဟောပြောပွဲကျင်းပမည်

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

မြန်မာ့ရောဝတီ မြန်မာ့အနာဂတ် ရေမြေတောတောင်နှင့် ပြည်သူ့ဘဝရှုမြင်ကွင်းများဟုအမည်ပေးထားသည့် ဆွေးနွေးဟောပြောပွဲကို အောက်တိုဘာလ ၂၃ ရက်နေ့မှ ၃၀ ရက်နေ့အထိ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်တွင် နံနက် ၉ နာရီမှ ၁၂ နာရီခွဲအထိ ကျင်းပမည်ဖြစ်ကြောင်း အဆိုပါပွဲစီစဉ်သူများထံမှ သိရသည်။

မေခ-မလိခမြစ်ဝှမ်း၊ မြစ်ဆုံ၊ ရောဝတီ၊ မြန်မာပြည် 'မြန်မာ့ရောဝတီ မြန်မာ့အနာဂတ်' ရေမြေတောတောင်နှင့် ပြည်သူ့ဘဝ ရှုမြင်ကွင်းများပြပွဲနှင့် ဆွေးနွေးဟောပြောပွဲတွင် ဦးမြင့်မောင်ကျော်၊ ဦးမြင့်ဇော်၊ ဦးမြင့်မိုးအောင်၊ ဦးဖေစိုးအောင်၊ အော်ပီကျယ်၊ ဦးအောင်မျိုးချစ်၊ မြဝင်း (ဒဿန)၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ကိုတာ၊ ဂျူးနှင့် ဦးမင်းဇင်တို့က ဆွေးနွေးဟောပြောမည်ဖြစ်သည်။ ■

# Dow ကခေတ်မီရေသန့်စင်နည်းပညာများမိတ်ဆက်

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

အမေရိကအခြေစိုက် The Dow Chemical ကုမ္ပဏီ၏ Dow Water Process & Solutions (ရေသန့်စင်နည်းပညာနှင့် ဝန်ဆောင်မှုများ) က ရေသန့်စင်နည်းပညာများကို မြန်မာ့ဈေးကွက်အတွင်း မိတ်ဆက်လိုက်ကြောင်း ယင်းကုမ္ပဏီထံမှ သိရသည်။

စက်ရုံအလုပ်ရုံများနှင့် လူနေအိမ်များတွင် ကြုံတွေ့နေရသော ရေအသုံးပြုခြင်းဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ရေတွင်ပါဝင်သော အဆိပ်အတောက်နှင့် ရောဂါပိုးမွှားများကို အာနိသင်ပြယ်စေပြီး ရေသန့်စင်ပေးသော ထုတ်ကုန်အမျိုးမျိုးကို မိတ်ဆက်ခြင်းဖြစ်ကြောင်း ယင်းကမ္ပဏီထံမှ သိရသည်။

Dow သည် စက်ရုံထွက်မီးခိုးနှင့် အမှိုက်သရိုက် စသည်တို့ကြောင့် ညစ်ညမ်းနေသောရေကို စိတ်ချစွာသုံးစွဲနိုင်သည်အထိ သန့်စင်ပေးသည့် နည်းပညာများထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ ■

# အူရီဒူးဆင်းမ်ကတ်ဖြင့် Nazara Game Club ဝက်ဘ်ဆိုက်မှ အွန်လိုင်းဂိမ်းများကို ကစားနိုင်မည်

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

အူရီဒူးဆင်းမ်ကတ်ဖြင့် Nazara Game Club ဝက်ဘ်ဆိုက်မှ အွန်လိုင်းဂိမ်းများကို အလွယ်တကူကစားနိုင်မည့် ဝန်ဆောင်မှု စတင်ပေးအပ်မည်ဖြစ်ကြောင်း အူရီဒူးထံမှ သိရသည်။

ယခင်က အဆိုပါ Nazara ဝက်ဘ်ဆိုက်မှ ဂိမ်းများကို မြန်မာနိုင်ငံမှ ဂိမ်းကစားသူများအနေနှင့် ဝင်ရောက်ကစားနိုင်ခြင်းမရှိဘဲ ယခုအခါ အူရီဒူးနှင့် Nazara တို့ မိတ်ဖက်အဖွဲ့အစည်းအဖြစ် ဆောင်ရွက်လိုက်ပြီဖြစ်သဖြင့် Android ဖုန်းများ၊ Java ဂိမ်းနှင့် iPhone များအတွက် ဂိမ်းများရရှိမည်ဖြစ်သည်။

Nazara ဝက်ဘ်ဆိုက်တွင် နေ့စဉ်၊ အပတ်စဉ်နှင့် လစဉ်စာရင်းသွင်းခြင်းများ လုပ်ဆောင်နိုင်မည်ဖြစ်ပြီး နေ့စဉ်ဝန်ဆောင်ခအဖြစ် ကျပ် ၅၀၊ အပတ်အစဉ် ကျပ် ၃၀၀ နှင့် လစဉ်ကြေး ကျပ် ၁၀၀၀ ဖြင့် အကန့်အသတ်မရှိ ဒေါင်းလုဒ်ပြုလုပ်ကာ ကစားနိုင်ကြောင်း အူရီဒူးထံမှ သိရသည်။ ■

# အိန္ဒိယအဝယ်အေး၍ ပဲဈေးပြန်ကျ

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

အိန္ဒိယနိုင်ငံ၌ ပွဲတော်ရက်သို့ရောက်ရှိနေသော်လည်း အဝယ်နည်းနေခြင်းကြောင့် ပြည်ပပို့ပဲမျိုးစုံဈေးနှုန်းများ ကျဆင်းလျက်ရှိကြောင်း အဆိုပါပဲဈေးကွက်အတွင်းမှ သိရသည်။

အဆိုပါပဲဈေးနှုန်းများသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ဈေးနှုန်းမြင့်မားနေသော်လည်း ယခုရက်ပိုင်းအတွင်း ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း ပဲကုန်သည်များက ပြောဆိုသည်။

မတ်ပဲတစ်တန်လျှင် ကျပ်လေးသောင်းခန့်နှင့် ပဲစင်းငုံတစ်တန်လျှင် ကျပ်သုံးသောင်းခန့် ဈေးကျကြောင်း ပြည်ပပို့ပဲဈေးကွက်အတွင်းမှ သိရသည်။

"ရက်ပိုင်းလေးပဲ။ အိန္ဒိယက အဝယ်အေးတော့ ပြန်ကျသွားတယ်။ သူတို့ကလည်း ဝယ်လိုက် မဝယ်လိုက်ဖြစ်နေတယ်။ ဈေးနှုန်းအပြောင်းအလဲက သူတို့အပေါ်ပဲ မူတည်ပါတယ်" ဟု ပဲကုန်သည် ဒေါ်က်တာမြတ်စိုးကဆိုသည်။

မတ်ပဲတစ်တန်လျှင် ယခင်က ကျပ် ၁,၄၆၀,၀၀၀ ခန့် မှ ယခုအခါ ကျပ် ၁,၄၂၀,၀၀၀ ခန့်သို့ ကျဆင်းသွားပြီး ပဲစင်းငုံတစ်တန်လျှင် ယခင်က ကျပ် ၁,၀၅၀,၀၀၀ ခန့် မှ ယခုအခါ ကျပ် ၁,၀၂၀,၀၀၀ ခန့်သို့ကျဆင်းသွားကြောင်း ပြည်ပပို့ ပဲဈေးကွက်အတွင်းမှ သိရသည်။ ■

# တယ်လီနော၏ Digital Winners Asia အစီအစဉ် ရန်ကုန်တွင် ကျင်းပမည်

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

တယ်လီနောလုပ်ငန်းစု၏ လုပ်ငန်းဈေးကွက်သစ် တိုးချဲ့နိုင်ရန် ကူညီပေးမည့် Digital Winners Asia အစီအစဉ်ကို ရန်ကုန်မြို့တွင် နိုဝင်ဘာလ ၁ ရက်နေ့မှ ၂ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း တယ်လီနောထံမှ သိရသည်။

မြန်မာအပါအဝင် ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနှင့် မလေးရှားတို့နှင့် အာရှတိုက်အတွင်း တယ်လီနောလုပ်ငန်းစုက ဦးဆောင်ပြုလုပ်ခဲ့သော Accelerator အစီအစဉ်များမှ ထူးချွန်သည့် လုပ်ငန်းသစ်များ ပါဝင်ပြသခွင့်ရရှိမည်ဖြစ်ကြောင်း တယ်လီနောထံမှ သိရသည်။

ရန်ကုန်မြို့တွင်ကျင်းပမည့် အဆိုပါအစီအစဉ်တွင် ဒစ်ဂျစ်တယ်စီးပွားရေးအခွင့်အလမ်းများအတွက် လိုအပ်သောကျွမ်းကျင်မှုများ၊ ဗဟုသုတများနှင့် နည်းလမ်းများကို လေ့ကျင့်သင်ကြားပေးခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံလိုသူများ၏ ဆွေးနွေးသုံးသပ်ချက်ပါဝင်မည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် မြန်မာနိုင်ငံမှ လူမှုကွန်ရက်နှင့် ဆိုရှယ်မီဒီယာများမှ ထုတ်ကုန်များရောင်းချခြင်းကို ပေါင်းစပ်ထားသော နည်းပညာကုမ္ပဏီ Myanzen လည်း ပါဝင်ခဲ့ပြီး ပါကစ္စတန်က လုပ်ငန်းသုံးခု၊ မလေးရှားမှ တစ်ခု၊ ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ်တို့မှ လုပ်ငန်းနှစ်ခုစီ ပါဝင်မည်ဖြစ်ကြောင်း တယ်လီနောထံမှ သိရသည်။ ■



ဓာတ်ပုံ - အောင်သီဟထွန်း

# MTSH ရှယ်ယာတစ်စုကို ၁၀ စုအဖြစ် နိုဝင်ဘာ ၂ ရက်တွင် ခွဲခြမ်းမည်

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

ရန်ကုန်စတော့အိတ်ချိန်းဝင် မြန်မာသီလဝါ အထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီ(MTSH) က လက်ရှိရှယ်ယာတစ်စုကို ၁၀ စုအဖြစ် ခွဲခြမ်းမည့်အစီအစဉ်ကို အောက်တိုဘာလ ၂၃ ရက်နေ့ကကျင်းပသော နှစ်ပတ်လည်အထွေထွေအစည်းအဝေးပွဲတွင် ရှယ်ယာရှင်အားလုံးက အတည်ပြုလိုက်ခြင်းကြောင့် နိုဝင်ဘာ ၂ ရက်နေ့မှစ၍ တရားဝင်ပြောင်းလဲသတ်မှတ်မည်ဖြစ်ကြောင်း MTSH ကုမ္ပဏီထံမှ သိရသည်။

MTSH ၏ လက်ရှိရန်ကုန်စတော့အိတ်ချိန်းတွင် ရှယ်ယာတစ်စုတန်ဖိုးသည် ကျပ် ၄၇၀၀၀ ဖြစ်ပြီး ၁၀ စု ခွဲခြမ်းမည်ဖြစ်၍ ရှယ်ယာတစ်စု၏ တန်ဖိုးသည် ကျပ် ၄၇၀၀ သာဖြစ်တော့မည်ဖြစ်ပြီး အခြေခံလူတန်းစားများပါ ဝယ်ယူနိုင်မည့်ပမာဏဖြစ်လာမည်ဖြစ်ကြောင်း MTSH ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားသည်။

"ကျွန်တော်တို့ ရှယ်ယာရှင်တွေကလည်း ဒီလိုမျိုးခွဲခြမ်းဖို့ အကြံပြုတာတွေလည်းရှိသလို ကိုယ်ပိုင်ထားတဲ့ရှယ်ယာကိုလည်း လိုသလောက်ပဲ ရောင်းတာတို့၊ သိမ်းထားတာဖြစ်ဖြစ် လွယ်လွယ်လုပ်နိုင်မယ်" ဟု ၎င်းကဆိုသည်။

ထို့ကြောင့် ရန်ကုန်စတော့အိတ်ချိန်းတွင် MTSH ၏ ရှယ်ယာအရောင်းအဝယ်လုပ်ဆောင်ခြင်းကို အောက်တိုဘာလ ၃၁ ရက်နေ့မှ နိုဝင်ဘာလ ၃ ရက်နေ့အထိ ရပ်ဆိုင်းထားမည်ဖြစ်ပြီး နိုဝင်ဘာလ ၄ ရက်နေ့ရောက်မှသာ ပြန်လည်၍ အရောင်းအဝယ်လုပ်ဆောင်မည်ဖြစ်ကြောင်း MTSH ထံမှ သိရသည်။

ရှယ်ယာခွဲခြမ်းလိုက်ခြင်းကြောင့် ရန်ကုန်စတော့အိတ်ချိန်းတွင် ရှယ်ယာအရောင်းအဝယ်လုပ်ဆောင်နေသော FMI နှင့် MCB တို့၏ ရှယ်ယာဈေးနှုန်းများအောက် MTSH ၏ ရှယ်ယာတစ်စုဈေးနှုန်းမှာ လျော့နည်းသွားမည်ဖြစ်သည်။ ■

# မြန်မာ့စိုက်ပျိုးရေးကဏ္ဍကို နည်းပညာနှင့် ငွေကြေး အိန္ဒိယက ကူညီမည်

**ရန်ကုန်၊ အောက်တိုဘာ ၂၃**


ဓာတ်ပုံ - အောင်နိုင်

အိန္ဒိယနိုင်ငံက အကူအညီပေးမည့်မျိုးစေ့များကို မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုနှင့် စိုက်ပျိုးရန် ကိုက် မကိုက်ဆိုသည်ကိုလည်း စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ရန်လိုအပ်မည်ဖြစ်ပြီး မျိုးစိတ်ကော်မတီက ခွင့်ပြုချက်ရရှိမှသာ တင်သွင်း၍ စိုက်ပျိုးထုတ်လုပ်ခွင့်ရမည်ဖြစ်သည်

စိုက်ပျိုးထုတ်လုပ်မှုစရိတ် ကြီးမြင့်နေသော မြန်မာ့စိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရန်အတွက် အိန္ဒိယနိုင်ငံက နည်းပညာ၊ ငွေကြေးနှင့် မျိုးစေ့များ အကူအညီပေးမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

ထိုသို့အကူအညီပေးမည်ဆိုခြင်းကို အိန္ဒိယနိုင်ငံဘက်က ကမ်းလှမ်းလာခြင်းဖြစ်ပြီး အသေးစိတ်အချက်အလက်များကိုမူ နှစ်နိုင်ငံအစိုးရတာဝန်ရှိသူများ ညှိနှိုင်းရဦးမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။

"သူတို့က Project အနေနဲ့ လာလုပ်ပေးမှာပါ။ အသေးစိတ်က ဆက်ညှိရဦးမယ်" ဟု ယင်းဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ပြောဆိုသည်။

အိန္ဒိယနိုင်ငံက အကူအညီပေးမည့်မျိုးစေ့များကို မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုနှင့် စိုက်ပျိုးရန် ကိုက် မကိုက်ဆိုသည်ကိုလည်း စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ရန်လိုအပ်မည်ဖြစ်ပြီး မျိုးစိတ်ကော်မတီက ခွင့်ပြုချက်ရရှိမှသာ တင်သွင်း၍ စိုက်ပျိုးထုတ်လုပ်ခွင့် ရမည်ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

ယင်းကော်မတီ ခွင့်ပြုချက်ရရှိပါက ထပ်မံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံမှ သိရသည်။

ယင်းသို့နိုင်ငံတကာက အကူအညီများပေးအပ်ခြင်းမှာ ကောင်းမွန်သည့်လုပ်ရပ်ဖြစ်သော်လည်း အကျိုးရှိရှိ အသုံးချနိုင်ရန်လိုအပ်ကြောင်း ဆန်လုပ်ငန်းရှင်များက ပြောကြားသည်။ ■

The VOICE Daily
Monday, October 24, 2016
MANDALAY VOICE

# ငလျင်လှိုင်း တိုင်းစက်များ နိုဝင်ဘာလ စတပ်မည်

**မန္တလေး၊ အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံအတွင်းရှိ သက်ရှင်ပြတ်ရွေ့များ၏အနီးတွင် မြေငလျင်လှိုင်းတိုင်းတာသည့် တိုင်းတာရေးစက်များ တပ်ဆင်ရန် နိုင်ငံတော်အစိုးရထံမှ ခွင့်ပြုချက်ရရှိထားပြီးဖြစ်၍ နိုဝင်ဘာလအတွင်း စတင်တပ်ဆင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံမြေငလျင် ကော်မတီထံမှ သိရသည်။

"တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်တဲ့ ကွန်ရက်တည်ဆောက်နိုင်လေ ငလျင်အန္တရာယ်လျှော့ချရေးလုပ်ငန်းတွေမှာ ပိုကောင်းလေပေါ့။ ဒီကိစ္စ အစိုးရကို တင်လိုက်တာမှာ ပြီးခဲ့တဲ့လက ခွင့်ပြုမိန့်ကျလာတယ်။ အစိုးရက ခွင့်ပြုမိန့်ချထားပေးပြီဆိုတော့ နိုဝင်ဘာလထဲမှာ စတပ်ဖို့ပြင်နေပြီ။ စက်ပစ္စည်းတွေပို့ဖို့၊ သွင်းဖို့တွေလုပ်နေပြီ" ဟု မြန်မာနိုင်ငံမြေငလျင်ကော်မတီ အတွင်းရေးမှူး ဒေါက်တာမျိုးသန့်က ပြောကြားသည်။

စင်ကာပူနိုင်ငံ နည်းပညာတက္ကသိုလ်လက်အောက်ရှိ မြေကမ္ဘာလေ့လာရေးအဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံမြေငလျင်ကော်မတီတို့ ပူးပေါင်း၍ ငလျင်လှိုင်းတိုင်းတာသည့် တိုင်းတာရေးစက် အလုံး ၃၀ ကို သက်ရှင်ပြတ်ရွေ့များ၏ အနီးအနားတွင် တပ်ဆင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီ၏ လုပ်ငန်းအစီအစဉ်များအရ သိရသည်။

ငလျင်လှိုင်းတိုင်းတာသည့် တိုင်းတာရေးစက်များ တပ်ဆင်ပြီးပါက ငလျင်လှုပ်ပြီးနောက်ဖြစ်ပေါ်လာသည့် ငလျင်လှိုင်းများကို သိရှိရမည်ဖြစ်ကြောင်း၊ ငလျင်ဖြစ်ပေါ်လာသည့် အရင်းအမြစ်၏ နေရာအတိအကျကို လည်းကောင်း၊ ငလျင်လှုပ်သည့် ပြတ်ရွေ့ကို လည်းကောင်း လှုပ်သည့်အနက်၊ ဗဟိုချက်နေရာများကို ကွန်ရက်ပုံသဏ္ဌာန်နှင့် သိရှိလာနိုင်မည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် သက်ရှင်ပြတ်ရွေ့အနည်းဆုံး ခြောက်ခုခန့်ရှိနိုင်ကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီက ထုတ်ပြန်ထားသည်။

လက်ရှိတွင် စစ်ကိုင်းပြတ်ရွေ့၏ အရှေ့အနောက်ကိုဖြတ်၍ ရွေ့နှုန်းတိုင်းတာသည့် GPS စက်ရှစ်လုံးကို ၂၀၁၂ ခုနှစ်အတွင်းက တပ်ဆင်ထားပြီး စစ်ကိုင်းပြတ်ရွေ့၏ မြောက်ဘက်ပိုင်းတွင် ရှစ်လုံးထပ်မံတပ်ဆင်နိုင်ရန် မြန်မာနိုင်ငံ မြေငလျင်ကော်မတီက လုပ်ဆောင်နေသည်။

စစ်ကိုင်းပြတ်ရွေ့အင်အားပြင်းထန်စွာ လှုပ်ခတ်ပါက စစ်ကိုင်းပြတ်ရွေ့တစ်လျှောက်ရှိ နေပြည်တော်နှင့် မန္တလေးမြို့အပါအဝင် မြို့ကြီးကိုးခုခန့် ဘေးအန္တရာယ်ကြီးမားစွာ ကျရောက်နိုင်ကြောင်း မြန်မာနိုင်ငံ မြေငလျင်ကော်မတီက စက်တင်ဘာ ၂၄ ရက်နေ့က သတင်းထုတ်ပြန်ထားသည်။ ■

# မန္တလေး ကျောက်ဝိုင်း၌ လိမ်လည်သူ၏ဓာတ်ပုံ ချိတ်ထားမည်ဟုဆို

**မန္တလေး၊ အောက်တိုဘာ ၂၃**

မန္တလေးကျောက်စိမ်းကွက် မဟာအောင်မြေကျောက်ဝိုင်းအတွင်း ကျောက်စိမ်းလိမ်လည်မှု လျော့နည်းစေရန် ရည်ရွယ်၍ လိမ်လည်မှု ဖြစ်ပေါ်ခဲ့ပါက လိမ်လည်သူ၏ ဓာတ်ပုံကို အများသိရှိစေရေး ချိတ်ဆွဲပြသထားရန် စီစဉ်နေကြောင်း မဟာအောင်မြေကျောက်ဝိုင်း မပြောင်းရွှေ့ရေးကော်မတီထံမှ သိရသည်။

ယင်းကျောက်ဝိုင်းအတွင်း ကျောက်စိမ်းလိမ်လည်မှုများ ယခင်ကတည်းက ရှိခဲ့သော်လည်း လိမ်လည်သူသည် ကျောက်ဝိုင်းအတွင်း ကျောက်မျက် လုပ်ကိုင်မှုမရှိကြောင်း၊ ယခုမူ ကျောက်မျက်လိမ်လည်သူများသည် ကျောက်စိမ်းဈေးကွက် ကျောက်ဝိုင်းအတွင်း ပြန်လည်ဝင်ရောက် လုပ်ကိုင်နေသည်ကို တွေ့နေရသောကြောင့် ၎င်းတို့၏ဓာတ်ပုံကို ကျောက်ဝိုင်းအတွင်း အများပြည်သူသိရှိနိုင်စေရန် သက်ဆိုင်ရာရဲစခန်းနှင့် ညှိနှိုင်းကာ ချိတ်ဆွဲပြသရန် စီစဉ်ထားကြောင်း ယင်းကော်မတီမှ ဦးသန်းဝင်းက ပြောကြားသည်။

အောက်တိုဘာလ ၂၃ ရက်နေ့ မွန်းလွဲပိုင်းက အဆိုပါကျောက်ဝိုင်းတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

မန္တလေးမြို့ မဟာအောင်မြေကျောက်ဝိုင်း၌ အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သော ကျပ်သိန်းထောင်ချီ လိမ်လည်မှုမှ ပြစ်မှု ကျူးလွန်သူကို ပြစ်မှုပုဒ်မ ၄၂၀ ဖြင့် အမှုဖွင့်ထားသော်လည်း အာမခံပေးထားပြီး စစ်ဆေးလျက်ရှိကြောင်း မန္တလေးမြို့ အမှတ် ၇ ရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းကလည်း တရုတ်နိုင်ငံ ရွှေလီမြို့ရှိ ကျောက်စိမ်းဈေးကွက်အတွင်း မန္တလေးမြို့ခံ ကျောက်စိမ်းကုန်သည်များထံမှ တရုတ်ကျောက်ကုန်သည်တစ်ဦးက မြန်မာငွေ ကျပ်သိန်းသုံးသောင်းကျော်တန်ဖိုးရှိ ကျောက်မျက်များ လိမ်လည်မှု ဖြစ်ပွားခဲ့သကဲ့သို့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်းကလည်း ကျောက်စိမ်းရောင်းဝယ်သူများထံမှ ကျပ်သိန်း နှစ်ထောင်ကျော်တန်ဖိုးရှိ ကျောက်စိမ်းများ လိမ်လည်မှုဖြစ်ပေါ်ခဲ့ကြောင်း မန္တလေးမြို့ မဟာအောင်မြေကျောက်စိမ်းဈေးအတွင်းမှ စုံစမ်းသိရှိရသည်။ ■




ဓာတ်ပုံ - မောင်သန့်

ချမ်းအေးသာစံမြို့နယ်အတွင်းရှိ ယာဉ်အပ်နှံရေးဌာနတစ်ခု၌ လမ်းလယ်မျဉ်းအထိ နေရာယူရပ်တန့်ထားသည့် မော်တော်ဆိုင်ကယ်များကို တွေ့ရစဉ်။ မန္တလေးမြို့ရှိ ကုန်တိုက်အချို့ ဖုန်းဆိုင်အချို့ ကုမ္ပဏီလုပ်ငန်းအချို့သို့ လာရောက်ကြသည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ လမ်းများပေါ်အထိ နေရာယူရပ်ထားကြသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားနေရကြောင်း မန္တလေးမြို့ခံများထံမှ သိရသည်။

# သိမ်းဆည်းခံရသည့်မြေများကို ငြိမ်းချမ်းသောနည်းဖြင့် ပြန်လည်ရယူသင့်ဟု မွေး/ရေဝန်ကြီးပြော

**မန္တလေး၊ အောက်တိုဘာ ၂၃**

တောင်သူများအနေနှင့် သိမ်းဆည်းခံထားရသည့် လယ်ယာမြေများ ပြန်လည်ရယူရာတွင် ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဥပဒေအတိုင်း ရယူသင့်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းက ပြောကြားသည်။

မန္တလေးမြို့ ရတနာပုံတက္ကသိုလ်လမ်းရှိ အလုပ်သမားလယ်သမားအရေးဆောင်ရွက်သူများအဖွဲ့ FNI ရုံး၌ အောက်တိုဘာလ ၂၃ ရက်နေ့က ကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာ တံခွန် တောင်သူလယ်သမားညီလာခံတွင် ဒေါက်တာစိုးသန်းက အထက်ပါအတိုင်း တိုက်တွန်း ပြောကြားလိုက်ခြင်းဖြစ်သည်။

လက်ရှိအစိုးရအနေနှင့် သိမ်းဆည်းလယ်ယာမြေများ ပြန်လည်ပေးအပ်ရေး ကော်မတီဖွဲ့ဆောင်ရွက်နေရာ စီမံကိန်းအတွက် အသုံးမပြုဘဲ ပိုလျှံမြေများကို တောင်သူများထံ ပြန်လည်ပေးအပ်နိုင်ရေးအတွက်လည်း စီစစ်ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံ တောင်သူလယ်သမား အဖွဲ့ချုပ် ပေါ်ပေါက်လာမည်ကိုလည်း ကြိုဆိုကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

သိမ်းဆည်းလယ်ယာမြေများနှင့် ပတ်သက်၍ မူလတောင်သူများ ပြန်လည်ရရှိနိုင်ရေးအတွက် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီဝင်များအနေနှင့် ဥပဒေ၊ ညွှန်ကြားချက်များကို လိုက်နာရန်လိုပြီး ပွင့်လင်းမြင်သာမှုရှိရန်လိုကြောင်း ပြည်သူ့လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းဟန်က ဖြည့်စွက်ပြောကြားသည်။

သိမ်းဆည်းခံရသည့် စိုက်ပျိုးမြေများကို မူလတောင်သူများ တရားဝင်လုပ်ပိုင်ခွင့် (အမြန်ဆုံး) ပြန်လည်ရရှိရေးနှင့် စစ်မှန်သော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်သည့်ဥပဒေများ ပေါ်ပေါက်လာရေးအတွက် ငြိမ်းချမ်းချောမွေ့သော နည်းလမ်းများ အသုံးပြု ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ညီလာခံကျင်းပရခြင်းဖြစ်ကြောင်း FNI အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဦးအေးသိန်းက ပြောကြားသည်။

တောင်သူလယ်သမားများအကျိုးကို ကြိုးစားဆောင်ရွက်နိုင်ရန်နှင့် ညီညွတ်ခိုင်မာသော တောင်သူလယ်သမားအဖွဲ့ချုပ် ပေါ်ပေါက်လာစေရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ တံခွန် တောင်သူလယ်သမားရေးရာညီလာခံကျင်းပခဲ့ခြင်းဖြစ်ရာ အဆိုပါညီလာခံသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အလုပ်သမားလယ်သမားအရေး ဆောင်ရွက်သူများအဖွဲ့ (FNI -Facilitor Network For Interst Farmer & Labour, Upper Myanmar -Mandalay) မှ တာဝန်ရှိသူများ၊ ပြင်ဦးလွင်၊ မတ္တရာ၊ သပိတ်ကျင်း၊ စဉ့်ကူး၊ စဉ့်ကိုင်၊ ငါန်းဇွန်မြို့နယ်တို့မှ တောင်သူများအပါအဝင် အထက်မြန်မာနိုင်ငံအတွင်းရှိတောင်သူလယ်သမားအဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။ ■

# NEWS IN BRIEF

## မန္တလေးမြို့ခံ Any Way ကဗျာ၊ စာပေစကားဝိုင်း ၁၀ နှစ်ပြည့်အထိမ်းအမှတ် ဆေးပဒေသာပင်စိုက်ထူ

**မန္တလေး၊ အောက်တိုဘာ ၂၃**

မန္တလေးမြို့ခံ စာရေးဆရာ၊ ကဗျာဆရာများနှင့် ကာတွန်းဆရာများ အပတ်စဉ်ပြုလုပ်သည့် Any Way စာပေစကားဝိုင်း ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်စိုက်ထူခြင်းကို အောက်တိုဘာလ ၂၃ ရက်နေ့က မန္တလေးဇီဝိတဒါန သံဃာ့ဆေးရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါမြို့ခံ စာရေးဆရာများထံမှ သိရသည်။

ယင်းစကားဝိုင်းအဖွဲ့အနေနှင့် မန္တလေးစာပေလူမှုကူညီရေးအသင်းသို့ တစ်သိန်းကျပ်၊ တိပိဋကရေ မင်းကွန်းဆရာတော် တည်ထောင်ခဲ့သော မန္တလေးမြို့တော်ရှိ ၆၂ လမ်း ဇီဝိတဒါနသံဃာ့ဆေးရုံသို့ တစ်သိန်းကျပ်စီ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းခဲ့ကြောင်း အဆိုပါစကားဝိုင်း ဦးဆောင်သူ စာရေးဆရာစိုးနိုင် (မန္တလေးတက္ကသိုလ်) က ပြောကြားသည်။

မန္တလေးမြို့ခံ Any Way စာပေစကားဝိုင်းကို ၂၀၀၆ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်ပြီး ယခု ၁၀ နှစ်ပြည့် အထိမ်းအမှတ် Any Way ကဗျာစာပေ စကားဝိုင်းမဂ္ဂဇင်းကို အောက်တိုဘာလ ပထမပတ်က ထုတ်ဝေခဲ့ပြီးဖြစ်ကြောင်း အဆိုပါစာပေဝိုင်းတော်သားများထံမှ သိရသည်။

## ဆေးရုံဆင်း သံဃာတော်နှင့် သီလရှင်များကို ကုသိုလ်ဖြစ်ပို့ဆောင်ပေးမည်

**မန္တလေး၊ အောက်တိုဘာ ၂၃**

မန္တလေးမြို့တော်ရှိ ဆေးရုံ၊ ဆေးခန်းများ၌ ဆေးရုံတက်ခြင်း၊ ဆေးကုသမှုခံယူပြီး၍ နေရပ်သို့ပြန်ခြင်းများတွင် ရဟန်းသံဃာတော်နှင့် သီလရှင်များ အခက်အခဲမရှိစေရန် ဂိလာနယာနအသင်းက ကုသိုလ်ဖြစ် အခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ယင်းအသင်းထံမှ သိရသည်။

မန္တလေးမြို့ပေါ်ရှိ ကျောင်းတိုက်များ၊ သဘော်ဆိပ်၊ ဘူတာရုံနှင့် ကားဂိတ်များအပါအဝင် မန္တလေးမြို့နှင့်အနီးတစ်ဝိုက် ပြင်ဦးလွင်၊ ကျောက်ဆည်၊ မတ္တရာ၊ စစ်ကိုင်းမြို့များသို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆေးရုံတက်ခြင်းနှင့် ဆေးရုံဆင်းရာတွင် အကူအညီလိုအပ်သော ဂိလာနရဟန်းသံဃာ၊ သီလရှင်များအနေနှင့် ဂိလာနယာနအသင်း သီတဂူကျောင်းတိုက်၊ ရန်ကင်းတောင် (အရှေ့ဘက်) ပုသိမ်ကြီးမြို့နယ် ဖုန်း ၀၉-၉၁၀၄၈၇၂၂၊ ၄၄၀၄၇၇၁၁၃၊ ၇၉၃၇၆၆၂၂၃ တို့ထံ ဆက်သွယ်နိုင်ကြောင်း အဆိုပါအသင်းထံမှ သိရသည်။ ■

# စစ်ကိုင်း ရေနစ်မြုပ်ဒဏ် ကာကွယ်ပေးရန် ပြည်သူ့လွှတ်တော်တွင် မေးမြန်းမည်ဟုဆို

**မန္တလေး၊ အောက်တိုဘာ ၂၃**

စစ်ကိုင်းမြို့ရှိ ရပ်ကွက်အချို့နှစ်စဉ်မြစ်ရေဝင်၍ ရေနစ်မြုပ်ခြင်းများ ကြုံတွေ့နေရရာ ကြိုတင်ကာကွယ်မှုနှင့် ပြင်ဆင်မှုများ ဆောင်ရွက်ပေးရန် ရှိမရှိကို တတိယအကြိမ်ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မေးမြန်းသွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သိန်းက ပြောကြားသည်။

"အရင်တစ်ကြိမ်တုန်းကလည်း ကျွန်တော်မေးဖူးပါတယ်၊ ပြင်ဆင်ရေးတွေဆောင်ရွက်ဖို့ချပေးတဲ့ (ကျပ်)သိန်းသုံးရာနဲ့ ပြင်ဆင်မှုတွေ လုပ်ပေးခဲ့ပေမယ့် သိသာတဲ့ အကျိုးထိရောက်မှုမရှိဘဲ ရေဝင်နေပါသေးတယ်၊ ဒါကြောင့် တတိယအကြိမ် အစည်းအဝေးမှာ ထပ်မေးမယ်" ဟု ၎င်းကဆိုသည်။




**မင်းလမ်းရပ်ကွက် ရေဝင်နေမှုကို ရေစုပ်စက်များဖြင့် ဧရာဝတီမြစ်အတွင်း စုပ်ထုတ်နေသည်ကို အောက်တိုဘာ ၂၃ ရက်နေ့ မွန်းလွဲပိုင်းက တွေ့ရစဉ်။**

အောက်တိုဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစတင်ကာ ညနေငါးနာရီကျော်ခန့်အထိ ရွာသွန်းခဲ့သည့်မိုးကြောင့် စစ်ကိုင်းမြို့ပေါ်ရှိ ရပ်ကွက် ခုနစ်ခုတွင် ရေနစ်မြုပ်မှုများကြုံတွေ့နေရပြီး အောက်တိုဘာလ ၂၃ ရက်နေ့အထိ ရေများကျဆင်းသွားခြင်း မရှိသေးခြင်းနှင့်ပတ်သက်၍ ၎င်းကအထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

"အရင်နှစ်တွေတုန်းက လေး၊ ငါးရက်လောက် မိုးဆက်တိုက်ရွာမှ ရေနစ်တတ်တဲ့ ရပ်ကွက်တွေတောင် မနေ့(အောက်တိုဘာ ၂၂)က တစ်ရက်တည်းရွာတဲ့မိုးကြောင့် ရေနစ်ကုန်တယ်၊ တချို့ရပ်ကွက်တွေ ရေကျသွားပေမယ့် အများစုက ရေဝင်နေတုန်းပါပဲ။ ရပ်ကွက်ဒေသခံတွေ အနေနဲ့ ရေစုပ်စက်တွေနဲ့ စုပ်ထုတ်တာတွေ လုပ်နေတယ်။ ဆယ်ရက်နှစ်ပတ်လောက် (ရက် ၂၀) လောက် စုပ်ထုတ်မှပဲ ရေတွေကုန်ပါမယ်၊ အရင်က ဒီလောက်မများတာတောင် ဆယ်ရက်လောက် လုပ်ခဲ့ရတာ" ဟု မင်းလမ်းရပ်ကွက်မှ အသက် ၃၀ ခန့်အရွယ်ရှိ အမျိုးသားတစ်ဦးက ပြောဆိုသည်။

စစ်ကိုင်းမြို့ပေါ်ရပ်ကွက်အချို့သည် မိုးများသည့်နှစ်များတွင် ရေနစ်မြုပ်မှုဒဏ်ခံစားနေကြရပြီးကြောင်း၊ မင်းလမ်း ရပ်ကွက်ကဲ့သို့သော မြေနိမ့်ပိုင်း ရပ်ကွက်ဒေသခံများအနေနှင့် ယင်းဒဏ်ကို ရက်ရှည်ခံစားကြရကြောင်း စစ်ကိုင်းမြို့ခံများ အဆိုအရ သိရသည်။

လက်ရှိအချိန်၌ ရေနစ်မြုပ်နေသည့် ရပ်ကွက်များ၌ ရပ်ကွက်ဒေသခံများက ကိုယ်အားကိုယ်ကိုးစနစ်ဖြင့် ရေစုပ်စက်များအသုံးပြုကာ မိုးရေများကို ဧရာဝတီမြစ်အတွင်းသို့ စုပ်ထုတ်နေကြရသည်။ ■

# ကျောက်စိမ်းဈေးကွက် ပြန်လည်မြှင့်တင်ရေး ဆန္ဒထုတ်ဖော်မည်

**မန္တလေး၊ အောက်တိုဘာ ၂၃**

ကျောက်စိမ်းကို အလွန်အကျွံတူးဖော်နေမှုများကြောင့် ကျောက်စိမ်းဈေးကွက် ကျဆင်းလာ၍ ကျောက်စိမ်းတူးဖော်မှု ယာယီရပ်ဆိုင်းပေးရေးနှင့် ကျောက်စိမ်းဈေးကွက်ပြန်လည်မြှင့်တင်ရေး အောက်တိုဘာလ ၂၉ ရက်၌ ဆန္ဒထုတ်ဖော်မည်ဖြစ်ကြောင်း မန္တလေးမြို့တော် မဟာအောင်မြေကျောက်ဝိုင်းရှိ ကျောက်စိမ်းလုပ်ကိုင်သူများက ပြောကြားသည်။

ဖားကန့်ဒေသတွင် ကျောက်အလွန်အကျွံ တူးဖော်မှုနှင့် တရုတ်နိုင်ငံသို့ တရားမဝင် ရောင်းချနေမှုတို့ကြောင့် ပြည်တွင်းကျောက်ဈေးကွက်နိမ့်ကျလာကြောင်း ၎င်းတို့အဆိုအရ သိရသည်။

မဟာအောင်မြေကျောက်ဝိုင်း မပြောင်းရွှေ့ရရေးအတွက် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလက ဆန္ဒထုတ်ဖော်ခဲ့ဖူးရာ ၁၉၈၈ ခုနှစ် အရေးအခင်းနောက်ပိုင်း အကြီးမားဆုံးလူထု ဆန္ဒထုတ်ဖော်မှုအဖြစ် သတ်မှတ်ခံခဲ့ရပြီး လူဦးရေသုံးသိန်းကျော် ပါဝင်ခဲ့ကြောင်း၊ ယခင်နည်းတူ ဆန္ဒထုတ်ဖော်သွားမည်ဖြစ်ကြောင်း ကျောက် သမားများက ပြောဆိုသည်။■




**မန္တလေးမြို့တော် အခြေစိုက် စာရေးဆရာမခြောက်ဦးတို့၏ ရသစာပေဆွေးနွေးပွဲစကားဝိုင်းကို အောက်တိုဘာလ ၂၃ ရက်နေ့ မွန်းလွဲ ၂ နာရီက မန္တလေး Community Center တွင် ပြုလုပ်ခဲ့ရာ မြန်မာစာပေကို စိတ်ပါဝင်စားသူများ တက်ရောက် နားထောင်ခဲ့သည်ကိုတွေ့ရစဉ်။ အဆိုပါစကားဝိုင်းသို့ တက်ရောက်လာကြသူများနှင့် ဆရာမ မဝင့်(မြစ်ငယ်)၊ မကို၊ နှင်းဆီအောင်(မန္တလေး)၊ ချောအိမာန်(မန္တလေး)၊ ခရမ်းပြာနှင့် မိုးနှင်းဝေတို့အကြား ရသစာပေနှင့်ပတ်သက်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။**

# ရွေးကောက်ပွဲကော်မရှင် ကြားဖြတ်ရွေးကောက်ပွဲအထိ တာဝန်ယူမည်

**မန္တလေး၊ အောက်တိုဘာ ၂၃**

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် လက်ရှိဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များနေရာတွင် အစားထိုး ခန့်အပ်မည် မဟုတ်ဘဲ ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲကို ဆက်လက် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံမှ သိရသည်။

"ဥပဒေအရ လက်ရှိရှိထားပြီးသား ဥက္ကဋ္ဌနဲ့အဖွဲ့ဝင်တွေက အဖွဲ့အသစ်ဖွဲ့မှ သက်တမ်းကုန်မှာပေါ့။ မဖွဲ့မချင်းကတော့ လက်ရှိအတိုင်း ရှိနေဦးမှာပါ။ ကြားဖြတ်ကလည်းရှိနေတယ်။ အပြောင်းအလဲတော့ မဖြစ်နိုင်တော့ပါဘူး။ မူလရှိထားပြီးသား လူတွေကပဲ ကြားဖြတ်ရွေးကောက်ပွဲမှာ ဆက်လက်ဦးဆောင်သွားမယ်" ဟု ဦးတင်ထွန်းက ပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (ဂ) ပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအတိုင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ရန် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဇွန်လအတွင်းက လျှောက်လွှာများ ခေါ်ယူထားသည်။

"ရွေးချယ်မှုတွေ မလုပ်ရသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ လွှတ်တော်က ဆိုင်းငံ့ခိုင်းထားတဲ့အတွက် ဆိုင်းငံ့ထားပါတယ်။ လွှတ်တော်မှာ ပြန်လည်စဉ်းစားသုံးသပ်ဖို့ဆိုပြီး အဆိုတင်ခဲ့တဲ့အတွက် ဆိုင်းငံ့ထားပါတယ်" ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး ဦးတင်ထွန်းက ရှင်းပြသည်။

လက်ရှိတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လွှတ်တော်အသီးသီးရှိ လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၁ ရက်နေ့ရက်စွဲဖြင့် ကြေညာခဲ့သည်။

လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ကိုးနေရာ၊ လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ် သုံးနေရာ၊ လစ်လပ်ပြည်နယ် လွှတ်တော်မဲဆန္ဒနယ် ခြောက်နေရာရှိနေပြီး မန္တလေးတိုင်းဒေသကြီးအတွင်း၌ လစ်လပ်မဲဆန္ဒနယ်များ မပါဝင်ကြောင်း အဆိုပါ ကြေညာချက်အရ သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ အခန်း ၇ ပုဒ်မ ၂၀ တွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ သက်တမ်းသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သက်တမ်းနှင့်အညီဖြစ်သည်။

သို့ရာတွင် သက်တမ်းကုန်ဆုံးပြီးဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ကော်မရှင်အသစ်တစ်ရပ် ဖွဲ့စည်းပြီးနောက် ယင်းကော်မရှင်က ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းပြီးချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်ဟု ဖော်ပြထားသည်။ ■

# ရန်ကုန်လိုင်စင်မဲ့ယာဉ်အရောင်းစင်တာများကို စစ်တမ်းကောက်ဟုဆို

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

ရန်ကုန်မြို့တွင် ဖွင့်လှစ်ခွင့် လိုင်စင်မရှိဘဲ ဖွင့်လှစ်ရောင်းချနေသည့်မော်တော်ယာဉ် အရောင်းစင်တာများကို အရေးယူနိုင်ရန် စစ်တမ်းကောက်ယူနေကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရှိရသည်။

ယခုလက်ရှိ လိုင်စင်မဲ့မော်တော်ယာဉ်အရောင်းစင်တာများကို အရေးယူနိုင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စစ်တမ်းကောက်ယူလျက်ရှိပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနှင့်လည်း လိုင်စင်မဲ့ အရောင်းစင်တာများကို အရေးယူနိုင်ရန် မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီသို့တင်ပြထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

"လိုင်စင်မရှိဘဲ ဖွင့်နေတဲ့ကားအရောင်းစင်တာတွေကို အရေးယူဖို့ အောက်တိုဘာနောက်ဆုံးပတ်ကစပြီး စစ်တမ်းတွေကို ရန်ကုန်မြို့တော်စည်ပင်က စကောက်ပါပြီ။ ကောက်ယူရရှိတဲ့ စစ်တမ်းတွေရှိချက်တွေကို ပြည်ထောင်စုအစိုးရအဖွဲ့ဆီ တင်ပြသွားမယ်"ဟု ၎င်းက ဆိုသည်။

လိုင်စင်မဲ့မော်တော်ယာဉ်များ ဖွင့်လှစ်ရောင်းချနေသည့် မော်တော်ယာဉ်အရောင်းစင်တာများကို အရေးယူရန် ပြည်ထောင်စုအစိုးရအဖွဲ့က ညွှန်ကြားသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

"အခွန်ဆောင်တဲ့သူနဲ့ အခွန်မဆောင်တဲ့သူတွေကြားမှာ မညီမျှမှုတွေဖြစ်နေပါတယ်။ တရားမဝင် ကားအရောင်း စင်တာတွေအနေနဲ့ ဥပဒေဘောင်အတွင်းကနေ အားလုံး မှတ်ပုံတင်ဆောင်ရွက်ရင်တော့ ကောင်းပါတယ်။ မှတ်ပုံတင်ထားတဲ့ ကားအရောင်းစင်တာက ၂၀၀ နီးပါးရှိပါတယ်။ လိုင်စင်မရှိဘဲ ဖွင့်လှစ်ရောင်းချနေတဲ့ကားအရောင်းစင်တာ စာရင်းကတော့ ခုမှ စာရင်းစကောက်မှ သိမှာပါ"ဟု မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့်ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ဆိုသည်။

ရန်ကုန်မြို့တွင် လိုင်စင်မဲ့ဖွင့်လှစ်ထားသည့် မော်တော်ယာဉ်အရောင်းစင်တာများကို အရေးယူဆောင်ရွက်ခြင်း မပြုသောကြောင့် တရားဝင်ဖွင့်လှစ်ထားသည့် မော်တော်ယာဉ်အရောင်းစင်တာများအနေနှင့် နစ်နာမှုများ ရှိကြောင်း မော်တော်ယာဉ် အရောင်းစင်တာများထံမှ သိရှိရသည်။ ■

# ကျိုင်းတုံ၌ ဆိုင်ကယ်ဖြင့် မူးယစ်ဆေးဝါး လှည့်လည်ရောင်းသူဖမ်းမိ

**ကျိုင်းတုံ၊ အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွယ်လုံကျေးရွာအုပ်စု ဝမ်လောက်ရွာလမ်းပေါ်တွင် အောက်တိုဘာလ ၂၂ ရက်နေ့ ညနေက မော်တော်ဆိုင်ကယ်ဖြင့် မူးယစ်ဆေးဝါးလှည့်လည်ရောင်းချသူကို စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း ကျိုင်းတုံမြို့မူးယစ်တပ်ဖွဲ့စု ၂၈ ထံမှ စုံစမ်းသိရှိရသည်။

အဆိုပါနေ့က မူးယစ်ဆေးဝါးသတင်းအရ ယင်းကျေးရွာလမ်းပေါ်၌ စောင့်ဆိုင်းနေစဉ် ဝမ်ပုံန်ရွာဘက်မှ ကျိုင်းဖောင်းရွာဘက်သို့ ကျဘိုမောင်းနှင်လာသည့်မော်တော်ဆိုင်ကယ်မှ ကျပ်သိန်း ၅၀ခန့် တန်ဖိုးရှိ WYစာတန်းပါစိတ်ကြွဆေးပြား ၁၉၀၀ ကို ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း ယင်းတပ်ဖွဲ့စုမှူး ဒုရဲမှူးဇော်ဝင်းထွန်း က ပြောကြားသည်။

"တရားခံက နမ့်ကိုင်ရွာမှာနေပြီး မူးယစ်ဆေးဝါးတွေ ကိုယ်တိုင်သုံးစွဲတဲ့အပြင် လှည့်လည်ဖြန့်ဖြူးရောင်းချနေတာ။ ပင်ရင်းသူဝယ်ယူခဲ့တဲ့ ဟွေပုံရွာက ကွင်းဆက်တရားခံကတော့ ထွက်ပြေးလွတ်မြောက်သွားလို့ ဖမ်းဆီးရမိဖို့ကြိုးစားနေတယ်" ဟု ၎င်းက ဆိုသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ အသက် ၄၀နှစ်ခန့်အရွယ် ကျဘိုနှင့် ကွင်းဆက်တရားခံ အသက် ၂၀နှစ်ခန့်အရွယ် ကျဘာခဲတို့နှစ်ဦးကို မယ(ပ) ၁၄၀/၂၀၁၆၊ မူး/စိတ်ပုဒ်မ-၁၅/၁၉(က)/၂၁အရအမှုဖွင့်အရေးယူထားကြောင်း ကျိုင်းတုံမြို့မ ရဲစခန်းထံမှ သိရသည်။ ■

The VOICE Daily CARTOON



## ကုသိုလ်လမ်းညွှန်

ဒီတစ်ပတ်တော့ The Voice စာဖတ်ပရိသတ်တွေအတွက် ကုသိုလ်ပြုဖို့ လမ်းညွှန်နေကျအတိုင်း ညွှန်းချင်တာကတော့ ဝိဠုကာရာမ ပရဟိတဘုန်းတော်ကြီးကျောင်းသင်ပညာရေးကျောင်းကို ငွေကြေးအလှူဒါနပြုနိုင်ဖို့ပါ။ ဒီကျောင်း လေးမှာ ကျောင်းအိပ်၊ ကျောင်းစား ရဟန်း ၃ ပါးနဲ့ ကိုရင် ၁၁ ပါးရှိပြီး အနီးအနားက ကလေးငယ် ၁၀၀ ကျော်ကို အခမဲ့ပညာသင်ကြားပေးနေတာဖြစ်ပါတယ်။ ပညာသင်ကြားမှုအနေနဲ့က မူလတန်းကနေ လေးတန်းအထိ ကလေးငယ် ၁၀၀ ကျော်ကို ဆရာမ ၄ လေးဦးတို့က စာသင်ကြားပေးနေတာပါ။ အာဟာရဒါန ကျွေးမွေးမှုအစီအစဉ်တွေက ကလေးငယ်တွေကို နေ့လယ်စာတစ်ကြိမ် ကျောင်းကကျွေးမွေးတာဖြစ်ပြီး တစ်နပ်စားကို ၅၀၀၀၀ ကျပ် ကုန်ကျတာဖြစ်ပါတယ်။ ဒါ့အပြင် လတ်တလောမှာတော့ ဝါးတဲကျောင်းမှာ ကလေးငယ်တွေ များပြားလာတာမို့ ကျောင်းဆောက်လုပ်ဖို့အတွက် ငွေကြေးလှူဒါန်းနိုင်မှာဖြစ်ပါတယ်။ လိပ်စာက ဝိဠုကာရာမ ပရဟိတဘုန်းတော်ကြီးကျောင်းသင်ပညာရေးကျောင်း စက်မှုဇုန် ၂၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်ဖြစ်ပြီး တစ်ဆင့်ဆက်သွယ်လှူဒါန်းချင်ရင်တော့ ကျော်ထူးအောင် ဖုန်း ၀၉-၇၉၉၉၅၀၅၆၆ နဲ့ ၇၉၉၉၉၂၈၂၂ ကိုဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါတယ်။ ■




## ဈေးဝယ်လမ်းညွှန်

### တစ်နေ့ ၆ နာရီ ဝတ်ထားတာနဲ့ အဆီတွေသိသာစေမယ့် Instant Hourglass Shape

ဗိုက်ခေါက်မှာ အဆီတွေစုလာတာပဲဖြစ်ဖြစ်၊ ခါးမှာ အဆီတွေရှိနေတာပဲ ဖြစ်ဖြစ် အခုညွှန်ပေးချင်တာတော့ Instant Hourglass Shape ညွှန်းချင် တယ်။ ဒီပစ္စည်းက တစ်နေ့ကို ၆ နာရီဝတ်ပေးထားတာနဲ့ ဗိုက်နဲ့ ခါးက အဆီတွေကို ၁ လက်မလောက်ကျပါတယ်လို့ ရောင်းချသူကဆိုပါတယ်။ ဝတ်ထားတဲ့အချိန် တွေမှာ ပေ့ါပေ့ါပါးပါးရှိပြီး လိပ်တတ်လာတွေ၊ လည်ထွက်တာတွေမရှိဘဲ ကိုယ့် စိတ်ကြိုက်အလျှော့အတင်းပြုလုပ်နိုင်ပါတယ်လို့ ထပ်ဆင့်ဆိုပါတယ်။ ကိုယ် အလေးချိန် ၁၀၀ ကနေ ၂၂၀ အထိ အသုံးပြုနိုင်မှာဖြစ်ပြီး ဈေးနှုန်းက ၁၆၀၀၀ ကျပ်ဖြစ်ပါတယ်။ အထူးဝန်ဆောင်မှုကတော့ မှာယူထားတဲ့ပစ္စည်းမှာ အဆင်မပြေတာရှိရင် အဆင်ပြေအောင် ဝန်ဆောင်မှုပေးနေတာဖြစ်ပါတယ်။ ရန်ကုန်မြို့တွင်း ပစ္စည်းမှာယူသူတွေ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးမှာဖြစ်ပြီး နယ်ကမှာယူသူတွေကို ကားဂိတ်ကနေတစ်ဆင့် ပို့ဆောင်ပေးမှာပါ။ ဝယ်ယူချင်တယ်ဆိုရင်တော့ ဖုန်း ၀၉-၇၉၆၉၇၅၉၆၉ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■



**ယနေ့** လက်ရှိအချိန်တွင် ပြည်သူအများ စိတ်ဝင်တစားဖြင့် စောင့် ကြည့်နေကြရသည့်ကိစ္စတစ်ခုမှာ ရခိုင်ပြည်နယ် မြောက်ဖျားရှိ ဘူးသီးတောင်၊ မောင်တောဒေသတွင် ဖြစ်ပေါ်နေသည့်ဖြစ်စဉ်များပင် ဖြစ်သည်။ အဆိုပါဖြစ်စဉ်များကြောင့် ယနေ့အချိန်အထိ ရဲတပ်ဖွဲ့ဝင်ကိုးဦးနှင့် တပ်မတော်သားငါးဦး ကျဆုံးခဲ့ရပြီး အကြမ်းဖက်သမား ၂၉ ဦးကို အသေဖမ်းဆီးရမိခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ ထို့အတူ ဖမ်းဆီးရမိသူ ၂၉ ဦးကိုလည်း စစ်တွေအကျဉ်းထောင်တွင် နှစ်ဦး၊ မောင်တောဒေသအချုပ်ခန်းတွင် ၂၇ ဦးထားရှိကာ တရားဥပဒေနှင့်အညီစုံစမ်း စစ်ဆေးမှုများ ပြုလုပ်နေသည်ဟုလည်း ဆိုထားသည်ကို ကြားခဲ့ရသည်။ ထိုသတင်းများနှင့်အတူ ယခုရက်ပိုင်းတွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းနေမှုသတင်းများကို နောက်ဆက်တွဲ ကြားသိနေခဲ့ရသည်။

တစ်ဆက်တည်း ထွက်ပေါ်လာသည့်စာရင်းများအရ အဆိုပါဒေသတွင် လူဦးရေမှာ ဘင်္ဂါလီခုနစ်သိန်းကျော် (၇၆၅,၈၆၂) ဦးရှိပြီး ရခိုင်တိုင်းရင်းသားလူဦးရေမှာ တစ်သိန်းကျော် (၁၂၂,၀၄၁)ဦးရှိကြောင်း၊ ဘူးသီးတောင်၊ မောင်တောဒေသတွင် ရပ်ကွက်ပေါင်း ၁၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၀၄ စု၊ ကျေးရွာပေါင်း ၉၀၅ ရွာရှိကြောင်း၊ ရခိုင်တိုင်းရင်းသားကျေးရွာ မှာ ၃၄၉ ရွာရှိပြီး ဘင်္ဂါလီကျေးရွာ ၅၃၆ ရွာရှိကြောင်းနှင့် ထိုအထဲတွင် ရခိုင်တိုင်းရင်းသားများနှင့် ဘင်္ဂါလီတို့ အတူတကွပူးတွဲနေထိုင်သည့်ကျေးရွာ ၂၀ ပါဝင်ကြောင်းလည်း သိခဲ့ရသည်။ အထက်ဖော်ပြပါ စာရင်းကိန်းဂဏန်းများကိုကြည့်ပြီး သုံးသပ်ရလျှင် ရွာများ၏အချိုးမှာ သိပ်ကွာခြားခြင်းမရှိလှသော်လည်း နေထိုင်သည့်လူဦးရေအချိုးမှာ ခြောက်ဆကျော်မျှရှိကြောင်း တွေ့ရသည်။

ထိုဒေသတွင် လတ်တလောဖြစ်ပေါ်နေသည့်ကိစ္စရပ်များနှင့်ပတ်သက်ပြီး ယခင်သမိုင်းကြောင်းများအရ မည်သို့မည်ပုံရှိခဲ့ကြသည်။ မည်သည်တို့ကို အခြေခံခဲ့သည်နှင့် ထိုဒေသသည် မည်သို့သောမြေပြင်အခြေအနေ ပထဝီအနေအထားတွင် တည်ရှိနေသည်၊ ဒီအတွက် နောက်နောင် ရေရှည်ကာလများတွင် သားစဉ်မြေးဆက် အကျိုးစီးပွားနှင့်ဆက်စပ်သည့်အနာဂတ် အစီအမံများသည်လည်း မည်သို့ရှိနေကြလေမည်ကို ပြည်သူအများကလည်း စောင့်ကြည့်လေ့လာလျက် အထူးစိတ်ဝင်တစားရှိနေကြသည်ဟု သတင်းများက ဆိုထားကြသည်။ ဒီအတွက်လည်း ဤသို့သောအကြောင်းချင်းရာနှင့် ဆက်စက်သက်ဆိုင်သည့် ဆောင်းပါးတစ်ပုဒ်ရေးထုတ်ရန် အတွေးရလာခြင်းနှင့်အတူ ဘာသာရေး၊ လူမျိုးရေး သွေးထိုးလှုံ့ဆော်မှု ဖြစ်ပေါ်စေသည့် စကားလုံးအသုံးအနှုန်းများကို ရှောင်ကြဉ်ကာ ရေးသားတင်ပြသွားရန် အကြောင်းဖန်လာခြင်းဖြစ်သည်။

ပထဝီအနေအထား ဤအကြောင်းပြောရလျှင် အဆိုပါဒေသ၏ ပထဝီမြေပြင်အရ တည်ရှိမှုအနေအထားကို စပြောမှရမည်။ ယခုလက်ရှိ ပဋိပက္ခဖြစ်ပွားနေသည့် မောင်တော၊ ဘူးသီးတောင်ဒေသသည် အိမ်နီးချင်းတစ်ဖက်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့်ဒေသဖြစ်ပြီး လူဦးရေအလွန်များပြားသည့် တစ်ဖက်နိုင်ငံ၏ဂင်္ဂါ ယ်ကွေ့ဒေသအတွင်း ကျရောက်လျက်ရှိနေသည်။ မောင်တောဒေသမှာမူ တစ်ဖက်နိုင်ငံရှိမြို့နှင့် **နတ်မြစ်**သာခြားလျက်တည်ရှိပြီး တစ်ဖက်ကမ်းကို ကူးလိုက်ရုံမျှဖြင့်ရောက်သည်။ မောင်တောဒေသ အထက်ဘက်ပိုင်း လွင်ပြင်နှင့် တောင်တန်းများတစ်လျှောက် နယ်ခြားစောင့်ကင်းစခန်းများ၊ ကာရံထားသည့်ခြံစည်းရိုးများကို ကျော်လွန်လိုက်လျှင် အလွယ်တကူပင် ကျူးကျော်နေထိုင်နိုင်သည့်အနေအထားတွင်ရှိသည်။ ဘူးသီးတောင်ဒေသမှာမူ မောင်တောဒေသ၏အရှေ့ဘက်တွင်ကပ်လျက် ဆက်စပ်တည်ရှိပြီး အထက်ပိုင်းဒေသမှာမူ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသဖြင့် အဆိုပါဒေသနှစ်ခုပေါင်းပြီး မောင်တော၊ ဘူးသီးတောင်ဒေသ တစ်ခုလုံးဟု ပေါင်းစပ်ကာ အထက်ပါအပိုဒ်တွင် လူဦးရေကိုပါထည့်သွင်းပေါင်းစပ် တွက်ချက်ကြရခြင်းဖြစ်သည်။ ဆိုလိုသည်မှာ မောင်တောနှင့် ဘူးသီးတောင် နှစ်မြို့စလုံးကိုပင် ပေါင်းစပ်ကာ ဒေသတစ်ခုတည်းအဖြစ် ရှုမြင်ကြရမည်ဖြစ်သည်။

## သမိုင်းနောက်ခံ

၁၇၈၄ ခု လေးမြို့ခေတ်၌ မင်းစောမွန် ဘုရင်သည် မြန်မာဘုရင်ကို စစ်ရှုံးပြီး ဘင်္ဂလားဒေသရှိ ဂေါ်လ်ဒေသသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ဘင်္ဂလားဂေါလ် ဆူလတန်ဘုရင်၏ အကူအညီဖြင့် တစ်ဖန်မြန်မာများထံမှ ရခိုင်ထီးနန်းကို အရယူခဲ့ရသည်။ ထိုမှတစ်ဖန် အေဒီ ၁၄၃၀တွင် မြောက်ဦးမြို့တည်၍ မြောက်ဦးခေတ်ကို စတင်တည်ထောင်ခဲ့သည်။ မြောက်ဦးခေတ်တွင် ရခိုင်တပ်မတော်၌ အာရပ်မှစစ်သည်တော်များ၊ ဥရောပမှ ပေါ်တူဂီများနှင့် ဂျပန်တို့ပါ အမှုတော်ထမ်းခဲ့သည်ကိုတွေ့ရှိရပြီး ယင်းတို့ကို ရခိုင်တို့က ကမန်ဟု ခေါ်ဝေါ်ခဲ့ကြသည့်နည်းတူ တိုင်းရင်းသားမျိုးနွယ်စုအဖြစ် အသိအမှတ်ပြုထားကြသည်။ ယင်းမွတ်ဆလင်ဘာသာဝင် ကမန်လူမျိုးတို့သည် ပြဿနာဖန်တီးခြင်း၊ ရခိုင်တို့နှင့် ဘာသာရေးအဓိကရုဏ်း၊ လူမျိုးရေးအဓိကရုဏ်းဖန်တီးခြင်းမျိုးကို လုံးဝပြုလုပ်ခြင်းမရှိဘဲ ရခိုင်ပြည်နှင့် ရခိုင်လူမျိုးအပေါ် သစ္စာရှိရှိဖြင့် ရခိုင်တို့နှင့် အေးအတူပူအမျှ ငြိမ်းချမ်းစွာနေထိုင်လာခဲ့ကြသော လူမျိုးတစ်မျိုးဖြစ်သောကြောင့် ရခိုင်ပြည်၌ ဤကဲ့သို့




အစ္စလာမ်ဘာသာကိုးကွယ်သော ရခိုင်တိုင်းရင်းသား ကမန်လူမျိုးရှိသည်ကိုပင် သတိပြုရန် မေ့နေခဲ့ကြသည်ဟု ဆိုခဲ့ကြသည်။ သို့သော်လည်း မိမိကို မိမိရိုဟင်ဂျာဟု ကြွေးကြော်နေသူများမှာ ၁၈၂၅ နောက်ပိုင်း ရခိုင်ကိုအင်္ဂလိပ်တို့ သိမ်းပိုက်ပြီးမှ ဝင်ရောက်လာသော အစ္စလာမ်ဘာသာကိုးကွယ်သည့် စစ်တကောင်းတောင်တန်းနေ ဘင်္ဂါလီများသာဖြစ်သည်ဟု သမိုင်းမှတ်တမ်းများက ဆိုခဲ့ကြလေသည်။

## အင်္ဂလိပ်မင်းတို့၏စိုးရိမ်သောက ရခိုင်အဓိကရုဏ်းအစ

၁၈၂၅ တွင် ရခိုင်ပြည်၌ မွတ်ဆလင်ဦးရေ ၃၀,၀၀၀ ရှိခဲ့ရာမှ ၁၉၃၀ ပြည့်တွင် ၂၁၇,၀၀၀ ထိတိုးတက်ရှိခဲ့ရာ ဗြိတိသျှအစိုးရက မွတ်ဆလင်ဦးရေတိုးလာမှုကိစ္စကို စိုးရိမ်လာသောကြောင့် အခြေအနေစုံစမ်းရန် ၁၉၃၉ ခုနှစ်၌ စုံစမ်းရေးကော်မရှင်တစ်ခုဖွဲ့စည်းပေးခဲ့ရာ ကော်မရှင်က မွတ်ဆလင်ဦးရေ အတားအဆီးမရှိ တိုးဝင်လာမှုကို မဟန့်တားပါက နောင်အခါ၌ လူမျိုးရေးပဋိပက္ခများ ဖြစ်နိုင်ကြောင်း အစီရင်ခံခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြောင့် မည်သို့မျှ မလုပ်နိုင်ခဲ့ပေ။ အစီရင်ခံသည့်အတိုင်းပင် ၁၉၄၂ တွင် ကုလား-ရခိုင်အဓိကရုဏ်း ဖြစ်ခဲ့လေသည်။ မောင်တောမြို့နယ်ရှိ ရခိုင်ရွာအားလုံး ဖျက်ဆီးခံရသည်။ ရခိုင်တချို့မှာ ပြည်တွင်းသို့ ဝင်ပြီး တချို့မှာ အင်္ဂလိပ်ပိုင်နက် ဒိန်နာဂျပူသို့ ထွက်ပြေးခဲ့ကြရသည်။ ၁၉၄၂ မတိုင်မီက မောင်တောမြို့နယ်အတွင်းတည်ရှိခဲ့သော ရခိုင်ရွာပေါင်း ၁၉၅ ရွာမှာ ၁၉၉၂ ခုနှစ်တွင် ၄၆ ရွာသာ ကျန်ရှိတော့ကြောင်းကိုလည်း သမိုင်းမှတ်တမ်းများတွင် ဖော်ပြခဲ့ကြသည်။ ကျန်ရွာများအား မွတ်ဆလင်များက လူဦးရေအသာစီးရမှုဖြင့် သိမ်းပိုက်ခဲ့ကြပါသည်မှာ သမိုင်းကြောင်းများက သက်သေခံလျက်ရှိကြသည်။

## တစ်ဆင့်တက်ပြောင်းလဲလာမှု

၁၉၄၂ ဂျပန်များဝင်လာသောအခါ ရခိုင်များကိုသတ်ဖြတ်ခဲ့သော ကုလားအဖွဲ့သည် ဘာသာရေးအသွင်ပြောင်းကာ ဂျမေယာတူအိုလမာအသင်း ဖွဲ့စည်းကြသည်။ အဖွဲ့ဥက္ကဋ္ဌမှာ အုံမော်မျာ (ဘီအေဘီအယ်လ်) ဖြစ်သည်။ အုံမော်မျာအဖွဲ့သည် အနောက်ပါကစ္စတန်မှ အော်လနာမူဟာမတ် မူဇဟတ်ခန်နှင့် မော်နာအီဖြာဟိန်းတို့ကိုခေါ်၍ မူဂျာဟိန်းအဖွဲ့ ဖွဲ့စည်းကြသည်။ ပါကစ္စတန်နယ်သို့ ရခိုင်ပြည်ထည့်သွင်းရေးအစီစဉ်ပင် ဖြစ်သည်။ စစ်ရေးအရ မြန်မာစစ်တပ်နှင့် မယှဉ်ပြိုင်နိုင်သော မူဂျာဟိန်းတို့သည် အခြားတိုင်းရင်းသားများနည်းတူ အခွင့်အရေးရလို၍ မစ္စတာဂေါ်ဖားက ရိုဟင်ဂျာဟူသော လူမျိုးသစ်တစ်ခုကို ၁၉၅၀ စက်တင်ဘာလထုတ် ဂါးဒီးယန်းသတင်းစာတွင် အသက်သွင်းခဲ့သည်။

သို့သော် ၁၉၅၁ ဇွန်လတွင် ကျင်းပခဲ့သော အလယ်သံကျော် မွတ်ဆလင်ညီလာခံကမူ ရိုဟင်ဂျာမဟုတ်ဘဲ ဗမာမွတ်ဆလင်ကဲ့သို့ ရခိုင်မွတ်ဆလင်လူမျိုးဟု ခေါ်ဝေါ်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ရခိုင်တို့က ငါတို့ရခိုင်တွင် မွတ်ဆလင်ဘာသာဝင် မရှိဟုပြောလာကြသောအခါ ရိုဟင်ဂျာဘက်သို့ ဖောက်ထွက်ရန် ထွက်ပေါက်ရှာလာကြသည်။ ၁၉၆၀ ပတ်ဝန်းကျင်တွင် ရိုဟင်ဂျာသတင်းစာ၊ ရန်ကုန်တက္ကသိုလ် ရိုဟင်ဂျာကျောင်းသားအသင်းထိ လှုပ်ရှားလာခဲ့ကြသည်။ ၁၃၊ ၅၊ ၈၈ နေ့က မောင်တောမြို့နယ်တွင် အလွန်ကြောက်မက်ဖွယ်ကောင်းသော ကုလားလှုပ်ရှားမှုတစ်ခုဖြစ်ပွားခဲ့သည်။ ကုလား ၅၀,၀၀၀ ခန့်သည် မောင်တောမြို့ကို အရပ်ရှစ်မျက်နှာမှ ဝိုင်းပြီးဟစ်အော်ကြွေးကြော် မီးရှို့သတ်ဖြတ် ရန်ချိတက်လာခဲ့ကြသည်။ လှုပ်ရှားမှုမှာ ညနေရှစ်နာရီခွဲမှ နောက်တစ်နေ့နံနက် ၃ နာရီခွဲအထိ ကြာခဲ့သည်။ သူတို့ဘာသာစကားဖြင့် 'ဘုရားသခင်အလိုကျ တိုက်ပွဲဝင်ကြ၊ မင်းတို့တိုင်းပြည် ငါတို့တိုင်းပြည်ဖြစ်ရမည်' ဟူ၍ဟစ်အော်ကြသည်။ ထို့နောက် ၂၀၁၂ ခုနှစ်တွင်တစ်ကြိမ် စစ်တွေ၊ ရသေ့တောင်၊ မောင်တော၊ ဘူးသီးတောင်ဒေသများတွင် အဓိကရုဏ်းများ ပြင်းပြင်းထန်ထန်ပေါ်ပေါက်ခဲ့ပြန်သည်။

## ယခုလက်ရှိ ဒေသခံရခိုင်လူမျိုးတို့၏ ဆန္ဒအသံ

ယခင်က အကြိမ်ကြိမ်ဖြစ်ပွားခဲ့ပြီး ယခုအချိန်တွင် ပို၍ ကြီးကြီးမားမားဖြစ်သည့်အတွက်ကြောင့် ထပ်မဖြစ်ရန် ဂရုစိုက်ပြီး တပ်များအင်အားဖြည့်တင်းကာ လုံခြုံရေးစိတ်ချရအောင် ဆက်လက်ဆောင်ရွက်ပေးစေခြင်း၊ ၎င်းတို့အားလုံး စိတ်လုံခြုံမှုရှိပြီး အကြောက်တရားများလျော့ပါးအောင် အကြမ်းဖက်စီးနင်း တိုက်ခိုက်သူများနောက်သို့ ပါရှိသွားသည့် လက်နက်များ အမြန်ဆုံးပြန်ရအောင် ဆောင်ရွက်ပေးရေး၊ တိုင်းရင်းသားရွာများ ဆက်လက်ရပ်တည်နေထိုင်နိုင်ရေး အစိုးရအနေနှင့် ကူညီထောက်ပံ့ပေးရေး၊ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ပေးရေးနှင့် ဒေသခံရခိုင်လူမျိုးများကိုပြည်သူ့စစ်များဖွဲ့စည်းပေးပြီး လက်နက်များတပ်ဆင်ပေးရေးနှင့် နယ်စပ်မှတစ်ဆင့် လူဝင်လူထွက်များ စစ်ဆေးကြပ်မတ်မှုမရှိဖြစ်နေသည်ကို တိတိကျကျဆောင်ရွက်ပေးရေးအပြင် ကျေးရွာများ၌ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးယန္တရားဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရေး စသည့်အချက်များကို တောင်းဆိုတင်ပြခဲ့ကြသည်ဟု ဆိုသည်။

## အစ္စလာမ် ဘာသာရေးအသိုင်းအဝိုင်းမှ ထွက်ပေါ်ချက်

အစ္စလာမ်ဘာသာရေး အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များအနေနှင့်လည်း ယခုဖြစ်စဉ်နှင့်ပတ်သက်ပြီး ၎င်းတို့အနေနှင့် များစွာစိတ်မကောင်းဖြစ်မိပြီး ဘယ်အကြမ်းဖက်မှုမျိုးကိုမဆို လက်မခံဘဲ ၎င်းတို့အနေနှင့် အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဥပဒေနှင့်အညီ လိုက်ပါဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သူများနှင့် ပတ်သက်သည့် ရရှိသောသတင်းများကို သက်ဆိုင်ရာကို သတင်းပို့တင်ပြမည်ဖြစ်ကြောင်းနှင့် ၎င်းတို့၏ လုံခြုံမှုအတွက်လည်း အစိုးရအနေနှင့် ကူညီပြီး ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုသည်ဟု တာဝန်ရှိသူများထံ တင်ပြခဲ့ကြသည်ဟုကြားခဲ့ရသည်။

## အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်နိုင်ငံက ရပ်တည်ချက်

အိမ်နီးချင်းနိုင်ငံလည်းဖြစ်သလို ဘာသာတူလူမျိုးများ အများအပြားနေထိုင်သည့်နိုင်ငံလည်းဖြစ်သော ထိုနိုင်ငံကလည်း အကြမ်းဖက်မှုမှန်သမျှ ၎င်းတို့လက်မခံဟုရပ်တည်ထားပြီး လက်နက်ကိုင် တိုက်ခိုက်ခဲ့သည့်ကိစ္စတွင် ပါဝင်ပတ်သက်ခဲ့သူနှစ်ဦးကို လာရောက်ပြီးအပ်နှံထားခြင်းကပင် သက်သေဖြစ်ကြောင်း ပြန်ကြားထားသည်ဟု အစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၏ သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထုတ်ဖော်ပြောဆိုထားခဲ့သည်။

## အာဆီယံနိုင်ငံများ၏ ရပ်တည်မှု

အာဆီယံနိုင်ငံများထဲ၌ အစ္စလာမ်ဘာသာကိုးကွယ်သည့် နိုင်ငံသုံးနိုင်ငံမှာ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့ရှိပြီး ထိုအထဲမှ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီးက အင်ဒိုနီးရှားအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးလွတ်လပ်ခွင့်နှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်ရန် မလိုလားပါကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအစိုးရက လူ့အခွင့်အရေးကာကွယ်ရေး လက်ကိုင်ထားဆောင်ရွက်နေသည်ကို အင်ဒိုနီးရှားနိုင်ငံအနေနှင့် ယုံကြည်ပါကြောင်း သိရှိခဲ့ရသည်။ အင်ဒိုနီးရှားနိုင်ငံသည် အစ္စလာမ်ဘာသာဝင် သန်းပေါင်းများစွာနေထိုင်သည့် နိုင်ငံဖြစ်ပြီး အဆိုပါ သံအမတ်ကြီး၏ ရပ်တည်ပြောကြားချက်များကို အခြားနှစ်နိုင်ငံဖြစ်သည့် ဘရူနိုင်းသံအမတ်ကြီးနှင့် မလေးရှားနိုင်ငံသံအမတ်ကြီးကလည်း ထောက်ခံပြီး ထိုအတိုင်း ရပ်တည်ခဲ့ကြသည်ဟု သတင်းစာရှင်းလင်းပွဲ၏ထုတ်ပြန်

စာမျက်နှာ 23 သို့

... စက်မှုဇုန်များ၊ မွေးမြူရေးဇုန်များ၊
စိုက်ပျိုးရေးဇုန်များ ထူထောင်ပြီး
ကုန်ထုတ်လုပ်ငန်းများ လုပ်ဆောင်ကြ
စေခြင်းဖြင့် သူ့ဘက်ကိုယ့်ဘက်
နှစ်ဖက်စလုံးညီမျှစွာ အလုပ်အကိုင်
ဖန်တီးပေးရမည်။

# နိုင်ငံခြားငွေလဲနှုန်း၊ လုပ်ခလစာ၊ အထွေထွေကုန်ဈေးနှုန်း

ဒေါက်တာအောင်ကိုကို
(စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)




မက်ခရိုစီးပွားရေး၏ အခြေခံအချက်များဖြစ်သည့် GDP ဖွံ့ဖြိုးတိုးတက်မှုနှုန်း၊ ငွေကြေးဖောင်းပွမှုနှုန်း၊ အပြည်ပြည်ဆိုင်ရာငွေပေးယူရှင်းတမ်း (Balance of Payments)၊ အထွေထွေကုန်ဈေးနှုန်းအခြေအနေ၊ အလုပ်လက်မဲ့နှုန်း စသည်တို့သည်လည်း နိုင်ငံခြားငွေလဲနှုန်းအပေါ်တွင် အဆုံးအဖြတ်ပေးပါသည်။

ယင်းအချက်များသည် နိုင်ငံသားများ၏ ဝယ်လိုနိုင်စွမ်းအားပမာဏကို ဖြစ်တည်စေနိုင်ပြီး နိုင်ငံသားများ၏ သာယာဝပြောမှုအခြေအနေကို ညွှန်ပြသော ညွှန်းကိန်းများလည်း ဖြစ်ပေသည်။

ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခြင်းနှင့်အတူ ငွေကြေးစီးဆင်းမှု (Capital Flows) နှင့် ကုန်သွယ်ရေးစီးဆင်းမှုများ (Trade Flows) များရှိလာပြီး ယင်းတို့မှတစ်ဆင့် ငွေကြေးလဲလှယ်နှုန်းထား (Foreign Exchange Rate) ကိုလည်း ပြောင်းလဲစေနိုင်သည်။ ပြည်တွင်းနိုင်ငံခြားငွေလဲလှယ်နှုန်းဈေးကွက်တွင်းရှိ ပုံမှန်ဆက်ဆံမှုအနေနှင့် ယင်းနှစ်ချက်နှင့် ဆက်စပ်သည့် (ပုံကြည့်) Mechanism ကိုတွေ့ရသည်။

ကျပ်ငွေတန်ဖိုး ကျရသည့် အခြေခံအကြောင်းရင်းတစ်ခုအနေနှင့် စဉ်းစားလျှင် မြန်မာနိုင်ငံမှ အရင်း အနှီးများ ပြည်ပသို့ စီးဆင်းသွားသော အခြေအနေနှင့် မြန်မာနိုင်ငံ၏ သွင်းကုန်များ မြင့်မားလာသော (ကုန်သွယ်ရေးလိုငွေပြမှု ကြီးမားလာသော) အခြေအနေတို့တွင် ဖြစ်ပေါ်လေ့ရှိသည်။ အခြားတစ်ဖက်တွင် ကျပ်ငွေတန်ဖိုး မြင့်တက်သောအခြေအနေ၏ အကြောင်းရင်းများအနေနှင့် နိုင်ငံခြားမှ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာသောအခြေအနေနှင့် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်များ မြင့်တက်လာသောအခြေအနေတို့တွင် ဖြစ်ပေါ်လေ့ရှိသည်။

ထို့ကြောင့် ယနေ့မြန်မာကျပ်ငွေတန်ဖိုးကျဆင်းနေခြင်းတွင် (၁) မြန်မာကျပ်ငွေကို ရောင်းချပြီး အမေရိကန်ဒေါ်လာ ဝယ်လိုအား မြင့်တက်လာခြင်း (တစ်နည်းအားဖြင့် မြန်မာကျပ်ငွေ၏ ပကတိတန်ဖိုးမှာ ဆက်လက်၍ အနာဂတ်တွင်လည်း ကျဆင်းလာနိုင်သည်ဟု ယူဆသောကြောင့် အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူစုဆောင်းမှုများ ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာခြင်း)၊ (၂) မြန်မာနိုင်ငံ၏ သွင်းကုန်မြင့်တက်လာခြင်းနှင့်အတူ ယင်းအတွက်လိုအပ်သော အမေရိကန်ဒေါ်လာ လိုအပ်ချက်မြင့်တက်လာခြင်းဟူ၍ အခြေခံအားဖြင့် စဉ်းစားနိုင်သည်။

ဤတွင် ဗဟိုဘဏ် (Central Bank) နှင့်တကွ ပြည်တွင်းဘဏ်များ (Commercial Banks) လက်ဝယ်ရှိ နိုင်ငံခြားငွေကြေးပမာဏနှင့် ယင်းလိုအပ်ချက် မြင့်တက်လာနေသော နိုင်ငံခြားငွေတို့အကြားတွင် ဖြစ်ပေါ်လာနိုင်သောကွာဟမှု (Gap) အနေအထား၊ ဗဟိုဘဏ်နှင့် ပြည်တွင်းဘဏ်များအားလုံး၏ ငွေပေးငွေယူရှင်းတမ်းများ (Balance Sheets) ၏အနေအထားပေါ်တွင်မူတည်ကာ ငွေကြေးတန်ဖိုး (Currency Value) နှင့် ယုံကြည်စိတ်ချရမှု (Confidence) တို့ ပြောင်းလဲလာလေ့ရှိသည်။

အရင်းအနှီးစီးဆင်းမှုများ (Capital Flows) တွင် ပြည်ပမှပြည်တွင်းသို့ စီးဝင်မှုများ (Capital Inflows) ရှိနိုင်သကဲ့သို့ ပြည်တွင်းမှ ပြည်ပသို့ စီးထွက်မှုများ (Capital Outflows) လည်း ရှိနိုင်သည်။ အလားတူပင် ကုန်စည်နှင့်ဝန်ဆောင်မှုများ (Goods and Service)၊ လုပ်သားများ (Lobours) စသည်တို့သည်လည်း ပြည်ပပို့ကုန်များ (Exports)၊ သွင်းကုန်များ (Imports) ဟူ၍လည်းကောင်း၊ လုပ်သားများရွှေ့ပြောင်းမှုများ (ပြည်တွင်း၊ ပြည်ပ) ဟူ၍လည်းကောင်း ရှိလေရာ ယင်းတို့၏ စီးဆင်းမှုများ (Flows) နှင့် ရွှေ့ပြောင်းမှုများ (Mobility) ၏အခြေခံအကြောင်းရင်းများမှာ ‘လုပ်ခ (Wage)၊ ကုန်ဈေးနှုန်း (Prices)’ များဟု ယူဆနိုင်သကဲ့သို့ အမြတ်အစွန်း ရရှိနိုင်မှု (Profit)၊ ဆုံးရှုံးနစ်နာနိုင်မှု (Risk) ဟူသောအချက်များနှင့်လည်း ဆက်စပ်နေလေ့ရှိသည်။

ဥပမာ - ယနေ့မြန်မာနိုင်ငံသို့ စီးဝင်လာခဲ့သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ (FDI) မှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၃ ဘီလီယံကျော်ခန့်အထိ မြင့်တက်လာနေသည်ဆိုသော်လည်း အထက်ပုံဇယားအတိုင်းဆိုလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာသည်နှင့်အမျှ မြန်မာကျပ်ငွေတန်ဖိုးမှာ မြင့်တက်လာရမည်ဖြစ်သည်။ သို့သော် ယင်းကဲ့သို့ FDI အပါအဝင် နိုင်ငံခြားငွေကြေးအထောက်အပံ့များ ဤကဲသို့မြင့်တက်လာသော်လည်း မြန်မာကျပ်ငွေတန်ဖိုး ကျဆင်းနေရခြင်းသည် လွန်စွာ (လွန်စွာ) စိတ်ဝင်စားဖွယ်ဖြစ်သည်။ တစ်နည်းအားဖြင့် ယနေ့လက်ရှိ GDP သည် အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံကျော်ခန့် (ခန့်မှန်း) မျှသာ ဖြစ်သောကြောင့် လက်ရှိ FDI ပမာဏသည် နည်းပါးသည်ဟု မဆိုနိုင်ပေ။ တစ်ချိန်တည်းတွင် ယင်းကဲ့သို့ FDI များအပါအဝင် နိုင်ငံခြားငွေကြေး အထောက်အပံ့များ မြင့်တက်လာလျှင် ယင်းနိုင်ငံခြားငွေတို့ကို မြန်မာကျပ်ငွေအဖြစ်သို့ ပြောင်းရသောကြောင့် အမေရိကန်ဒေါ်လာကိုရောင်းပြီး မြန်မာကျပ်ငွေကို ဝယ်ရသောကြောင့် (မြန်မာကျပ်ငွေ၏ ဝယ်လိုအား မြင့်တက်လာမှုကြောင့်) မြန်မာကျပ်ငွေ တန်ဖိုးတက်လာရမည် ဖြစ်သည်။

ဤသို့ဆိုလျှင် ငွေကြေးဈေးကွက်ကြီးတစ်ခုလုံး၏ ဝယ်လိုအားနှင့် ရောင်းလိုအားပမာဏသည် မြန်မာ့စီးပွားရေးတစ်ရပ်လုံးအတွက် သက်ရောက်မှုပေးနိုင်နေသည်ဟုပင် ယူဆရပေသည်။

ဤကဲ့သို့သော ဝိရောဓိအနေအထားကိုကောင်းစွာ လေ့လာသုံးသပ်လျှင် ယနေ့ထိန်းချုပ်နှုန်းရှင် (Managed Floating System) စနစ်ဖြင့် ထိန်းချုပ်ထားရှိသော ငွေလဲနှုန်းသည် မည်သည့်အချိန်အခါတွင် ထိန်းချုပ်နိုင်စွမ်း မရှိနိုင်တော့ခြင်း (Beyond Manageable Condition) နှင့် ထိန်းချုပ်ရန်မလိုတော့ခြင်း (Free Floating System) ဟူသော အခြေအနေများနှင့် ရင်ဆိုင်ရနိုင်သည်ဆို သည်ကိုလည်း ကြိုတင်သိရှိနိုင်လျှင် အကျိုးရှိပေလိမ့်မည်။

အခြားတစ်ဖက်တွင် အခြေခံလုပ်ခလစာ (Minimum Wage) နှင့် အထွေထွေကုန်ဈေးနှုန်း (General Prices) တို့ကဲ့သို့သော ကိန်းရှင်များနှင့်တကွသော စီးပွားရေးကိန်းရှင်များအကြား ဆက်စပ်တည်ရှိနေမှုကိုလည်း သတိပြုရန် လိုအပ်ပေမည်။

**ဒေါက်တာအောင်ကိုကို**
**(စီးပွားရေးပညာ၊ စီးပွားရေးပေါ်လစီ)**



# ခရီးသည် နှင့် ရန်ကုန်ယာဉ်လိုင်းများ

ခိုင်ချယ်ရီထွန်း

**ရန်ကုန်မြို့တွင်း ခရီးသည်တင်ယာဉ်များ လုံလောက်မှုမရှိခြင်းနှင့် ယာဉ်လိုင်းများအပေါ် အမြင်အချို့ကို စုစည်းဖော်ပြအပ်ပါသည်။**

## "BRT System လိုမျိုး မှတ်တိုင်တိုင်းလည်းရပ်မယ်၊ အစိကမြို့စွန်မဟုတ်တောင် အနီးဆုံးနေရာတွေအထိ ပြေးဆွဲပေးနိုင်မယ့် System လိုမျိုးလေးတွေ ဖြစ်လာစေချင်ပါတယ်"

**မဆုမွန်ထွေး (ခရီးသည်)**



လက်ရှိမြို့တွင်းမှာ ခရီးသည်နဲ့ ပြေးဆွဲပေးနေတဲ့ ယာဉ်လိုင်းတွေကတော့ မမျှသေးဘူးလို့ ထင်ပါတယ်။ မြို့စွန်တွေကနေ မြို့ထဲဆင်းတဲ့ လူဦးရေများတဲ့အခါကျ အလုပ်သွားမယ်ဆို လေးဆယ့်ငါးမိနစ်ခရီးကို နှစ်နာရီလောက် မစီးရတော့ဘူးပေါ့ ။ ဖြစ်နိုင်ရင် ရထားတွေရော၊ ကားတွေပါ အဆင့်မြှင့်လိုက်ရင် ကောင်းမှာပါ။ ကားလမ်းကကျပ်နေမယ်ဆိုရင်တောင် ရထားစီးရလည်း ကောင်းမယ်လို့ ထင်ပါတယ်။ လက်ရှိမှာ BRT လို ယာဉ်လိုင်းမျိုး ထပ်တိုးထားတာမျိုးကို ကြိုဆိုပါတယ်။ ဒါပေမဲ့သူက နေရာအနှံ့မရောက်သလို မှတ်တိုင်တိုင်းလည်း မရပ်တော့ ခရီးသည်တွေအတွက် အခက်အခဲတော့ ရှိတာပေါ့။ BRT ကပြောရမယ်ဆို အေးအေးဆေးဆေး စီးရတယ်။ အပြောအဆိုခံရမယ့် စပယ်ယာလည်းမရှိဘူး။ Safe ဖြစ်တယ်လည်းထင်ရတယ်၊

ရိုးရိုးလိုင်းကားကျ တချို့စပယ်ယာတွေက ဆိုးပေမယ့် သည်းခံစီးရတယ်။ သူက လိုချင်တဲ့နေရာအထိလည်း ရောက်တဲ့အတွက် စီးရတာပဲ။ BRT လို ကားမျိုး များလာမယ်ဆိုရင်တော့ ကောင်းပါတယ်။ BRT System လိုမျိုး မှတ်တိုင်တိုင်းလည်းရပ်မယ်၊ အစိက မြို့စွန်မဟုတ်တောင် အနီးဆုံးနေရာတွေအထိ ပြေးဆွဲပေးနိုင်မယ့် System လိုမျိုးလေးတွေ ဖြစ်လာစေချင်ပါတယ်။

လက်ရှိမှာ ဒိုင်နာလိုကားမျိုးက အသုံးမပြုသင့်တော့ပါဘူး။ ဒိုင်နာတွေက မတော်လို့ စလစ်ဖြစ်ပြီး မှောက်ရင် ခရီးသည် အကုန်သေနိုင်တယ်။ ကားကြီးတွေကျ အပျက်အစီးလည်းနည်းမယ်။ မှောက်တယ်ဆိုရင် ခရီးသည် အကုန်မသေနိုင်ဘူး။ လက်ရှိမှာ ယာဉ်လိုင်းတွေအနေနဲ့ ယာဉ်လိုင်းအသစ်တွေ တိုးမယ်ဆိုရင်လည်း ဥပမာပြောရရင် BRT တစ်ခုတည်းကပဲ ကားလိုင်းတွေထိန်းချုပ်ပြီး လိုင်းကားဆွဲချင်တဲ့ စီးပွားရေးသမားတွေ ရှယ်ယာထည့်ပြီးလုပ်မယ်ဆိုရင် ယာဉ်လိုင်းတွေလည်း အရမ်းကြီးများမလာတော့ဘူးပေါ့။ အခုကတော့ ရုံးတက်ရုံးဆင်းချိန်တွေဆို လိုင်းကားတိုးစီးရတာ အရမ်းပင်ပန်းတယ်။ ဒါကြောင့် စနစ်တကျရှိတဲ့ကားတွေ များလာမယ်၊ ပိုပြေးဆွဲပေးနိုင်မယ်ဆို ပြည်သူတွေအတွက် အဆင်ပြေမယ်လို့ မြင်ပါတယ်။ ■

## "ခရီးသည်တွေက အလုပ်သွားလုပ်ပြီး အိမ်ပြန်တဲ့အခါ လိုင်းကားကို တိုးဝှေ့စီးနေရတာတွေက မဟုတ်သေးဘူး"

**ဦးကျော်ဇင်ရွှေ (BRT ယာဉ်မောင်း)**



ဓာတ်ပုံ - ချယ်ရီ

လက်ရှိမှာ ကျွန်တော်တို့လို BRT ကားမျိုးတွေလို ခရီးသည်သက်သောင့်သက်သာနဲ့ အဆင်ပြေပြေစီးနိုင်တဲ့ ယာဉ်လိုင်းမျိုး လိုအပ်နေပါသေးတယ်။ ကျွန်တော်တို့လိုကားမျိုးဆို ရိုးရိုးယာဉ်လိုင်းတွေလို လူတွေတိုးကြိတ်နေစရာမလိုဘူး။ နောက် ပိုက်ဆံကို တောင်းချင်သလို တောင်းနေတာတွေမရှိဘူး။ ပုံးထဲထည့်သွားရုံပဲ။ နောက် ကျွန်တော်တို့ယာဉ်လိုင်းတွေဆို ရပ်ချင်တဲ့နေရာ ရပ်ခွင့်မရှိဘူး။ နောက် ခရီးသည်တွေ စိတ်ချလုံခြုံမှုရှိအောင်လို့ CCTV ပတ်လည်တပ်ထားတယ်။ တံခါးတွေကလည်း AUTO ပိတ်ထားတဲ့အတွက် အစိကက ရိုးရိုးယာဉ်လိုင်းတွေလို ခါးပိုက်နှိုက်ဖို့မလွယ်ဘူး။ ဒါတွေက ရိုးရိုးကားတွေနဲ့ BRT ကားတွေရဲ့ ကွာဟချက်ပါ။ လက်ရှိမှာ ခရီးသည်နဲ့ ယာဉ်လိုင်းတွေ လုံလောက်မှု မရှိသေးပါဘူး။ လိုအပ်ချက်တွေ အများကြီး ရှိနေပါသေးတယ်၊ BRT လိုကားတွေ မြို့တွင်းမြို့နယ်တွေ အကုန်လုံးကို မပြေးဆွဲပေးနိုင်သေးပေမယ့် နောက်ထပ် မြို့တွင်းမှာ ပြေးဆွဲသွားဖို့ ရှိပါတယ်။

BRT လိုကားမျိုးတွေက ခရီးသည်တွေအတွက် ပိုပြီးအဆင်ပြေတယ်။ ပိုပြီး လုံခြုံမှုပေးနိုင်တယ်။ ရပ်ချင်တဲ့မှတ်တိုင် ရပ်လို့မရတဲ့အတွက် ခရီးသည်တွေ အချိန်ကုန်သက်သာတယ်။ နောက် လိုင်းကားတွေဆို ခရီးသည်အဆမတန်တင်တယ်။ ခရီးသည်တွေက အလုပ်သွားလုပ်ပြီး အိမ်ပြန်တဲ့အခါ လိုင်းကားကို တိုးဝှေ့စီးနေရတာတွေက မဟုတ်သေးဘူး။ အခုက ယာဉ်လိုင်းတွေ တော်တော်များများက စည်းကမ်းမရှိတာက များနေတယ်၊ တချို့ယာဉ်လိုင်းတွေမှာ လိုင်စင်မရှိဘဲ တက်မောင်းနေတာမျိုးတွေ ရှိနေတယ်။ ဒါတွေက ခရီးသည်တွေအတွက် အန္တရာယ်ရှိတယ်။ လိုင်စင်မရှိတဲ့အတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်း နားမလည်ဘူး။ အတင်းဝင် အတင်းထွက်တာမျိုးတွေ လမ်းကြောနားမလည်တာမျိုးတွေက မဖြစ်သင့်တော့ဘူးလို့ထင်တယ်။ ဒါကြောင့် ယာဉ်လိုင်းတွေအားလုံးကိုလိုင်စင်အနီတစ်မျိုးတည်း ထုတ်ပေးထားတာမျိုးက ခရီးသည်တွေအတွက် စိတ်ချယုံကြည်ရမယ်လို့ ထင်ပါတယ်။ ခရီးသည်တွေအတွက် Safe မဖြစ်စေမယ့် ယာဉ်အိုယာဉ်ဟောင်းတွေကိုလည်း အသုံးမပြုတာ ကောင်းပါတယ်။ ■

## "ယာဉ်ကြံ့ခိုင်မှုပိုင်းမှာ အရမ်းကြီးကောင်းမွန်တာမျိုးမရှိတဲ့ ကားမျိုးတွေကို အသုံးပြုနေတာတွေကိုလည်း ပြန်လည်စိစစ်ဆောင်ရွက်ပေးမယ်ဆို ခရီးသည်တွေအတွက် အဆင်ပြေမယ်လို့ ထင်ပါတယ်"

**ဦးသန်းလှိုင် (ယာဉ်နောက်လိုက်၊ ရွှေရန်ကုန်ယာဉ်လိုင်း)**




ဓာတ်ပုံ - ချယ်ရီ

လက်ရှိမှာ ခရီးသည်နဲ့ယာဉ်လိုင်းက မမျှဘူးလို့ ထင်ပါတယ်။ ကျွန်တော်တို့ ကားလိုင်းက ဥက္ကံလို နေရာမျိုးကနေ လာရတဲ့အတွက် တစ်နေ့မှာ တစ်ခေါက်ပဲ ပြေးဆွဲရတယ်ဆိုပေမယ့် ခရီးစကနေ ခရီးဆုံးအထိ လိုက်တဲ့ ခရီးသည်ဆိုတာ အတော်လေးနည်းတယ်။ လက်ရှိဖြစ်နေတဲ့ပြဿနာက အမြဲတမ်း ခရီးသည်အပြည့်ရတဲ့အချိန်ဆိုတာ အတော်လေးရှားတယ်။ တချို့ယာဉ်လိုင်းတွေ အများအားဖြင့် မြို့ထဲမှာမောင်းတဲ့ယာဉ်လိုင်းတွေက ရုံးတက်ရုံးဆင်းလို အချိန်မျိုးမှာ လူအမြဲပြည့်လေ့ရှိပေမယ့် ကျွန်တော်တို့ကားတွေဆို ခရီးသည်မရှိဘူး။ အဲဒီလို ခရီးသည်မရတဲ့အတွက် ကျွန်တော်လို့လိုကားသမားတွေအတွက်ကျ သိပ်အဆင်မပြေဘူးလို့ ပြောလို့ရတယ်။ လက်ရှိမှာ ယာဉ်လိုင်းတွေ လိုအပ်နေသေးတယ်ဆိုပေမယ့် ကျွန်တော်တို့ယာဉ်လိုင်းတွေဆိုရင် ကားအစီးရေကများပြီး ခရီးသည်က နည်းနေတယ်။

ကားများတဲ့အတွက် ခရီးသည်အတွက်က အဆင်ပြေပေမယ့် ကားသမားတွေဘက်ကျ အတော်လေး အဆင်မပြေတာမျိုးတွေ ကြုံရတယ်။ ဒါက မြို့တွင်းခရီးသည်နဲ့ မြို့ပြင်ပိုင်း မြို့နယ်တွေမှာရှိတဲ့ ခရီးသည်တွေရဲ့ ကွာခြားချက်ပါပဲ။ တကယ်လို့ ယာဉ်လိုင်းတွေ ထပ်တိုးမယ်ဆိုရင်တောင် ခရီးသည်တွေ သက်သောင့်သက်သာနဲ့ စီးလို့ရမယ့်ကားမျိုးတွေ ထပ်ပြီးချပေးသင့်ပါတယ်။ လက်ရှိမှာ ရှိနေတဲ့ကားတွေထဲက ယာဉ်ကြံ့ခိုင်မှုပိုင်းမှာ အရမ်းကြီးကောင်းမွန်တာမျိုး မရှိတဲ့ကားမျိုးတွေကို အသုံးပြုနေတာတွေကိုလည်း ပြန်လည်စိစစ်ဆောင်ရွက်ပေးမယ်ဆို ခရီးသည်တွေအတွက် အဆင်ပြေမယ်လို့ ထင်ပါတယ်။ ■

# စလစ်ရှား၍ ဈေးတက်

ရန်ကုန်၊ အောက်တိုဘာ ၂၃

ယာဉ်အိုယာဉ်ဟောင်း အပ်ကားရှားပါးလာခြင်းနှင့်အတူ စလစ်အစောင်ရေများလည်း ရှားပါး လာခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်ကြောင်း မော်တော်ယာဉ်ဈေးကွက်အတွင်းမှ သိရသည်။

စလစ်အရောင်းအဝယ် မကောင်းသော်လည်း စလစ်ဝယ်ယူရန်ခက်ခဲနေခြင်းကြောင့် ဈေးနှုန်းများသည် အမည်ပေါက် တစ်စောင်လျှင် ကျပ်သုံးသိန်းခန့်၊ အမည်မပေါက်သည့် စလစ်တစ်စောင်လျှင် ကျပ်ငါးသိန်း ခန့်နှင့် အပ်ကားတစ်စီးလျှင် ကျပ်ငါးသိန်း ခန့်အထိ ဈေးနှုန်းများမြင့်တက်လာကြောင်း စလစ်ဈေးကွက်အတွင်းမှ သိရသည်။

"အရောင်းအဝယ်က ပါးတယ်။ အပ်ကားရှားလို့ မရဘူး" ဟု စလစ်ဝယ်ရောင်း ဦးမောင်မောင်ဇော်က ပြောဆိုသည်။

စလစ်ဈေးနှုန်းများသည် ဝယ်ယူသူအမည်ပေါက် စလစ်တစ်စောင်လျှင် ယခင်က ကျပ် ၁၀၂ သိန်း ခန့်မှ ယခုအခါ ကျပ် ၁၀၅ သိန်းခန့်သို့ လည်းကောင်း၊ ဝယ်ယူသူ အမည်မပေါက်သည့် စလစ်တစ်စောင်လျှင် ယခင်က ကျပ် ၉၇ သိန်းခန့်မှ ယခုအခါ ကျပ် ၁၀၂ သိန်း ခန့်သို့လည်းကောင်း၊ အပ်ကားတစ်စီးလျှင် ယခင်က ကျပ် ၉၃ သိန်းခန့်မှ ယခုအခါ ကျပ် ၉၈ သိန်းခန့်သို့ လည်းကောင်း ဈေးနှုန်းများမြင့်တက်ကြောင်း စလစ်ဈေးကွက်အတွင်းမှ သိရသည်။ ■

# ရှင်စောပုယာဉ်ရပ်နားစခန်းမှ လက်ရှိကန်ထရိုက် ယခုလကုန်တွင် ရပ်နားမည်

ရန်ကုန်၊ အောက်တိုဘာ ၂၃

သက်တမ်းကုန်ဆုံးနေသော ရှင်စောပုယာဉ် ရပ်နားစခန်းနေရာကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ထပ်မံငှားရမ်းခြင်းရှိ၊ မရှိကို အကြောင်းပြန်ကြားခြင်းမရှိသည့်အတွက် ယခုလကုန်၌ လက်ရှိကန်ထရိုက် ရယူထားသူက ငှားရမ်းခြင်းရပ်နားတော့မည်ဖြစ်ကြောင်း ယင်းကန်ထရိုက်ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အောက်တိုဘာလ ၁၅ ရက်နေ့တွင် အကြောင်းပြန်ကြားမည်ဟု ဆိုသော်လည်း ယခုအချိန်အထိ ထူးခြားချက်မရှိသေး ခြင်းကြောင့် လက်ရှိကန်ထရိုက်မှာ ယခုလကုန်တွင် ရပ်နားတော့မည်ဖြစ်ကြောင်း အဆိုပါယာဉ်ရပ်နားစခန်း ကန်ထရိုက်၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ကြောင့် ယင်းယာဉ်ရပ်နားစခန်းအတွင်း လက်ရှိရပ်နားထားသော ယာဉ်ရောင်းဝယ်သူများက အခြားယာဉ်ရပ်နားစခန်းတစ်ခုခု တည်ဆောက်ပြီးချိန်အထိ ခေတ္တစောင့်ဆိုင်းပေးရန် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အသနားခံစာတင်ထားကြောင်း ၎င်းတို့ထံမှ သိရသည်။

"ဒီနေရာကို ယာဉ်ရောင်းဝယ်ရေးစခန်းအဖြစ် ဖော်ဆောင်ပေးဖို့ တောင်းဆိုတာမဟုတ်ပါဘူး။ သေချာရေရာတဲ့နောက်တစ်နေရာ မရခင်အထိ လက်ရှိအတိုင်း ခဏထားပေးဖို့ပဲ တောင်းဆိုတာပါ" ဟု ရှင်စောပုယာဉ်ရပ်နားစခန်းမှ တစ်နိုင်တစ်ပိုင်ယာဉ်ရောင်းဝယ်သူတစ်ဦးက ပြောဆိုသည်။

ယခုလ ၂၅ ရက်နေ့တွင် ကန်ထရိုက်၏ ရုံးပိုင်းကဏ္ဍများ ရပ်နား၍ လကုန်တွင် လုံခြုံရေးနှင့် အခြားဝန်ထမ်းများကိုဖယ်ထုတ်မည်ဖြစ်ပြီး ကားရပ်နားဝင်းအတွင်း တည်ဆောက်ထားသော ပါကင်နေရာများမှ အမိုးများ၊ Stand များကိုလည်း ဖျက်သိမ်းမည်ဖြစ်ကြောင်း လက်ရှိကန်ထရိုက်က ဆိုသည်။

တစ်ပိုင်တစ်နိုင် ကားရောင်းဝယ်သူများက နေရာအတွက် အစိုးရက တစ်စုံတစ်ခုစီစဉ်ပေးရန် မျှော်လင့်နေကြပြီး တိကျသေချာသော ထုတ်ပြန်ချက် မထွက်လာမီအထိ ယာဉ်ရပ်နားစခန်း၌ ညစောင့်လုံခြုံရေးငှားရမ်းကာ ကားအစီးရေအလိုက် အခကြေးငွေကောက်ခံ၍ တိုင်းဒေသကြီးအစိုးရထံ ပေးသွင်းမည် ဖြစ်ကြောင်း ၎င်းတို့ထံမှ သိရသည်။ ■

## ထိုင်ခုံစွပ်



ဓာတ်ပုံ – ဟိန်းမြတ်စိုး

ဒီထိုင်ခုံစွပ်လေးက လေဝင်လေထွက်ကောင်း အောင်လည်း ပြုလုပ်ပေးနိုင်တဲ့ လေပေါက်လေးတွေ ပါဝင်ပါတယ်။ ဒီထိုင်ခုံစွပ်လေးတွေကို Leather နဲ့ ရှမ်ပိန်းသားဆိုပြီး နှစ်မျိုးရရှိနိုင်မှာဖြစ်ပြီးတော့ အရောင်အားဖြင့်လည်း အညို၊ အမည်း၊ ခဲနဲ့ အသားရောင်ဆိုပြီးတော့ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ထိုင်ခုံစွပ်မှာ အတင်စွပ်နဲ့ အပြည့်စွပ်ဆိုပြီး ရှိတဲ့နေရာမှာ ဒီအစွပ်လေးက အပြည့်စွပ်အမျိုးအစား ဖြစ်ပါတယ်။ ဒီထိုင်ခုံစွပ်လေးတွေကိုတော့ အများအားဖြင့် အိမ်စီးကားသေးတွေ နဲ့ ကားကြီးမှာဆိုရင် Land Cruiser တို့လိုကားမျိုးတွေသာ တပ်ဆင်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ ဈေးနှုန်းတွေကလည်း အသားအပေါ်လိုက်ပြီး ကွာခြားမှုရှိမှာဖြစ်လို့ ကားတစ်စီးလုံးစာအတွက်ဆိုရင် ကျပ် ၄၅၀၀၀ မှ ၇၅၀၀၀ အထိရှိမှာ ဖြစ်ပါတယ်။ ဒီထိုင်ခုံစွပ်လေးကိုဆက်သွယ်ဝယ်ယူချင်တယ်ဆိုရင်တော့ Desire Autoworks (ဂျပန်လမ်းဆိုင်ခွဲ)ဖြစ်တဲ့ No (63-D)၊ သီရိမင်္ဂလာလမ်းမကြီး၊ အရှေ့ရွာမရပ်ကွက်၊ အင်းစိန် မြို့နယ်သို့ဖြစ်စေ၊ ဖုန်းနံပါတ် ၀၉ ၄၂၁၀ ၁၂၃၅၉ သို့ဖြစ်စေ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။ ■

## လတ်တလောဖြစ်ပေါ်နေသော မော်တော်ယာဉ်ဈေးနှုန်းများ

| No. | Vehicle Name | Model Year | Price – Kyats(Lakh) |
|---|---|---|---|
| 1 | Mark 2(ရှေ့ငါး) | 2003 | 200 to 240 |
| 2 | Royal Saloon | 2004 | 310 to 360 |
| 3 | Honda Fit | 2011-12 | 150 |
| 4 | Alphard | 2003 | 320 to 360 |
| 5 | Toyota Wish | 2003-04 | Over 210 |
| 6 | Isuzu(Extra Cab) | 2004 | 160 |
| 7 | Suzuki Swift | 2010-11 | Over 130 |
| 8 | Hijet | 2006-07 | 80 to 90 |
| 9 | Probox | 2011-12 | 110 to 125 |
| 10 | Kluger | 2003-04 | Over 310 |
| 11 | Toyota Ractis | 2010-11 | 135 to 140 |
| 12 | Toyota Vitz | 2011-12 | 130 |
| 13 | Crown Athlete | 2004 | 260 to 330 |
| 14 | Tiger(Double Cab) | 2003 | 270 |
| 15 | Mazda Demio | 2010-11 | 120 to 130 |

မော်တော်ယာဉ်အခြေအနေအပေါ်မူတည်၍ ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## Jokes

### ဖိုင်နယ်ပွဲတော့ ကြည့်ပါရစေ

ဆရာဝန်ထံသို့ လူတစ်ယောက် ရောက်လာသည်။

"ဆရာရယ်။ ကျွန်တော် အိပ်မက်ဆိုးတွေမက်နေတာ လမနည်းတော့ဘူး။ ညတိုင်း ညတိုင်း တိရစ္ဆာန်တွေ ပြိုင်ကားမောင်းတဲ့အကြောင်းချည်း မက်နေတယ်။ ကူညီပါဦးဗျာ"

"စိတ်အရမ်းမပူပါနဲ့ဗျာ။ ဟောဒီ ဆေးပြားလေးကို ဒီည သောက်လိုက်။ ဘယ်တိရစ္ဆာန်တွေ ဘယ်ပြိုင်ကားတွေကိုမှ ခင်ဗျား အိပ်မက်မက်တော့မှာ မဟုတ်ဘူး။ လုံးဝ အသေအချာပဲ"

"ဆရာ . . . ဒီဆေးကို မနက်ဖြန်မှသောက်ရင်မရဘူးလားဗျ"

"ခင်ဗျားက ဒီညကစပြီး ဘာလို့ မသောက်ချင်ရတာလဲ"

"ဒီည ဖိုင်နယ်လေ။ နောက်ဆုံးကွင်းပတ် မောင်းတော့မှာဗျ"

### ပိုပေးမယ်

လူတစ်ယောက် တက္ကစီ ငှားလိုက်သည်။

"ကားဂိတ်ကိုသွားပြီး ကျုပ်ယောက္ခမကို ကြိုပေးပါလား။ ဒေါ်လာ ၅၀ ပေးမယ်"

"တကယ်လို့များ ခင်ဗျားယောက္ခမကြီးက ကားနဲ့ ပါမလာခဲ့ရင်ရော"

"အဲဒါဆို ဒေါ်လာ ၁၀၀ ပေးမယ်"

### ပြိုင်ကားစီးမယ်

အမျိုးသမီးတစ်ယောက် ထီဆယ်စောင်ထိုးလိုက်သည်။ အိမ်ရောက်သောအခါ ထီလက်မှတ်များကို ခင်ပွန်းသည် ဖြစ်သူအားပြ၍ ပြောလိုက်သည်။

"ထီပေါက်ခဲ့ရင် လွန်ဘော်ဂီနီပြိုင်ကား ဝယ်စီးမယ်"

"မပေါက်ခဲ့ရင်ရော"

"အဲဒါဆိုရင်တော့ ရှင်ဝယ်ပေးရမှာပေါ့"

The Voice Daily

လပေးမှာယူဖတ်ရှုသည့်

စာဖတ်ပရိသတ်များ

အဆင်မပြေမှုများရှိပါက

ဆက်သွယ်ရန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)

နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

# အင်ဂျင်ဝိုင် သုတ

**မေ**

တော်ကားတစ်စီး ပုံမှန်အလုပ်လုပ်နေဖို့အတွက် အမျိုးမျိုးအဖုံဖုံသော အရည်တွေ၊ ဆီတွေရဲ့ကဏ္ဍက အလွန်အရေးကြီးပါတယ်။

ဥပမာပြောရရင် ကားတစ်စီးမှာ အင်ဂျင်အအေးပေးဖို့သုံးတဲ့ Coolant အရည်တွေ၊ ဘရိတ်အတွက် ဘရိတ်ဆီ၊ ဂီယာ (Transmission) စနစ်အတွက် ဂီယာဝိုင်တွေအပါအဝင် လေကာမှန်ကိုဆေးဖို့ သာမန်ရေတွေအထိ ဂရုတစိုက် စစ်ဆေးဖြည့်ဆည်းပေးဖို့ လိုပါတယ်။

ဒါပေမဲ့ အင်ဂျင်ဝိုင်က ဆိုခဲ့တဲ့အရည်တွေ၊ ဝိုင် (Oil) တွေထက် မရှိမဖြစ် ပိုအရေးကြီးတယ်။ ကားမှ မဟုတ်ပါဘူး။ စက်ပိုင်းဆိုင်ရာ တော်တော်များများမှာလည်း အင်ဂျင်ဝိုင်က အရေးကြီးတဲ့ လိုအပ်ချက်တစ်ခုလို့ ဆိုနိုင်ပါတယ်။

## အင်ဂျင်ဝိုင်ရဲ့ အရေးကြီးပုံ

ကျန်တဲ့အရည်နဲ့ ဝိုင်တွေဟာ ကားတစ်စီးလုံးရဲ့ အဓိကအစိတ်အပိုင်းဖြစ်တဲ့ အင်ဂျင်နဲ့ တိုက်ရိုက်သက်ဆိုင်ခြင်းမရှိဘဲ အင်ဂျင်ဝိုင်ကသာ အင်ဂျင်နဲ့ တိုက်ရိုက်သက်ဆိုင်နေတာကြောင့်ပါ။

ဒါကြောင့်ပဲ ဒီတစ်ပတ်မှာ စာဖတ်ပရိသတ်ကြီးအတွက် ကျွန်တော်တို့ motors.com.mm ဝိုင်းတော်သားတွေက အင်ဂျင်ဝိုင်နဲ့ပတ်သက်တဲ့ ဗဟုသုတတွေကို စုစည်းဖော်ပြပေးလိုက်ရပါတယ်။ (အင်ဂျင်ဝိုင်နဲ့ ပတ်သက်တဲ့ စိတ်ဝင်စားဖွယ်ရာတွေက အတော်များတာမို့ နောက်ပိုင်း Issue တွေမှာလည်း အလျဉ်းသင့်သလို ထပ်မံဖော်ပြပေးသွားပါမယ်)

## အင်ဂျင်ဝိုင် အလုပ်လုပ်ပုံနဲ့ ကောင်းကျိုး၊ ဆိုးကျိုး

ပထမဆုံး အင်ဂျင်ဝိုင်က အင်ဂျင်ကို ဘယ်လိုအကျိုးပြုသလဲဆိုရင် ကျွန်တော်တို့ သိထားတဲ့အတိုင်း အင်ဂျင်ဝိုင်က အင်ဂျင်အတွင်းမှာ ချောဆီလို အလုပ်လုပ်ပြီး အတွင်းမှာရှိတဲ့ အစိတ်အပိုင်းတွေကို ချောချောမွေ့မွေ့လည်ပတ်နိုင်အောင် ကူညီပေးပါတယ်။ ဒါ့အပြင် အင်ဂျင်ဝိုင်က အင်ဂျင်အတွင်းမှာရှိတဲ့အပူကို အတိုင်းအတာတစ်ခုအထိ စုပ်ယူပေးနိုင်ပြီး အလားတူစွာပဲ အင်ဂျင်အတွင်းမှာရှိတဲ့ အက်စစ်ဓာတ်တွေကို ဓာတ်ပြယ်သွားစေနိုင်အောင်လည်း စွမ်းဆောင်ပေးပါတယ်။ အင်ဂျင်အတွင်းခန်း လောင်ကျွမ်းမှုကြောင့် ဖြစ်လာတဲ့ ကာဗွန်မှုန့်နဲ့ ရေတို့ကိုလည်း စုပ်ယူထိန်းချုပ်ပေးပါတယ်။

ဒီလို ကောင်းကျိုးများစွာပြုနိုင်တဲ့ အင်ဂျင်ဝိုင်က အချိန်ကြာလာတာနဲ့အမျှ အင်ဂျင်အတွင်း အပူချိန်ကြောင့် စွမ်းဆောင်ရည်တွေ ကျလာတတ်ပါတယ်။ အပူကြောင့် သူ့ရဲ့ချောဆီလို အလုပ်လုပ်တဲ့စွမ်းရည်တွေ ကျဆင်းသွားတတ်သလို အက်စစ်ဓာတ်တွေကို ဓာတ်ပြယ်အောင် ပြုလုပ်ပေးနိုင်တဲ့သတ္တိတွေလည်း လျော့ပါးသွားတတ်ပါတယ်။ ဒါ့အပြင် ကာဗွန်မှုန့်တွေကိုလည်း ဆက်လက်စုပ်ယူနိုင်စွမ်း မရှိတော့ပါဘူး။

ဒီလိုဆို သက်တမ်းကုန်သွားတဲ့ အင်ဂျင်ဝိုင်က အင်ဂျင်ကို ဘယ်လိုအန္တရာယ်ဖြစ်စေလောက်တယ်ဆိုတာ ခန့်မှန်းလို့ရပါလိမ့်မယ်။ အင်ဂျင်ဝိုင်စွမ်းဆောင်ရည်ကျသွားတာကြောင့် အင်ဂျင်အတွင်းမှာ အက်စစ်ဓာတ်မြင့်တက်လာနိုင်သလို ကာဗွန်နဲ့ တခြားအညစ်အကြေးတွေက ထောင့်ချိုးနဲ့ အစိတ်အပိုင်းတွေဆီမှာ စုပုံလာပါတယ်။ ပြီးတော့ ချောဆီတွေလိုစွမ်းဆောင်ရည်လည်း ကျသွားတာကြောင့် အင်ဂျင်အစိတ်အပိုင်းတွေ ချောချောမွေ့မွေ့လည်ပတ်ဖို့အတွက် အကူအညီ သိပ်မပေးနိုင်တော့ပါဘူး။

ဒါကြောင့် သက်တမ်းစေ့သွားတဲ့ အင်ဂျင်ဝိုင်ကို အသစ်လဲလှယ်အသုံးပြုသင့်ပြီး အင်ဂျင်ဝိုင် စစ်ဆေးလဲလှယ်တဲ့ကိစ္စကို ပေါ့ပေါ့တန်တန် သဘောမထားစေချင်ပါဘူး။ ဒီလိုဆိုရင် နောက်ပိုင်းမှာ လုပ်ငန်းသုံးကားတွေအတွက်ဆိုရင် ဝင်ငွေထက် ထွက်ငွေက ပိုမိုများပြားသွားနိုင်ပြီး ကိုယ်ပိုင်ကားတွေအတွက်ဆိုရင်လည်း အကုန်အကျများတဲ့ အင်ဂျင်ထိခိုက်ပျက်စီးမှုတွေ ဖြစ်လာပါလိမ့်မယ်။

နောက်တစ်နည်းပြောရရင် လူ့ခန္ဓာကိုယ်မှာ သွေးကအရေးပါသလို အင်ဂျင်တစ်လုံးမှာလည်း အင်ဂျင်ဝိုင်က အလွန်အရေးပါပါတယ်။ လူသားတွေမှာတော့ အဆုတ်နဲ့နှလုံးက ခန္ဓာကိုယ်ထဲ လည်ပတ်နေတဲ့သွေးကို ပြန်လည်သန့်စင်ပေးပေမယ့် စက်ယန္တရားဖြစ်တဲ့ကားတွေမှာတော့ အင်ဂျင်ဝိုင်ကို ကားပိုင်ရှင်က လဲလှယ်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

ခန္ဓာကိုယ်မှာ သွေးမရောက်တဲ့ အစိတ်အပိုင်းတွေက ပုပ်ဆွေးသွားသလို အင်ဂျင်အတွင်းမှာ အင်ဂျင်ဝိုင်မရောက်တဲ့နေရာတွေက ထိခိုက်ပျက်စီးသွားနိုင်ပါတယ်။ အင်ဂျင်ဝိုင်ရဲ့ ဒီလိုအရေးပါအရာရောက်ပုံကို သိရှိပြီးတဲ့အခါ အင်ဂျင်ဝိုင်အမျိုးအစားတွေအကြောင်း ဆက်လက်လေ့လာကြည့်ပါမယ်။

## အင်ဂျင်ဝိုင် အမျိုးအစားများ

အင်ဂျင်ဝိုင်နဲ့ပတ်သက်ပြီး ကားဝါသနာအိုးတွေ သိထားရမယ့် အခေါ်အဝေါ်နှစ်ခုက Mineral Oil နဲ့ Synthetic Oil ဆိုတာပါပဲ။

Brand New မောင်းသူပဲဖြစ်ဖြစ်၊ Used ကားမောင်းသူပဲဖြစ်ဖြစ်၊ ဒီအခေါ်အဝေါ်နှစ်ခုနဲ့ ရင်းနှီးနေသင့်ပါတယ်။

## Mineral Oil ဆိုတာ

Mineral Oil ဆိုတာ ရေနံစိမ်းကနေ ချက်ယူထားတဲ့ချောဆီပါ။ ရေနံစိမ်းကို လောင်စာဆီဖြစ်အောင် အဆင့်ဆင့် ပြုပြင်ချက်လုပ်တဲ့ ဖြစ်စဉ်တွေရဲ့ အဆင့်တစ်ခုကနေ ဖန်တီးထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ ဒီအမျိုးအစားအင်ဂျင်ဝိုင်တွေက ကားတွေ စတင်ပေါ်ပေါက်လာချိန်ကတည်းက ရှိနေခဲ့တာဖြစ်ပြီး Synthetic Oil တွေနဲ့ယှဉ်ရင် ဈေးပိုသက်သာတယ်။



## Synthetic Oil ဆိုတာ

Synthetic Oil ဆိုတာ Mineral Oil ကို အခြေခံပြီး ဓာတုပစ္စည်းတွေ ထပ်ပေါင်းထည့်ထားတဲ့ အင်ဂျင်ဝိုင်မျိုး ဖြစ်ပါတယ်။ ထပ်ပေါင်းထည့်ထားတဲ့ ဓာတုပစ္စည်းတွေထဲမှာ အင်ဂျင်ဝိုင်ကို ပိုမိုအသုံးခံအောင် စွမ်းဆောင်ပေးတဲ့ပစ္စည်းတွေပါဝင်သလို အပူချိန်မြင့်လွန်း၊ နိမ့်လွန်းချိန်မှာ တည်ငြိမ်မှုရှိရှိ အလုပ်လုပ်နိုင်စေတဲ့ပစ္စည်းတွေနဲ့ အင်ဂျင်ဝိုင်ကို ပိုမိုကြည်လင်သန့်စင်စေတဲ့ ပစ္စည်းတွေ ပါဝင်တယ်။ Synthetic Oil တွေက Mineral Oil တွေထက် အရည်အသွေးပိုကောင်း၊ အသုံးပိုခံသလို ဈေးလည်းပိုကောင်းပါတယ်။

## အင်ဂျင်ဝိုင်တွေရဲ့ စံနှုန်း

နောက်ထပ် အင်ဂျင်ဝိုင်တို့ရဲ့အရည်အသွေးကို ဘယ်လိုစံနှုန်းနဲ့ တိုင်းတာလဲဆိုတာ ဆက်ကြည့်လိုက်ရအောင်။

အင်ဂျင်ဝိုင်ဖြည့်ဖို့ (သို့) လဲဖို့ အရောင်းဆိုင်ထဲဝင်ပြီး စင်ပေါ်တင်ထားတဲ့ အင်ဂျင်ဝိုင်ဘူးတွေကို ကြည့်လိုက်တဲ့အခါ ဘယ်လိုထူးခြားမှုမျိုးကို ခံစားရပါသလဲ။

အင်ဂျင်ဝိုင်ဘူးတစ်ဘူးချင်းစီပေါ်မှာ အင်ဂျင်ကို ဘယ်လိုအကျိုးပြုပေးနိုင်တဲ့ စာသားတွေကို တွေ့ရမှာဖြစ်သလို၊ ဆီစားသက်သာစေတယ် ဆိုတာမျိုးအကြောင်းအရာတွေကိုလည်း တွေ့ရပါလိမ့်မယ်။ ဒါ့အပြင် ဘူးတွေပေါ်မှာ 10W-30၊ 5W-40 စတဲ့ ကိန်းဂဏန်းနဲ့ အက္ခရာပေါင်းစပ်ထားတဲ့ ရည်ညွှန်းချက်တွေကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ ဒီရည်ညွှန်းချက်တွေက အင်ဂျင်ဝိုင်ရဲ့ စေးပျစ်မှုကို ဖော်ပြနေတာဖြစ်ပြီး စေးပျစ်မှုစံနှုန်းတွေကို The Society for Automobile Engineers (SAE) ဆိုတဲ့ အဖွဲ့ကြီးက စမ်းသပ်စစ်ဆေးသတ်မှတ်ပေးတယ်။

အင်ဂျင်ဝိုင်ရဲ့ စေးပျစ်မှုဆိုတာ အင်ဂျင်ဝိုင်က ဘယ်လောက်လွယ်လွယ် စီးဆင်းနိုင်စွမ်းရှိတယ် (သို့) ဘယ်လောက် ပျစ် / ကျဲတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။ SAE အဖွဲ့ကြီးက အင်ဂျင်ဝိုင်တွေကို ပုံမှန်အင်ဂျင်တစ်လုံး အလုပ်လုပ်တဲ့အချိန်မှာရှိတဲ့ 210°F (98.9°C) မှာ စမ်းသပ်ပြီး ရလာတဲ့ ရလဒ်တွေအပေါ် မူတည်လို့ အင်ဂျင်ဝိုင်ရဲ့စေးပျစ်မှုကို အညွှန်းဖော်ပြချက်အနေနဲ့ ၂၀ ကနေ ၆၀ အထိ သတ်မှတ်ပေးပါတယ်။ ဘူး (သို့) ပုလင်းတွေပေါ်မှာ တွေ့ရတဲ့ SAE 20 (သို့) SAE 30 ဆိုတာ မတူညီတဲ့ စေးပျစ်မှုနှစ်ခုကို ဖော်ပြထားတာပဲ ဖြစ်ပါတယ်။

အအေးပိုင်းဒေသမှာ နေထိုင်သူတွေကတော့ 5W-30 လို ရည်ညွှန်းချက်တွေပါတဲ့ အင်ဂျင်ဝိုင်တွေကို တွေ့ရပါလိမ့်မယ်။ 5W ဆိုတဲ့ အဓိပ္ပာယ်က SAE အနေနဲ့ ဒီအင်ဂျင်ဝိုင်ကို အပူချိန်နည်းပါးတဲ့ဒေသမှာ စမ်းသပ်ထားပြီး အင်ဂျင်ဝိုင်ရဲ့ ဈေးပျစ်မှုက အအေးပိုင်းဒေသတွေနဲ့ သင့်တော်မှုရှိတယ်လို့ ဖော်ပြနေတာ ဖြစ်ပါတယ်။ 5W-30 က SAE 30 ထက် ပိုကျဲနေပေမယ့် အေးချမ်းတဲ့ မနက်စောစောအချိန်မှာ ကားစက်နှိုးလိုက်တဲ့အခါ SAE 30 အင်ဂျင်ဝိုင်ရဲ့ 210°F မှာ အလုပ်လုပ်တဲ့အတိုင်း စွမ်းဆောင်ပေးနိုင်တယ်။

ဒါကြောင့် ကားကိုစက်နှိုးပြီးချင်း မောင်းနိုင်သလို ခဏချင်းမှာတင် အင်ဂျင်ပူနွေးအောင် စွမ်းဆောင်ပေးနိုင်ပါလိမ့်မယ်။

## ဘယ်လို အင်ဂျင်ဝိုင်ကို အသုံးပြုရမယ်ဆိုတာ

ကမ္ဘာပေါ်မှာ ကားထုတ်လုပ်တဲ့ကုမ္ပဏီတွေ မြောက်မြားစွာရှိသလို ကားမော်ဒယ်လ်အမြောက်အမြားရှိပြီး မော်ဒယ်လ်တစ်ခုချင်းစီမှာလည်း အင်ဂျင်အမျိုးအစားမတူညီတဲ့ မူကွဲတွေရှိနေတာကြောင့် အသင့်တော်ဆုံး အင်ဂျင်ဝိုင်ကို ယေဘုယျသဘောနဲ့တောင် ဖော်ပြဖို့မလွယ်ပါဘူး။

ဒါကြောင့် စာဖတ်သူရဲ့ကားမှာသုံးရမယ့် အင်ဂျင်ဝိုင်အမျိုးအစားကို ကားနဲ့အတူတွဲပါတဲ့ Manual မှာ ကြည့်ပါ။ အပူချိန်ကွာခြားမှုနဲ့ ပြောရမယ်ဆိုရင်တော့ အအေးပိုင်းဒေသတွေမှာ နေထိုင်သူတွေအတွက် စေးပျစ်မှုအားနည်းတဲ့ (သို့) ကျဲတဲ့ အင်ဂျင်ဝိုင်လိုအပ်ပါတယ်။

## ဘယ်အချိန်မှာ အင်ဂျင်ဝိုင်လဲလှယ်မလဲ

အင်ဂျင်ဝိုင်လဲလှယ်မှုနဲ့ ပတ်သက်ပြီး ခရီးမိုင် သုံးထောင် (၄,၈၂၈ ကီလိုမီတာ) ပြည့်တိုင်းတစ်ကြိမ် (သို့) သုံးလတစ်ကြိမ် လဲလှယ်ရမယ်ဆိုတဲ့ စည်းကမ်းကို ဆယ်စုနှစ်ပေါင်းများစွာ လိုက်နာခဲ့ကြပါတယ်။

ဒါပေမဲ့ ခေတ်သစ်ကားတွေရဲ့ အင်ဂျင်တည်ဆောက်ပုံဟာ ပိုမိုအဆင့်မြင့်လာသလို အင်ဂျင်ဝိုင်တွေရဲ့ စွမ်းဆောင်ရည်ကလည်း ပိုကောင်းလာတာကြောင့် တချို့ကားတွေက ဆိုခဲ့တဲ့စည်းကမ်းကို လိုက်နာစရာမလိုတော့တာတွေ ရှိလာတယ်။

ခေတ်သစ်ကားတွေက အင်ဂျင်ဝိုင်မလဲဘဲ ခရီးမိုင်ဘယ်လောက်အထိ သွားလို့ရပါသလဲ။

ခေတ်သစ်ကားတွေက မော်ဒယ်လ်ပေါ်မူတည်ပြီး မိုင်ငါးထောင် (၈,၀၄၇ ကီလိုမီတာ) ကနေ မိုင်တစ်သောင်း (၁၆,၀၉၃ ကီလိုမီတာ) အထိ အင်ဂျင်ဝိုင်မလဲဘဲ ခရီးနှင်နိုင်ပါတယ်။

လူအများစုက မိုင်ငါးထောင်မောင်းပြီးတိုင်း အင်ဂျင်ဝိုင်တစ်ကြိမ်လဲတဲ့ အလေ့အထရှိပေမယ့် ရန်ကုန်မြို့ထဲမှာ မောင်းနှင်သလိုမျိုး မကြာခဏ ရပ်လိုက်၊ မောင်းလိုက်လုပ်ရတဲ့ ခရီးတိုတွေကို မောင်းရတာများရင် အင်ဂျင်ဝိုင်ကို မိုင်ငါးထောင်မပြည့်ခင် ခပ်စောစောမှာတင် လဲပေးသင့်ပါတယ်။

တချို့ကားတွေမှာ အင်ဂျင်ဝိုင်ရဲ့ညစ်ညမ်းမှုကို အာရုံခံပေးနိုင်တဲ့စနစ်တွေ ပါဝင်ပြီး အင်ဂျင်ဝိုင်လဲဖို့လိုတဲ့အခါ ဒက်ရှ်ဘုတ်ကတစ်ဆင့် အချက်ပြပေးနိုင်စွမ်းရှိပါတယ်။ ဥပမာ-Honda ရဲ့ Maintenance Minder စနစ်ဖြစ်ပြီး ဒီစနစ်က အင်ဂျင်ရဲ့လည်ပတ်အလုပ်လုပ်ပုံကို စောင့်ကြည့်ပေးတယ်။ အင်ဂျင်ဝိုင် (သို့) ဂီယာဝိုင်လဲဖို့လိုတဲ့အခါ ဒက်ရှ်ဘုတ်ပေါ်မှာ ခွအသွင် Icon နဲ့ Service Code တွေကို ဖော်ပြပြီး မောင်းနှင်သူကို အချက်ပြသတိပေးပါတယ်။ ဒီလို အချက်ပြစနစ်တွေကို လိုက်နာပြီး အင်ဂျင်ဝိုင်လဲတာ၊ စစ်ဆေးသင့်တာတွေ စစ်ဆေးတာ စတဲ့ Service တွေ ပြုလုပ်ပေးခြင်းအားဖြင့် အင်ဂျင်သက်တမ်းကို ရှည်ကြာစေပြီး အကုန်အကျများတဲ့ ပျက်စီးမှုတွေကလည်း ကာကွယ်နိုင်ပါလိမ့်မယ်။

■ **Source - motors.com.mm**

# တာယာ

ဒီပစ္စည်းလေးကတော့ ထိုင်ဝမ်ထုတ် Kenda တာယာ အမျိုးအစားလေးဖြစ်ပါတယ်။ ဒါကြောင့် ဈေးနှုန်းလည်းတန်၊ ပစ္စည်းလည်းမှန်တဲ့အတွက် အသုံးပြုသူကို စိတ်ချမ်းမြေ့မှုတွေ ပေးနိုင်မှာဖြစ်ပါတယ်။ ဒီတာယာလေးကတော့ လမ်းကြမ်းတွေမှာ အသုံးပြုတဲ့ ကားတွေအတွက် ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ Pick-up ကားအမျိုးအစားတွေအတွက် ထုတ်လုပ်ထားတာဖြစ်တဲ့အတွက် Highway အမြဲတမ်းသွားနေတဲ့သူတွေနဲ့ နယ်ဒေသတွေမှာ အသုံးပြုနေတဲ့ ကားမောင်းသူတွေအတွက် သင့်တော်စေမယ့် တာယာအမျိုးအစားလေးလည်း ဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ အသုံးများကြတဲ့ Tubeless လို့ခေါ်တဲ့ ကျွတ်ပါဝင်ခြင်းမရှိတဲ့ တာယာအမျိုးအစားလည်း ဖြစ်ပါတယ်။ Tubeless ဖြစ်တဲ့အတွက်ကြောင့် ရုတ်တရက်မောင်းနေရင်း ဘီးမတော်တဆ ပေါက်သွားမယ်ဆိုရင်တောင် ယာဉ်တိမ်းမှောက်မှုကို ဖြစ်ပေါ်စေမှာမဟုတ်ဘဲ ရှေ့ကို ကီလိုမီတာ အနည်းငယ်အထိ မောင်းနှင်နေနိုင်မှာ ဖြစ်ပါတယ်။




ဓာတ်ပုံ – ဟိန်းမြတ်စိုး

ဆက်သွယ်ဝယ်ယူချင်တယ်ဆိုရင်တော့ ရန်ကုန်မြို့ ဗဟိုလမ်းမပေါ်မှာရှိတဲ့ Kenda တာယာနဲ့ ယာဉ်အပိုပစ္စည်းအရောင်းဆိုင်မှာ ဆက်သွယ်ဝယ်ယူနိုင်မှာ ဖြစ်ပါတယ်။ ■

## Celebrities' Choice

# “Hummer လို ကားကြီးမျိုးတွေ ပိုသဘောကျပါတယ်”

## အလှမယ် မေကဗျာဦးနှင့် တွေ့ဆုံခြင်း

ခိုင်ချယ်ရီထွန်း

**ဒီတစ်ပတ်ရဲ့ Celebrities' Choice ကဏ္ဍမှာတော့ MUM 2017 ဆန်ခါတင် အလှမယ်များထဲမှာ MUM Org က ချီးမြှင့်တဲ့ Miss Photogenic ဆုရရှိခဲ့တဲ့ ပုသိမ်အလှမယ် မေကဗျာဦးနဲ့ တွေ့ဆုံမေးမြန်းထားပါတယ်။**



**Voice ႏ ညီမလက်ရှိစီးနေတဲ့ ကားအမျိုးအစားလေး ပြောပြပေးပါလား။**

**MKO ႏ** ညီမလက်ရှိ ပုသိမ်မှာတော့ Lexus Soarer 2003 ရယ် Crown Majesta ရယ် စီးဖြစ်နေပါတယ်။

**Voice ႏ ဒီကားဝယ်ထားတာရော ဘယ်လောက်ကြာပြီလဲ ညီမ။**

**MKO ႏ** ညီမ ဒီကားလေးဝယ်ထားတာ တစ်နှစ်ကျော်လောက် ရှိပါပြီ။ ဒါပေမဲ့ ဒီကားမတိုင်ခင်ကတော့ Honda Insight လေး စီးပါတယ်။

**Voice ႏ ဒါဆို အရင်စီးနေတဲ့ Honda Insight နဲ့ အခုလက်ရှိစီးနေတဲ့ကားနဲ့ မောင်းတဲ့အခါ ဘာတွေကွာခြားချက်တွေရှိတယ်လို့ ညီမထင်လဲ။**

**MKO ႏ** ညီမအမှန်အတိုင်းပြောရရင် အရင်စီးနေတဲ့ Honda Insight လေးကို ပိုကြိုက်တယ်။ ဒါပေမဲ့ အမေက ကား Change ချင်တယ်ဆိုတော့ အခုစီးနေနဲ့ Crown Majesta လေးကလည်း အင်ဂျင်ပါဝါလည်း ပိုကြီးတယ်ဆိုတော့ စီးရင်းစီးရင်းနဲ့တော့ ညီမ တော်တော်လေး သဘောကျပါတယ်။

**Voice ႏ ညီမလေးအနေနဲ့ ပြိုင်ကားလှလှလေးတွေကိုရော သဘောကျလား။**

**MKO ႏ** ညီမက ပြိုင်ကားထက်စာရင် ကားအကြီးကြီးတွေကို ပိုသဘောကျတာပေါ့နော်။ ဥပမာ Hummer လို ကားကြီးမျိုးတွေ ပိုသဘောကျပါတယ်။

**Voice ႏ လက်ရှိစီးနေတဲ့ကားက ညီမလေးကိုယ်တိုင်မောင်းတာလား။**

**MKO ႏ** ဟုတ် ညီမကိုယ်တိုင်ပဲ မောင်းပါတယ်။

**Voice ႏ ညီမကိုယ်တိုင်လည်း ကားမောင်းနေတယ်ဆိုတော့ ရန်ကုန်မှာနဲ့ ပုသိမ်မှာ ကားမောင်းတဲ့အခါ ဘယ်လိုကွာဟချက်တွေ ရှိတယ်လို့ ခံစားရလဲညီမ။**

**MKO ႏ** ရန်ကုန်မှာနဲ့ ပုသိမ်မှာ ကားမောင်းတာကွာဟချက်က ရန်ကုန်မှာက သူ့လမ်းကြောနဲ့သူ ပေးထားတယ်ဆိုတော့ သူ့ဟာနဲ့သူ ဒီအတိုင်းမောင်းလို့ အဆင်ပြေတာပေါ့။ ပုသိမ်မှာကျ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ၊ ကားတွေနဲ့ရှုပ်နေတော့ ပုသိမ်မှာက ကားမောင်းရင် ပိုဂရုစိုက်ပြီး မောင်းရပါတယ်။

**Voice ႏ ညီမလေးအနေနဲ့ ယာဉ်စည်းကမ်း လမ်းစည်းကမ်းနဲ့ ပတ်သက်ပြီးရော ဘယ်လိုအကြံလေးပေးချင်တာမျိုးရှိလဲ။**

**MKO ႏ** ယာဉ်စည်းကမ်း လမ်းစည်းကမ်းနဲ့ ပတ်သက်ပြီးတော့ လူတိုင်းသိကြမယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ နေရာတော်တော်များများမှာ မြင်တွေ့နေရတာက မီးနီဖြတ်တာမျိုးတွေပေါ့နော်။ မီးနီဖြတ်တာတွေက ညဘက်ဆိုလည်း အန္တရာယ်အရမ်းများတယ်။ ပုသိမ်မှာဆိုလည်း ယာဉ်ထိန်းရဲလွတ်သွားပြီဆိုတာနဲ့ မီးနီတွေဖြတ်ကြတာ တွေ့ရတယ်။ ဒါကြောင့်မို့ ဂရုစိုက်ကြပါ။ ဖြစ်နိုင်ရင် စည်းကမ်းမှန် လမ်းကြောင်းမှန်နဲ့ မောင်းစေချင်ပါတယ်ရှင့်။

**Voice ႏ ကားဝယ်ချင်တဲ့သူတွေအတွက်ရော ဘယ်လိုကားမျိုး ရွေးချယ်ဝယ်ယူဖို့ တိုက်တွန်းချင်လဲ။**

**MKO ႏ** အခုဆိုရင်တော့ မြန်မာပြည်မှာဆိုရင် ရန်ကုန်မှာဆိုရင်တော့ ပါကင်လည်းလွယ်တယ်၊ သွားရတာလည်း ဆီကုန်လည်းသက်သာတဲ့ Honda Fit လို ကားလေးတွေ ဝယ်တာသင့်မယ်လို့ အကြံပေးချင်ပါတယ်။ ဒါပေမဲ့ ညီမဆိုရင်တော့ အဲဒီလိုကားမျိုး သိပ်တော့မကြိုက်ဘူး။ ဒါပေမဲ့ ဒီလိုနေရာမှာ စီးလို့သင့်တော်မယ့်ကားအမျိုးအစားထဲမှာတော့ ပါပါတယ်ရှင့်။

■ ခိုင်ချယ်ရီထွန်း

## CHOICE & GUIDE

## Subaru WRX STI

**Model -**
**၂၀၁၄**
**အင်ဂျင်ပါဝါ -**
**၂၀၀၀ စီစီ**
**လောင်စာဆီအမျိုးအစား -**
**ဓာတ်ဆီ**
**ဈေးနှုန်း -**
**ကျပ်သိန်း ၈၅၀**



ပြိုင်ကားတွေ တင်သွင်းလို့မရတာ တော်တော်ကြာနေပါပြီ။ အခုချိန်မှာ ပြိုင်ကားအန္တယ်ဝင်ထဲက တင်သွင်းချင်တယ်ဆိုရင်လည်း Evo X နဲ့ Subaru WRX STI တို့လို ကားမျိုးတွေသာ ရှိတော့တာဖြစ်တဲ့အတွက် Sport Type ဆန်ဆန် ကြိုက်နှစ်သက်သူတွေအတွက် ဒီကားလေးနဲ့ မိတ်ဆက်ပေးလိုက်ပါရစေ။

သူ့ရဲ့ Function တွေကတော့ စုံလင်စွာ ပါဝင်လာပြီး ထိန်းချုပ်မှုစနစ်တွေမှာလည်း တခြားမော်ဒယ်လ်မြင့်ကားတွေလိုပဲ ပါဝင်နေတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

Subaru WRX STI ဆိုတာ အရင် Impreza နဲ့ အတူတူပဲလို့ ပြောလို့ရပါတယ်။ ၂၀၁၄ မော်ဒယ်လ်မှာတော့ မီးခွက်ပုံစံတွေလည်း ပြောင်းလဲသွားသလို ဂီယာကလည်း Manual အနေနဲ့ပဲ ထုတ်လုပ်ထားတာကို တွေ့ရမှာဖြစ်ပါတယ်။ ကားရဲ့နာမည်ကိုလည်း Impreza လို့ မခေါ်တော့ဘဲ WRX STI လို့သာ ပြောင်းလဲလိုက်ပါတယ်။

ဒီကားကို အရှေ့ပိုင်းမှာ ထုတ်လုပ်ခဲ့တဲ့ မော်ဒယ်လ်တွေမှာကတော့ အင်ဂျင်ပါဝါ အမျိုးမျိုးနဲ့ ထုတ်လုပ်ခဲ့ပြီး ၂၀၀၀ စီစီရော ၂၅၀၀ စီစီနဲ့ပါ ထုတ်လုပ်ခဲ့ပါတယ်။ ဂီယာကိုလည်း Auto တွေရော Manual တွေနဲ့ပါ ထုတ်လုပ်ထားပါတယ်။ Impreza တုန်းက Saloon (Sedan) ပုံစံအပြင် Hatchback လို ပုံစံလေးတွေနဲ့ပါ ထုတ်လုပ်ခဲ့ပေမယ့် အခု WRX STI အနေနဲ့ ထုတ်လုပ်လာတဲ့နောက်ပိုင်းမှာ Saloon ပုံစံနဲ့သာ ထုတ်လုပ်ပါတော့တယ်။

ဒီကားလေးကို မှာယူတင်သွင်းချင်တယ်ဆိုရင်တော့ ကားဖိုးနဲ့အခွန်တွေ အားလုံးအပါအဝင် အပြီးအစီးကို ကျပ်သိန်း ၈၅၀ ဝန်းကျင်လောက် ကျသင့်မှာဖြစ်ပါတယ်။

တကယ်လို့ ၂၀၁၁ မော်ဒယ်လ်ကို တင်သွင်းချင်တယ်ဆိုရင် ကျပ်သိန်း ၆၀၀၊ ၆၅၀ ဝန်းကျင်နဲ့ ၂၀၀၆ မော်ဒယ်လ်ဆိုရင်တော့ ကားဖိုး၊ အခွန်၊ စလစ်ဖိုး အပါအဝင် အပြီးအစီး ကျပ်သိန်း ၃၅၀၊ ၄၀၀ ဝန်းကျင် ကျသင့်မှာဖြစ်ပါတယ်။

ဒီကားအမျိုးအစားတွေကို ဆက်သွယ်ဝယ်ယူချင်တယ်ဆိုရင်တော့ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ အမှတ် ၁၊ ကန်ရိပ်သာလမ်းမှာရှိတဲ့ Distinct Trading Co., Ltd. သို့ဖြစ်စေ၊ ဖုန်းနံပါတ် - ၀၉-၄၄ ၈၀၀-၈၄၈၄၊ ၀၉-၇၉-၀၉-၁၁၁၁၁၊ ၀၉-၂၅၄-၆၃၇-၆၃၇၊ ၀၉-၂၅၄-၆၃၈-၆၃၈၊ ၀၉-၂၅၄-၆၃၉-၆၃၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါတယ်။ ■

# ယောက်ျားသုက်ပိုးများ မကူးခတ်နိုင်သည့် တားဆေးအသစ်တီထွင်

**လန်ဒန်၊ အောက်တိုဘာ ၂၃**



ဗြိတိန်နိုင်ငံမှ ဆေးသိပ္ပံပညာရှင်များသည် သန္ဓေတားဆေးတစ်မျိုးကို တီထွင်ခဲ့ရာတွင် ယောက်ျားများ၏ သုက်ပိုးကောင်များကို လှုပ်ရှားကူးခတ်နိုင်စွမ်းမရှိစေမည့် ဆေးသစ်တစ်မျိုးအား ရှာဖွေတွေ့ရှိခဲ့ကြောင်း Science News သတင်းတွင် ဖော်ပြထားသည်။

နှစ်ပေါင်းများစွာ ကွန်ဒုံးများအားကိုးဖြင့် သန္ဓေတားခြင်းကို ပြုလုပ်ခဲ့ကြရသည့်အပေါ် ဆန်းသစ်ကာ အမျိုးသားများသည် အမျိုးသမီးများနှင့် အတူမနေစဉ် ယင်းဆေးများကို သောက်သုံးထားခြင်းအားဖြင့် ကိုယ်ဝန် ရစေနိုင်သော သုက်ပိုးကောင်များ၏ ကူးခတ်သွားလာနိုင်စွမ်းများကို ထိန်းချုပ်တားဆီးနိုင်ပြီဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ဝုဗားဟမ်တမ် တက္ကသိုလ်မှ ပါမောက္ခ ဂျွန် ဟောင်းဦးဆောင်သည့်အဖွဲ့သည် အမျိုးသား သုက်ပိုးများ၏ လုပ်ဆောင် နိုင်စွမ်းများကို ရပ်ဆိုင်းစေသည့် ဆေးကို တီထွင်နိုင်ခဲ့ခြင်းဖြစ်သည်။

ယင်းဆေးအတွင်း ပါဝင်သည့် Designer compounds ဟုခေါ်သော ဓာတ်များက သောက်သုံးထားသည့်အမျိုးသားများ၏ ကိုယ်တွင်းရှိ သုက်ပိုးများ၏ အမြီးများ လှုပ်ရှားမှုကို ထိန်းချုပ်လိုက်နိုင်သဖြင့်၊ အမျိုးသမီး တို့၏ မမျိုးဥများနှင့် ထိတွေ့ရန် အခွင့်အရေးနည်းသွားပြီး ကိုယ်ဝန်ရနိုင်ခြေလည်း ရှိတော့မည် မဟုတ်ကြောင်း ဂျွန်ဟောင်းကပြောကြားသည်။

ဆေးကို အမျိုးသားများအနေဖြင့် မသောက်လိုပါကလည်း အမျိုးသမီးနှင့် မဆက်ဆံမီ နှာခေါင်းအတွင်း မှုတ်ဆေးအသွင်ဖြင့်ဖြန်းကာ ရှူသွင်းလိုက်ခြင်းနှင့် သုက်ပိုးကောင်များကို တားဆီးနိုင်မည်ဖြစ်သည်။

တစ်ကြိမ်ဆေးကို သုံးစွဲထားရုံဖြင့် ရက်အနည်းငယ်ခန့်အထိ သက်ရောက်မှုရှိနေနိုင်ကြောင်း၊ အမျိုးသားများ ကိုယ်တိုင် ထိုသို့ကာကွယ်တားဆီးမှုကို လုပ်ဆောင်ထားခြင်းဖြင့် အမျိုးသမီးများအတွက် ရက်ပေါင်းများစွာ သန္ဓေတားဆေးများကို သောက်သုံးနေရခြင်းဘေးက ကင်းဝေးစေနိုင်ကြောင်း ပညာရှင်များကပြောကြားသည်။

ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် အမျိုးသမီးများအတွက် သန္ဓေတားဆေးရောင်းချနေရမှုသည် စတာလင်ပေါင်း ၁၃ ဘီလီယံခန့်ရှိကြောင်း၊ အမျိုးသားများအတွက် တားဆေးကို တီထွင်ရန် နှစ်ပေါင်းများစွာ ပျက်ကွက်နေမှုအပေါ် မိမိတို့အဖွဲ့ကဆောင်ရွက်တီထွင်ခဲ့ခြင်းဖြစ်ကြောင်း ဂျွန်ဟောင်းကဆိုသည်။

“ကျွန်တော်တို့ဆေးရဲ့အာနိသင်ကတော့ အံ့ဩလောက်အောင်ပါပဲ။ သုက်ကောင်တွေ ချက်ချင်းကို ငြိမ်ကျသွား တော့တာပဲ။ ဒါမျိုးကို ယခင်က ဘယ်သူမှ မတီထွင်ခဲ့ကြဖူးပါဘူး” ဟုသူကပြောကြားသည်။ ■

# အမုန်းစကားများပြောကြားခဲ့သည့် ထရမ့်၏ စကားများကို Facebook မှ ဖယ်ရှားမည်

**ဝါရှင်တန်၊ အောက်တိုဘာ ၂၃**




ရီပတ်ဘလီကန် သမ္မတလောင်း ဒေါ်နယ်ထရမ့်၏ ပြောစကားများသည် အမုန်းစကားများ ဖြစ်နေသောကြောင့် Facebook ဝန်ထမ်းများက ဖယ်ရှားပစ်ရန် ကြိုးစားနေကြကြောင်း Facebook ၏ထုတ်ပြန်ချက်ကို The Wall Street Journal သတင်းတွင် ဖော်ပြထားသည်။

Facebook မှဝန်ထမ်းအချို့က ထရမ့်၏ ပြောဆိုမှုများသည် မွတ်ဆလင်များကို စော်ကားသည့် ပြောဆိုမှုများ ဖြစ်နေကြောင်း ဝေဖန်နေသဖြင့် အမုန်းစကားများအဖြစ် သတ်မှတ်ပြီး မိမိတို့ ဆိုရှယ်မီဒီယာပေါ်မှ ဖယ်ရှားရန် စီစဉ်နေခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ထရမ့်၏ ပြောဆိုသော စကားများကို Facebook ပေါ်က ဖယ်ရှားရန်အတွက် ကုမ္ပဏီ၏ အကြီးအကဲဖြစ်သူ မာ့ခ် ဇူကာဘတ်ကိုယ်တိုင်က ဆုံးဖြတ်ပေးခဲ့ခြင်းဖြစ်သည်။

ဝန်ထမ်းများက ဇူကာဘတ်ထံ စာများပို့ကာ ထရမ့်၏ ပြောဆိုတိုက်ခိုက်မှုများအပေါ် သတိပေးသဖြင့် အကြမ်းဖက် အမုန်းစကားများအဖြစ် သတ်မှတ်ကာ ဖယ်ရှားရခြင်းဖြစ်ကြောင်း ယင်းကဆိုသည်။

“Facebook က ကျွန်တော်တို့ကို သူတို့ဝန်ထမ်းတွေ တိုင်တောလို့ ထရမ့်ရဲ့စကားတွေကို ဖယ်ရှားပစ်မယ် ဆိုတဲ့ အကြောင်းကြား အသိပေးခြင်း မရှိပါဘူး”ဟု မစ္စတာထရမ့်၏ ရွေးကောက်ပွဲ စည်းရုံးလှုပ်ရှားမှု အဖွဲ့မှ ပြောရေး ဆိုခွင့်ရှိသူက ပြောကြားသည်။

Facebook မှ တာဝန်ရှိသူတစ်ဦးက နိုင်ငံရေးနဲ့ ပတ်သက်ပြီး အမုန်းပွားစေတဲ့ စကားတွေကို ဖျက်သိမ်းပစ်မှာပါ ဟုပြောကြားကြောင်း၊ အမေရိကန် သမ္မတမည်သူဖြစ်သင့်သည် ဆိုခြင်းမှာ ပြည်သူ့ဆန္ဒသာဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ လွတ်လပ်သော ဆန္ဒသဘောထားများကို လေးစားပြီး ထရမ့်၏ စော်ကားသော စကားများကို ဖျက်သိမ်းရန် ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းခဲ့သည်။

အောက်တိုဘာ ၂၁ ရက်နေ့က Facebook မှ မူဝါဒရေးရာများကို ကိုင်တွယ်ဖြေရှင်းရသည့်အဖွဲ့၏ ထုတ်ပြန်ချက်တွင် အများပြည်သူ၏ဆန္ဒကို ထုတ်ဖော်ခြင်းဖြစ်သည်ဟုဆိုသော်လည်း မိမိတို့ Facebook ၏ စံနှင့် မကိုက်ညီသည့်အပြင် အကြမ်းဖက်မှုများ ဖြစ်ပွားစေနိုင်သည့်ဟု ယူဆသောကြောင့် ထရမ့်၏ စကားများကို ဖျက်သိမ်းရခြင်းဖြစ်ကြောင်း The Wall Street Journal တွင် ဖော်ပြထားသည်။ ■

# NEWS IN BRIEF

## ထိုင်းအစိုးရက ဘုရင်နှင့်ပတ်သက်ပြီး စော်ကားဖော်ပြမှုများကို ဖျက်ပေးရန် Google အားတောင်းဆို

မကြာသေးမီက ကွယ်လွန်သွားသည့် ထိုင်းနိုင်ငံဘုရင်ကြီးနှင့် ပတ်သက်ပြီး စော်ကားရေးသားမှုများကို ဖျက်ပေးရန် ကမ္ဘာကျော် အင်တာနက်ကုမ္ပဏီကြီးဖြစ်သည့် Google ကို ထိုင်းအစိုးရက တောင်းဆိုလိုက်ကြောင်း Reuters သတင်းတွင်ဖော်ပြထားသည်။

ဒုတိယဝန်ကြီးချုပ် ပရာဂျင်း ဂျန်တုံက Google မှ တာဝန်ရှိသူများနှင့် ဘန်ကောက်တွင် တွေ့ဆုံပြီး YouTube နှင့် Google ၏ Website လိုင်းများပေါ်တွင် တင်ထားသော ဘုရင်ကြီးအကြောင်း စော်ကားရေးသားချက်များကို ဖျက်သိမ်းပေးရန် တောင်းဆိုထားကြောင်း ပြောကြားသည်ဟု ယင်းသတင်းကဆိုသည်။

ထိုင်းနိုင်ငံစစ်အစိုးရကလည်း ဘုရင်ကြီးနှင့် ပတ်သက်ပြီး စော်ကားရေးသားသူများ၊ တော်ဝင်မိသားစုနှင့် ပတ်သက်ပြီး မတော်မတရားရေးသားသူများနောက်ကို ခြေရာခံလိုက်နေပြီး ထိရောက်စွာ အရေးယူမည်ဟု ထုတ်ပြန်ထားကြောင်း Reuters တွင် ရေးသားထားသည်။ ■

## အိမ်ဖြူတော်တွင် ကလေးသိပ္ပံပညာရှင်များအား လက်ခံတွေ့ဆုံ

ကလေးများ၏ တီထွင်မှုကို အမြဲအားပေးနေသည့် သမ္မတအိုဘားမားသည် ကလေးသိပ္ပံပညာရှင်များ အကြံပေး အဖွဲ့နှင့် အိမ်ဖြူတော်တွင် အောက်တိုဘာလ ၂၁ ရက်နေ့က တွေ့ဆုံခဲ့ကြောင်း The Washington Post သတင်းတွင် ဖော်ပြထားသည်။

သမ္မတသည် အမေရိကန်ပြည်ထောင်စုအတွင်း ပြည်နယ်များရှိ သိပ္ပံပညာထူးချွန်သည့် ကျောင်းသား ၂၅၀၀ ကို ကိုယ်စားပြုသော ကလေးအကြံပေးအဖြစ် ခန့်အပ်ခြင်းခံရသည့် ကလေးပေါင်း ၁၀ ဦးနှင့် အိမ်ဖြူတော်တွင် လက်ခံတွေ့ဆုံခြင်းဖြစ်ကြောင်း ယင်းသတင်းကဆိုသည်။

ကလေးများသည် အိမ်ဖြူတော်တွင် သမ္မတနှင့် မတွေ့ဆုံမီ သမ္မတ၏ သိပ္ပံအကြံပေး ဂျွန် ဟိုးဒရန်း၊ အာကာသယာဉ်မှူး စကော့နှင့် NASA အဖွဲ့မှ မာ့ခ်ကယ်လီတို့ကိုလည်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း The Washington Post တွင် ရေးသားထားသည်။ ■

## အသက် ၂ နှစ်အောက်ကလေးများကို ကွန်ပျူတာနှင့် မိုဘိုင်းလ်ဖုန်းများ ပေးမသုံးသင့်ဟုဆို

၁၉၉၉ ခုနှစ်ကတည်းက ကလေးသူငယ်များ၏ ကွန်ပျူတာနှင့် မိုဘိုင်းလ်ဖုန်းဆိုင်ရာ မြင်ကွင်းများကို ကြည့်ရှုခြင်းဆိုင်ရာ လေ့လာအကဲဖြတ်နေသည့် American Academy of Pediatrics (AAP) အဖွဲ့က အသက် ၂ နှစ်အောက် ကလေးများကိုယင်းပစ္စည်းများ ပေးမသုံးသင့်ကြောင်း အကြံပြုချက်ကို AP သတင်းတွင် ဖော်ပြထားသည်။

အသက် ၁၈ လနှင့် ၂၄ လအတွင်း ကလေးသူငယ်များသည် မှတ်ဉာဏ်နှင့် အာရုံစိုက်နိုင်စွမ်းအားနည်းပြီး ဖွံ့ဖြိုးမှုကို အားယူနေဆဲအချိန်ဖြစ်သောကြောင့် ယင်းပစ္စည်းများကို သုံးစွဲခြင်းမပြုစေရန် တိုက်တွန်းကြောင်း ပညာရှင်များက ပြောကြားသည်။

အချို့သော ကိစ္စများသည် သူတို့၏ စူးစမ်းလိုစိတ်သာရှိပြီး သဘောတရားကို နားမလည်ခြင်း၊ သူတို့ကို မိဘများ ကလည်း နားလည်စေရန် ရှင်းပြနိုင်မှု ခက်ခဲခြင်းတို့ကြောင့် စိတ်ကိုပိုပြီး ဝေဝါးစေကြောင်း AP ကဆိုသည်။ ■

## အင်တာနက်တိုက်ခိုက်မှုများကြောင့် နာမည်ကြီး Website များပါထိခိုက်

အင်တာနက်တိုက်ခိုက်မှုများ ပိုများလာခြင်းကြောင့် အမေရိကန်ပြည်ထောင်စု၏ အရေးပါသော အင်တာနက် Website ကြီးများ ထိခိုက်မှုရှိနေကြောင်း The New York Times သတင်းတွင်ဖော်ပြထားသည်။

တိုက်ခိုက်ခြင်း ခံနေရသည့် Website များထဲတွင် Twitter, Netflix, Spotify, Airbnb, Reddit, Etsy, SoundCloud and The New York Times တို့ပါဝင်နေပြီး သုံးစွဲသူများ စိတ်မချမ်းသာခြင်း ဖြစ်ရလောက် အောင် ပြတ်တောက်မှုများ ဖြစ်စေခဲ့ကြောင်း ယင်းသတင်းကဆိုသည်။

ဟက်ကာများသည် အင်တာနက်နှင့် ချိတ်ဆက်ထားသည့် ကင်မရာများ၊ ကလေးများကို စောင့်ကြည့်သည့် မော်နီတာ ကင်မရာများ၊ အိမ်သုံး router များကတစ်ဆင့် ဝင်ရောက်ကာ ဒုက္ခပေးနေခြင်းဖြစ်ကြောင်း အင်တာနက် စောင့်ကြည့်ရေးအဖွဲ့ Dyn ကုမ္ပဏီကပြောကြားသည်။ ■

## ဩစတြေးလျနိုင်ငံသားတစ်ဦး iPhone 7 မီးလောင်ဆိုသည့်ကိစ္စ Apple ဖြေရှင်း

Fortune Website တွင် ဖော်ပြထားသည့် ဩစတြေးလျနိုင်ငံသားတစ်ဦးဖြစ်သည့်မတ်ဂျိုးစ် ဝယ်ယူထားသော iPhone 7 ဖုန်းမှာ ကားအတွင်း ထားရာက မီးလောင်သွားသည်ဆိုသော သတင်းကို Tech Express သတင်းတွင် ဖော်ပြထားသည်။

Apple ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက မိမိတို့အနေနှင့် သတင်းကြားကြားချင်း ထိုသူနှင့် ဆက်သွယ်ပြီး ဖြေရှင်းနိုင်ရန် ကြိုးစားသော်လည်း ရေရာသည့် အဖြေမရသေးကြောင်း၊ ဖုန်းကို မီးလောင်ထားသည့်ပုံကို တင်ထားပြီး iPhone 7 ဖြစ်သည်ဆိုသော အကြောင်းပြချက်တစ်ခုတည်းဖြင့်အတည်ပြုနိုင်ရန်ခက်ခဲကြောင်း ပြောကြားသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လကလည်း iPhone 6 ဖြင့် တောင်တက်စက်ဘီးစီး သူတစ်ဦးမီးလောင်ပေါက်ကွဲမှု ဩစတြေးလျနိုင်ငံတွင်ပင် ဖြစ်ပွားခဲ့ဖူးကြောင်း၊ ယင်းပေါက်ကွဲမှုသည် Lithium ဘက်ထရီကြောင့်ဖြစ်ရကြောင်း AP သတင်းတွင် ရေးသားထားသည်။ ■

# ENTERTAINMENT


ဓာတ်ပုံ- သန့်ဇင်ဦး

## "ဘွန်ဘွန်ဩကြက်သူခိုးရုပ်ရှင် ဇာတ်ကားမှာ ဟာသ၊ ဒရာမာ၊ အချစ်၊ အလွမ်း စတဲ့ ရသစုံကို ပရိသတ်တွေ ခံစားရမှာပါ"

### ရွှေမှုံရတီနဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး

**နာမည်ကျော် သရုပ်ဆောင် ရွှေမှုံရတီ နဲ့ တွေ့ဆုံပြီး အောက်တိုဘာလ ၂၈ ရက်နေ့မှာ စတင်ရုံတင် ပြသတော့မယ့် ဘွန်ဘွန်ဩကြက်သူခိုး ရုပ်ရှင်မှာ သရုပ်ဆောင်ရတဲ့ ဇာတ်ကောင်စရိုက်အကြောင်း၊ ရိုက်ကွင်း အတွေ့အကြုံများအကြောင်းနဲ့ လက်ရှိ ကျန်းမာရေးအခြေအနေ အကြောင်းတို့ကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: ဘွန်ဘွန်ဩကြက်သူခိုး ရုပ်ရှင်မှာ သရုပ်ဆောင်ထားတဲ့ ဇာတ်ကောင်ရိုက် အကြောင်းကနေစပြီး ပြောပြပေးပါဦး။**

**SHYT:** ဒီကားလေး ရိုက်ဖို့ ညီမကို လာကမ်းလှမ်းတဲ့အချိန်မှာ ဇာတ်လမ်းကို ဖတ်ကြည့်လိုက်တော့ သဘောကျသွားတယ်။ ဇာတ်လမ်းက တစ်ယောက်တည်း ချွန်ထွက်ပြီး လုပ်ရတဲ့ ဇာတ်မျိုးမဟုတ်ဘူး။ ပါဝင်တဲ့ သရုပ်ဆောင်တွေအားလုံး စုစုစည်းစည်းနဲ့ လုပ်ပြရတဲ့ ဇာတ်မျိုးဆိုတော့ အရမ်းကို သဘောကျပြီး လက်ခံရိုက်ကူး ဖြစ်ခဲ့တာပါ။ ဒီကားမှာ ညီမက စရိုက်ကျတဲ့ တောသူ အိမ်ထောင်ရှင် အမျိုးသမီးတစ်ယောက်နေရာက သရုပ်ဆောင်ရတာပါ။

**Voice: ကိုယ်သရုပ်ဆောင်ရတဲ့ ဇာတ်ကောင်စရိုက်အတွက်ရော ဘယ်လိုကြိုတင်ပြင်ဆင်မှုတွေ ရှိ ခဲ့လဲ။**

**SHYT:** ဒီကားက ကျေးလက်ဟာသ ဇာတ်လမ်းပုံစံမျိုးဖြစ်တဲ့အတွက် အဝတ်အစားပိုင်းကိုတော့ ထွေထွေထူးထူး ပြင်ဆင်စရာ မလိုပါဘူး။ ဒီကားရိုက်တုန်းက မိတ်ကပ်လည်း သိပ်ပြီး မလိမ်းထားဘူး။ ညီမက လွတ်လွတ်လပ်လပ်နေရတာ ကြိုက်တဲ့သူဆိုတော့ အရမ်း အဆင်ပြေတယ်။ အဲ့ဒီကား ရိုက်တုန်းက တအားလွတ်လပ်တယ်။ ရိုက်မယ်ဆိုတာနဲ့ ကင်မရာရှေ့ကို သွားလိုက်ရုံပဲ။ မနက်ကျရင် ရှူတင်ကို အစောကြီး ရောက်တယ်။

**Voice: ဒီကားမှာ အဝတ်အစားကို ဖိုသီဖတ်သီ ပုံစံမျိုးတွေ ဝတ်ထားတာ တွေ့ရတယ်နော်။ အဲ့ဒါကကျ တော့ ကာရိုက်တာအရ ဝတ်ဖြစ်တာလား။**

**SHYT**: ဒီကားမှာ ကိုယ့်ပုံကိုယ် ပြန်ကြည့်ရတာတော့ တော်တော်ကို ရုပ်ပျက်ဆင်းပျက်ပုံစံ မျိုး ဖြစ်နေတယ်။ မျက်နှာဆိုလည်း ဘာမှ မလိမ်းထားဘူး။ ညီမရဲ့ ကာရိုက်တာအရ ကြမ်းကြမ်းတမ်းတမ်း ပြောရတယ်။ တစ်ခုဆို လက်ပါတတ်တဲ့ အိမ်ထောင်ရှင် အမျိုးသမီးတစ်ယောက်ဆိုတော့ ပုံမှန်မြန်မာ အင်္ကျီပုံစံတွေ ဝတ်လို့ မလိုက်ဘူးလို့ ထင်တယ်။ အဲ့ဒါကြောင့် ယောကျ်ားလေး နည်းနည်းဆန်အောင် ရှပ်အင်္ကျီပွပွတွေနဲ့ ဖိုသီဖတ်သီ ပုံစံပေါက်အောင် ဝတ်ဖြစ်တာပါ။

**Voice: ဒီကားက ကိုယ့်အတွက် ပထမဆုံး ကျေးလက်ဟာသရုပ်ရှင် ဖြစ်မယ်ထင်တယ်နော်။ ပုံမှန်ရိုက်နေကျ ဖန်စီ၊ ဟာသ ဇာတ်လမ်းတွေနဲ့ ကျတော့ ဘယ်လိုကွာခြားလဲ။**

**SHYT:** ညီမတို့ပုံမှန် ရိုက်နေတဲ့ မြို့မှာအခြေတည်တဲ့ ဖန်စီဇာတ်ကားလေးတွေနဲ့ စာရင် နယ်မှာ ရိုက်ရတဲ့ ကားလေးတွေကျတော့ သရုပ်ဆောင်ရတာ ပိုပြီးတော့ လွတ်လွတ်လပ်လပ်ရှိတယ်။ မြို့ဇာတ်တွေဆိုရင် မျက်နှာမှာ မိတ်ကပ်တွေ လိမ်းပြီး အခြယ်အသတွေ လုပ်ရတယ်။ အဝတ်အစားဆိုလည်း ပရိသတ်အမြင်ဆန်းအောင် ဝတ်ရတယ်။ နယ်ကားတွေကျတော့ မိတ်ကပ်လည်း မလိမ်းရဘူး ဆိုရင်တော့ ညီမ အကြိုက်နဲ့ ကွက်တိပါပဲ။

**Voice: ဒီကားကို အထူးပွဲပြန်ကြည့်ရတဲ့ အချိန်မှာ ကိုယ့်သရုပ်ဆောင်မှုနဲ့ ပတ်သက်ပြီး ဘယ်လောက်အထိ ကျေနပ်အားရမှုရှိလဲ။**

**SHYT:** ညီမပါတဲ့ရုပ်ရှင်ဇာတ်ကားတွေကို အထူးပွဲမှာ ပြန်ကြည့်ရင် မင်းသမီးတစ်ယောက်ဆိုတာထက် ပရိသတ် တစ်ယောက် အနေနဲ့ ခံစားပြီးကြည့်တာ များတယ်။ ဒီကားကြည့်တုန်းကဆို ကိုယ်ပါတဲ့ အခန်းတွေတင်မဟုတ်ဘူး၊ သူများအခန်းတွေပါ သဘောကျပြီး ရယ်မိတယ်။ ဦးဒိန်းဒေါင်ပါတဲ့ အခန်းတွေဆို ညီမတို့ ရိုက်ကွင်းမှာ ကြည့်ရကတည်းက ရယ်ရတာပါ။ ဘွန်ဘွန်ဩ ကြက်သူခိုးရုပ်ရှင် ဇာတ်ကားမှာ ဟာသ၊ ဒရာမာ၊ အချစ်၊ အလွမ်း စတဲ့ ရသစုံကို ပရိသတ်တွေ ခံစားရမှာပါ။ ဒရာမာကနေပြီး ဟာသဘက်ကို ချိုးသွားတဲ့ ပုံစံမျိုးတွေလည်း တွေ့ရမှာပါ။ ဒီကားက ညီမအတွက် ရိုက်ရတာ တော်တော်ရှားတဲ့ကားလို့ ပြောလို့ရပါတယ်။ ကျန်တဲ့ ဇာတ်ကားတွေကျတော့ မြို့ကားတွေ များပါတယ်။

**Voice: ဒီဇာတ်ကား ရိုက်ကူးခဲ့တဲ့ အချိန်တုန်းကရော ဘယ်လိုအမှတ်တရ ဖြစ်ရပ်တွေရှိခဲ့လဲ။**

**SHYT:** ဒီကားရိုက်တုန်းက မှတ်မှတ်ရရ ဇာတ်ဝင်ခန်းကတော့ ကိုအောင်ရဲလင်းနဲ့ လင်မယားနှစ်ယောက် ရန်ဖြစ်တဲ့အခန်းပေါ့။ အဲ့ဒီအခန်းမှာ ရန်ဖြစ်တော့ ညီမက ကိုအောင်ရဲလင်းရဲ့ ကိုယ်ပေါ်ကို ခုန်ပြီး တက်ရမှာပေါ့။ အဲ့ဒီအခန်းမရိုက်ခင် ညီမတို့ ရီဟာဇယ်လုပ်တော့ ဦးဇော်( ဒါရိုက်တာ ကိုဇော်အရုဏ်ဦး) က ကိုအောင်ရဲလင်း ကိုယ်ပေါ်ကို သူကိုယ်တိုင် တကယ် ခုန်တက်ပြတော့ စွေ့ခနဲဆို ရောက်သွားတယ်။ ဦးဇော် ခန္ဓာကိုယ်က သေးသေးလေး၊ ညီမ အရပ်ကအရှည်ကြီးဆိုတော့ ဘယ်လို လုပ်ရောက်မှာလဲ လို့မေးတော့ လုပ်ကြည့်ပါလို့ပဲ သူ ပြောတယ်။ တကယ်ရိုက်တဲ့အချိန်မှာ ခုန်ကြည့်လိုက်တော့ အစ်ကို့ ကိုယ်ပေါ်ကို ရောက်သွားတယ်။ အဲ့ဒါကတော့ တစ်ကားလုံးမှာ အမှတ်တရပါပဲ။

**Voice: နောက်ထပ်ရော ဘယ်လိုရုပ်ရှင်ဇာတ်ကားတွေ ရိုက်ဖို့လက်ခံထားသေးလဲ။ ကိုယ့်ကို ပရိသတ်တွေ ထူးထူးခြားခြား ပုံစံမျိုးနဲ့ မြင်ရမယ့် ဇာတ်လမ်းမျိုးတွေ ရောပါလား။**

**SHYT:** ညီမ ကိုခန့်စည်သူ နဲ့ ပြင်ဦးလွင်မှာ ရုပ်ရှင်ကားကြီးတစ်ကားသွား ရိုက်ဖို့ရှိပါတယ်။ အဲ့ဒီကား ကလည်း ကျေးလက် ဇာတ်ကားလေးပဲ။ ဒါပေမဲ့ ဘွန်ဘွန်ဩကြက်သူခိုး ရုပ်ရှင်မှာ လုပ်ရတဲ့ ကာရိုက်တာလောက်တော့ မကြမ်းဘူး။ စပ်စလူး နတ်ပူးတဲ့ ပုံစံမျိုးလေး သရုပ်ဆာင်ရမှာပေါ့။ အဲ့ဒီကားကို ရိုက်မယ့် ဒါရိုက်တာကတော့ ဦးသိန်းဟန်( ဖီးနစ်) ပါ။ အဲ့ဒီကားရိုက်ပြီးရင်လည်း ညီမ ပြင်ဦးလွင်မှာပဲ ဇာတ်ကားတွေ ဆက်ရိုက်ဖို့ ရှိတယ်။ နှစ်လလောက်ကတော့ နယ်ဘက်တွေမှာပဲ ဇာတ်ကားတွေ ရိုက်ရမယ်။

**Voice: တစ်လောက အစာအိမ်ဖြစ်လို့ ဘန်ကောက်က ဆေးရုံမှာ သွားပြခဲ့ရသေးတယ်နော်။ အခုရော ကျန်းမာရေးကောင်းသွား ပြီလား။**

**SHYT:** ညီမရဲ့ကျန်းမာရေးကတော့ အခြေအနေကောင်းပါတယ်။ ဘန်ကောက်က ဆေးရုံမှာပဲ နောက်ထပ် လေးရက်လောက် ဆေးသွားကုလိုက်တော့ အဆင်ပြေသွားပါပြီ။ အရင်ကတော့ ညီမရဲ့ နှလုံးက သိပ်မကောင်းလို့ ဆေးကုနေရတာပါ။ အခု တစ်ခေါက်ကတော့ အစာအိမ်ဖြစ်တာပေါ့။ ကျန်းမာရေးအတွက် ဆေးကုရင်းနဲ့ တစ်ခါတည်း နားလိုက်သလိုဖြစ်သွားတာပေါ့။ ညီမတို့ကျတော့ ကားရိုက်တွေရှိနေတဲ့အတွက် သီးသန့်ကြီး အနားယူဖို့ကျတော့ သိပ်ပြီး အဆင်မပြေဘူး။ ကျန်းမာရေးကတော့ အခုလောလောဆယ် ကောင်းနေပါတယ်။



## ဒုတိယ ကမ္ဘာစစ်အတွင်း လိင်ကျွန်အဖြစ် ခိုင်းစေခံခဲ့ရသည့် ကိုရီးယားအမျိုးသမီးများအတွက် ဆောင်ဂျွန်ကီ ငွေ လှူဒါန်း

**ဆိုးလ်၊ အောက်တိုဘာ ၂၃**

ဒုတိယကမ္ဘာစစ်ကာလအတွင်းမှာ ဂျပန်တပ်မတော်ရဲ့လိင်ကျွန်အဖြစ် ခိုင်းစေခံခဲ့ရတဲ့ ကိုရီးယားအမျိုးသမီးတွေအတွက် နာမည်ကျော် သရုပ်ဆောင် ဆောင်ဂျွန်ကီ က ဝမ်ငွေ သန်း ၂၀ လှူဒါန်းခဲ့ ကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။

"ဆောင်ဂျွန်ကီဆိုတဲ့ နာမည်နဲ့ အလှူရှင်တစ်ယောက်က အလှူငွေ ဝမ်သန်း နှစ်ဆယ် လှူဒါန်းခဲ့ပါတယ်။ သူ့ရဲ့ အနုပညာအေဂျင်စီကို ဆက်သွယ်မေးမြန်းခဲ့ရာမှာတော့ ငွေလှူဒါန်းခဲ့တာ သရုပ်ဆောင် ဆောင်ဂျွန် ကီ ဖြစ်နေမှန်းသိခဲ့ရပါတယ်" လို့ အလှူငွေကို လက်ခံခဲ့တဲ့ Nanum House Comfort Women Charity Group မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။

"ဒီလှူဒါန်းမှုနဲ့ ပတ်သက်ပြီး သူ့ရဲ့အနုပညာအေဂျင်စီကို ဆက်သွယ်မေးမြန်းကြည့်တဲ့အခါမှာ သူတို့ တောင် မသိခဲ့ပါဘူး။ ဆောင်ဂျွန်ကီက အလှူငွေတွေကို လူတွေမသိအောင် လျှို့ဝှက်လှူဒါန်းဖို့ ကြိုးစားခဲ့တာပါ" လို့ Nanum House Comfort Women Charity Group မှ တာဝန်ရှိသူက ဆက်လက်ပြောကြားခဲ့ပါတယ်။

လက်ရှိမှာတော့ ဆောင်ဂျွန်ကီက နာမည်ကျော် သရုပ်ဆောင် ဆိုဂျီဆပ်၊ ဟွမ်ဂျောင်မင်းတို့နဲ့အတူ Battleship Island ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင် ရိုက်ကူးနေပါတယ်။ ဒီဇာတ်ကားမှာတော့ ဆောင်ဂျွန်ကီက ဂျပန်တွေ သိမ်းယူထားတဲ့ ဟာရှိမားကျွန်းပေါ်မှာ ဖမ်းဆီးခံထားရတဲ့ ကိုရီးယားလူမျိုး တွေ ကို သွားရောက်ကယ်တင်တဲ့အဖွဲ့မှာပါဝင်တဲ့ တော်လှန်ရေးသမားတစ်ဦးအဖြစ် ပါဝင် သရုပ်ဆောင်ရတာ ဖြစ်ပါတယ်။

## အိမ်လခမပေးလို့ လင်ဆေးလိုဟန်တစ်ယောက် လူမွဲအမည်စာရင်းခံယူရမည့်အမှု ရင်ဆိုင်ရ

လန်ဒန်က လူချမ်းသာရပ်ကွက်မှာ ငှားထားတဲ့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ သန်းတန် တိုက်ခန်းရဲ့ အိမ်လခပေးဖို့ ပျက်ကွက်တာမို့ လင်ဆေးလိုဟန်တော့ အမှု ရင်ဆိုင်ရပါတော့မယ်။

အိမ်ပိုင်ရှင်ရဲ့ရှေ့နေတွေက အသက် ၃၀ နှစ်အရွယ် မင်းသမီးကို ခြောက်လစာ အိမ်လခ ဒေါ်လာ တစ်သိန်းနီးပါး ပေးဖို့ အသိပေးစာ ပို့လိုက်ပါပြီ။

ဗြိတိန်မြို့တော် လန်ဒန်ရဲ့ Knightsbridge ဧရိယာနားက ဇိမ်ခံတိုက်ခန်းခ ပေးရမှာ ဖြစ်ပါသတဲ့။

နိုဝင်ဘာလ ၁၆ ရက်နေ့မတိုင်ခင် မပေးနိုင်ခဲ့ပါက လူမွဲစာရင်းခံယူရတော့မှာ ဖြစ်ပါတယ်လို့ Mail Online သတင်းတစ်ရပ်က ဖော်ပြထားပါတယ်။


contactmusic. com

လင်ဆေးလိုဟန်ရဲ့ ရည်းစားဟောင်း ရုရှားသူဌေး အီဂေါတာရာဘာဆော့ဗ် က ယခင်က ထိုတိုက်ခန်းဖိုးကို ပေးချေပေး နေပါတယ်။

ထိုစုံတွဲဟာ စေ့စပ်ပြီးမှ ကွဲသွားခဲ့ကြပြီး စာချုပ်ချုပ်ထားတဲ့ တိုက်ခန်း လက်ကျန်လများကို တစ်ယောက် တစ်ဝက် ပေးကြဖို့ သဘောတူ ထားပေမယ့် လင်ဆေးလိုဟန် က သူပေးရမယ့် တစ်ဝက်ကို မပေးပါဘူးလို့ ရုရှားသူဌေး တာရာဘာဆော့ဗ် က ပြောကြားခဲ့ပါတယ်။

ခုအမှုကိစ္စတွေနဲ့ ပတ်သက်ပြီး လင်ဆေးလိုဟန်ဘက်က ဘာမှ တော့ မပြောသေးပါဘူး။

# တစ်ကိုယ်တော်စီးရီးသစ်ထွက်ဖို့ အစီအစဉ်ရှိပါတယ်ဆိုတဲ့ အောင်ရင်

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

ဂီတလောကမှာ အစဉ်တစိုက် ချစ်ခင်အားပေးခဲ့ကြတဲ့ ပရိသတ်တွေအတွက် တစ်ကိုယ်တော် စီးရီးသစ်တစ်ခွေ ထွက်ရှိဖို့အတွက် အစီအစဉ်ရှိပါတယ်လို့ တေးသံရှင် အောင်ရင်က ပြောကြားပါတယ်။

"စီးရီးထွက်ဖို့အတွက် ရည်ရွယ်ပြီး လုပ်ထားတဲ့ သီချင်းတွေ ကျွန်တော့်မှာရှိပါတယ်။ Iron Cross တီးဝိုင်းနဲ့ တီးထားတာပေါ့။ သီချင်းတွေကတော့ တီးထား၊ ဆိုထားပြီးသားရှိပါတယ်။ Single Album အနေနဲ့ ထုတ် ဖြစ်မလား၊ Mini Album အနေနဲ့ ထုတ်ဖြစ်မလားဆိုတာ မစဉ်းစားရသေးပါဘူး" လို့ တစ်ကိုယ်တော် စီးရီးသစ်နဲ့ ပတ်သက်ပြီး ၎င်းက ထပ်လောင်းပြောဆိုပါတယ်။

သီချင်းတွေကတော့ တေးရေးဆရာ မောင်မောင်ဇော်လတ်၊ ထူးအိမ်သင်၊ L လွန်းဝါ တို့ရေးသားပေးထားတာဖြစ်ပြီး စီးရီးကို Iron Cross တီးဝိုင်းနဲ့ တီးထားတာဖြစ်တဲ့အတွက် Mixing ပိုင်းနဲ့ပတ်သက်လို့ ချစ်စမ်းမောင် လုပ်ပေးနိုင်မယ့် အချိန်ကိုလည်း စောင့်ရဦးမှာဖြစ်ကြောင်း တေးသံရှင် အောင်ရင်က ပြောကြားပါတယ်။

"ကျွန်တော့်မှာရှိတဲ့ သီချင်းတွေထဲက မိုင်တိုင်လေးဆယ်ဆိုတဲ့ သီချင်းက ထူးအိမ်သင်ရဲ့ အသက် ၄၀ ပြည့် မွေးနေ့အတွက် မောင်မောင်ဇော်လတ်က လက်ဆောင်ပေးခဲ့တာပါ။ အဲ့ဒီကတည်းက ၄က်ကြီးကနေပြီး ဒီသီချင်းက အောင်ရင်နဲ့ ပိုလိုက်တယ်။ အောင်ရင့်ကို ဆိုခိုင်းလိုက်ဆိုပြီး ကျွန်တော့်ကို ပြန်ပေးခဲ့တာပါ။ ဒီသီချင်းက လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်လောက်က Iron Cross နဲ့ PTL စတူဒီယိုမှာပဲ အသံသွင်းထားတာပါ" လို့ ၎င်းက ဆိုပါတယ်။



တေးသံရှင် အောင်ရင်ရဲ့ ဂီတသက်တမ်း ၃၂ နှစ်ပြည့် အမှတ်တရ Aung Yin 32 Live Show ကိုတော့ အောက်တိုဘာလ ၂၂ ရက်နေ့က ရန်ကုန်မြို့ရှိ၊ အမျိုးသားဇာတ်ရုံမှာ ပြုလုပ်ခဲ့ပြီး၊ ပရိသတ်တွေ ကြိုက်နှစ်သက် ခဲ့တဲ့သီချင်းတွေနဲ့ သီဆိုဖျော်ဖြေပေးခဲ့ပါတယ်။

"ကျွန်တော့်ကို မန္တလေးမှာ၊ ဒီဇင်ဘာလ ပထမပတ် လောက်မှာ ရှိုးပွဲလုပ်ဖို့ ပြောထားတဲ့သူ ရှိပါ တယ်။ ဒါပေမဲ့ နည်းနည်း ညှိရပါဦးမယ်။ ရှိုးပုံစံက အောင်ရင်နဲ့ အမျိုးသမီးအဆိုတော်တွေနဲ့ စုံတွဲ ဆိုရမယ့် အစီအစဉ်ကြီး ဖြစ်နေလို့ သိပ်ပြီး ဆန္ဒမရှိဘူး ဖြစ်နေတယ်။ ရှိုးကို တခြားပုံစံ ပြောင်းပေးရင်တော့ ဆိုဖြစ်ပါ မယ်။ မန္တလေးမှာလည်း ကျွန်တော် ရှိုးဆိုချင်ပါတယ်" လို့ တေးသံရှင် အောင်ရင်က ပြောကြားပါတယ်။ ■

ဓာတ်ပုံ- အောင်ရင် Facebook Page

## Recap

❍ မြန်မာဇာတ်ကားတွေမှာ မြင်တွေ့နေရတဲ့ လိုအပ်ချက်တွေကို ပရိသတ်တွေက အပြုသဘောဆောင်တဲ့ ဝေဖန်ထောက်ပြမှုတွေကို ပြုလုပ်ပေးမယ်ဆိုရင်တော့ လက်ခံပါတယ်လို့ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံး ဥက္ကဋ္ဌ သရုပ်ဆောင် လူမင်းက The Voice ကို ပြောကြားပါတယ်။

"ဇာတ်ကားတချို့မှာ သရုပ်ဆောင်က ဖုန်းကို ဇောက်ထိုးကြီး ပြောနေတာတို့၊ ဖုန်းပြောတာ Screen မီးလင်းနေတယ်ဆိုတဲ့ အချက်က ကျွန်တော်တို့ အမှားတွေကို ထောက်ပြတာပါပဲ။ ကျွန်တော်တို့ အနုပညာရှင်တွေဆိုတာက ဝေဖန်မှုကိုလည်း ခံနိုင်ရပါမယ်။ ဒါပေမဲ့ အုပ်စုဖွဲ့ရှုတ်ချတိုက်ခိုက်တဲ့ အသွင်ဆောင်တာကတော့ မကောင်းပါ ဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာ့ရုပ်ရှင်ကို တကယ်ချစ်၊ တကယ်အားပေးတဲ့ ပရိသတ်တွေ အခိုင်အမာရှိ နေပါတယ်" လို့ ၎င်းကဆိုပါတယ်။

❍ မကြာမီလပိုင်းအတွင်း ထွက်ရှိမယ့် အိမ့်ချစ်ဟု ခေါ်သည်လို့အမည်ရတဲ့ တစ်ကိုယ်တော်စီးရီးသစ်မှာ ဆိုနေကျမဟုတ်တဲ့ သီချင်းပုံစံအသစ်တွေ ထည့်ထားပါတယ်လို့ တေးသံရှင် အိမ့်ချစ်က The Voice ကို ပြောကြားပါတယ်။

"အိမ့်ချစ်ရဲ့ စီးရီးသစ်က ဒီဇင်ဘာ( သို့မဟုတ်) ဇန်နဝါရီမှာ ထွက်ပါမယ်။ လောလောဆယ်တော့ သီချင်းငါး ပုဒ်လောက်ပဲ ပြီးသေးတယ်။ သီချင်းတွေကတော့ ဘဝအကြောင်းတွေလည်း ပါတယ်။ ခပ်မိုက်မိုက် သီချင်းတွေလည်း ပါတယ်။ ခပ်ကြမ်းကြမ်း သီချင်းတွေလည်းပါမယ်။ ကြိုက်တဲ့ ပရိသတ်တွေရှိသလို၊ မကြိုက်တဲ့ ပရိသတ်တွေလည်း ရာခိုင်နှုန်းများလိမ့်မယ် ထင်ပါတယ်" လို့ ၎င်းကဆိုပါတယ်။




ဓာတ်ပုံ- အောင်လ Facebook Page

## အောင်လနဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး

**နာမည်ကျော်တေးသံရှင် အောင်လနဲ့ တွေ့ဆုံပြီး လက်တွဲဖော်နဲ့ ကွာရှင်းပြတ်စဲခဲ့တဲ့ အကြောင်းရင်း၊ သူ့ရဲ့ အိမ်ထောင်ရေး ကိစ္စနဲ့ပတ်သက်ပြီး လတ်တလော ထွက်ပေါ်နေတဲ့ သတင်းတွေအပေါ် သူ့ရဲ့ ဖြေရှင်းချက်နဲ့ တတိယတစ်ကိုယ်တော် စီးရီးသစ်အကြောင်းတို့ကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: အောင်လရဲ့ ဘဝလက်တွဲဖော်နဲ့ တရားဝင်ကွာရှင်းလိုက်တဲ့ သတင်းကို ကိုယ့်ရဲ့ Facebook Page မှာ ပရိသတ်တွေကို အသိပေးထားတာတွေ့ပါတယ်။ အဲ့ဒီအကြောင်းကနေ စပြီး ပြောပြပေးပါဦး။**

**AL:** ကျွန်တော်နဲ့ သူနဲ့က ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှာ တရားဝင် ကွာရှင်းခဲ့တာပါ။ လက်ရှိအချိန်မှာတော့ ကျွန် တော့်ရဲ့ စီးရီးသစ်ထွက်နိုင်ဖို့ပဲ ဆက်ကြိုးစားသွားမှာပါ။ အိမ်ထောင်ရေးကိစ္စနဲ့ ပတ်သက်ပြီး Facebook မှာ ပြောနေတဲ့ တချို့အကြောင်းအရာတွေက ကောလာဟလတွေ များပါတယ်။

**Voice: ဒီသတင်းကို အောင်လကိုယ်တိုင် တရားဝင်ကြေညာလိုက်တော့ တချို့ပရိသတ်တွေလည်း စိတ်မကောင်းဖြစ်သွား ကြတာရှိတယ်နော်။**

**AL:** အဲ့ဒါကတော့ သူနဲ့ ကျွန်တော် ကွဲဖို့ပြောထားတာက လွန်ခဲ့တဲ့ တစ်နှစ်လောက်ကတည်းက ပြောထားတာပါ။ ကျွန်တော်တို့ ယူခဲ့တာတော့ ၂၀၁၄ ခုနှစ်က ယူခဲ့တာပါ။ ၂၀၁၆ မှာ ကွဲတာဆိုတော့ ကျွန်တော်တို့ နှစ်ယောက်ရဲ့ အိမ်ထောင်သက်က ၂ နှစ်ပဲ ရှိပါသေးတယ်။

**Voice: နှစ်ယောက် လမ်းခွဲဖို့ ဆုံးဖြတ်လိုက်တဲ့ အဓိက အကြောင်းရင်းက ဘာကြောင့် ဖြစ်မလဲ။**

**AL:** အဲ့ဒါကတော့ ကျွန်တော်တို့ နှစ်ယောက်ရဲ့ Long Distance Relationship က အဆင်မပြေပါဘူး။ သူလည်း ဒီကိုပြန်လာလို့ မရဘူး။ ကျွန်တော်လည်း သူရှိတဲ့နေရာကို လိုက်သွားဖို့ အဆင်မပြေဘူး။ ဒီမှာ ကျွန်တော်လုပ်ထားတဲ့ ဟာတွေကို ထားခဲ့ဖို့ ဆိုတာလည်း မဖြစ်နိုင်ဘူး။ ကျွန်တော်တို့ နှစ်ယောက်က ရှေ့မှာ ရည်းစားအဖြစ် တွဲနေတုန်းက သူ့အိမ်က Force လုပ်တဲ့အတွက် ၂၀၁၄ ခုနှစ်က ယူဖြစ်သွားတယ်။

**Voice: အောင်လ တို့ နှစ်ယောက်က တစ်ယောက်တစ်နေရာစီမှာ ခွဲနေရတာ ကြာတဲ့အတွက် အနေဝေးသွားတဲ့သဘောလား။**

**AL:** ကျွန်တော်တို့ နှစ်ယောက် ယူပြီးတော့ သူရှိတဲ့နေရာကို ကျွန်တော် လိုက်သွားဖို့ ကြိုးစားကြည့်တယ်။ ဒါပေမဲ့ ဒီဘက်မှာ ကျွန်တော့် အလုပ်တွေကို ထားခဲ့ဖို့ဆိုတာ အဆင်မပြေဘူး။ သူကလည်း ဟိုကနေ ဒီကိုပြန်လာရင်လည်း သူဘာမှ လုပ်လို့မရဘူး။ အဲ့ဒီတော့ ကျွန်တော်တို့ နှစ်ယောက်က ကြာလာတော့ သွေးအေးလာတာပေါ့။ မနှစ်ကတည်းက ကျွန်တော်တို့ကွဲဖို့ ပြောထားတာ ကြာပါပြီ။ ဒီနှစ်မှ သူပြန်လာတော့ ကွဲဖြစ်သွားတာပါ။

**Voice: အောင်လ က အခု ဘဝကို တစ်ယောက်တည်းဖြတ်သန်းရတော့မှာဆိုတော့ ဘယ်လိုရှေ့ဆက်သွားဖို့ စဉ်းစားထားလဲ။**

**AL:** ကျွန်တော်ကတော့ ကျွန်တော်လုပ်နေတဲ့ ဂီတကို ဒီ့ထက်ပိုကောင်းအောင် ဆက်လုပ်သွားမှာပါ။ ကျွန်တော် အခု တတိယအခွေလုပ်နေတယ်။ ဒီခွေက ပြီးလည်းပြီးခါနီးပါပြီ။ ဇန်နဝါရီလလောက် ထွက်ဖို့အတွက် ကျွန်တော် ကြိုးစားနေပါတယ်။ ကျွန်တော့်ရဲ့ ဂီတပိုင်းဆိုင်ရာမှာ ပိုပြီးတော့ ကောင်းမွန်တဲ့ သီချင်းတွေ ဖန်တီးနိုင်အောင် ကြိုးစားသွားမှာပါ။

**Voice: လတ်တလော Facebook မှာ ပြောနေကြတဲ့ အောင်လရဲ့ အိမ်ထောင်ရေးသတင်းနဲ့ ပတ်သက်ပြီးတော့ရော ကိုယ့်ရဲ့ ပရိသတ်တွေကို ဘယ်လို ရှင်းလင်းပြောကြားချင်သေးလဲ။**

**AL:** Facebook မှာကတော့ အစ်ကိုရယ်၊ သူတို့ထင်ရာမြင်ရာတွေ လျှောက်ပြောနေကြတာပါ။ အဲ့ဒါကိုတော့ ကျွန်တော့်ဘက်က ဘာမှ ပြန်ရှင်းပြစရာ အကြောင်းမရှိပါဘူး။ တကယ်လို့ ပရိသတ်ကို အသိပေးရမယ့် ကိစ္စတချို့ရှိရင်တော့ ကျွန်တော် အသိပေးသွားမှာပါ။ တချို့ကိစ္စတွေကိုပေါ့။ ကျွန်တော်နဲ့ ပတ်သက်ပြီး ပြောနေတဲ့ ကောလာဟလတွေနဲ့ ပတ်သက်လို့ကတော့ လက်ရှိအချိန်မှာ ဘာမှ ပြောစရာမရှိပါဘူး။ ကျွန်တော့်ရဲ့ ဘဝနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်တစ်ခုခု ချမယ်ဆိုရင် ပရိသတ်တွေကို အသိပေးသွားမှာပါ။

**Voice: အောင်လရဲ့ တတိယတစ်ကိုယ်တော် စီးရီးနဲ့ ပတ်သက်ပြီးတော့လည်း ပရိသတ်တွေကို ပြောပြပေးပါဦး။**

**AL:** ကျွန်တော့်ရဲ့ စီးရီးသစ်ကတော့ ဇန်နဝါရီလလောက် ထွက်ဖို့ရှိပါတယ်။ အစကတော့ ရုပ်ရှင်ဇာတ်ဝင်တေးလို ခွေနဲ့ တွဲထွက်ဖို့ပေါ့နော်။ ဒါပေမဲ့ ပရိုဂျူဆာက ဒီခွေကို ဆက်မလုပ်ချင်တော့ဘူးလို့ ပြောတဲ့ အတွက် ကျွန်တော့်ရဲ့ တတိယခွေအနေနဲ့ပဲ ထွက်ဖြစ်မှာပါ။ ဒီခွေမှာ သီချင်းပုံစံတွေကို တော်တော် ပြောင်းထားပါတယ်။ ပရိသတ်တွေ နားထောင်ကြည့်လိုက်ရင်တွေ့မှာပါ။ အရင်ခွေတွေထက်ပို ပြီး ဒီခွေကို ကြိုးစားပြီး လုပ်ထားပါတယ်။

**Voice: သီချင်းပုံစံတွေ ပြောင်းလဲထားတာဆိုတော့ စာသားပိုင်းဆိုင်ရာ နဲ့ Music ပိုင်းဆိုင်ရာမှာ အပြောင်းအလဲတွေ တွေ့ရမှာပေါ့။**

**AL:** ဒီခွေမှာကတော့ တေးရေးဆရာတော်တော်စုံတယ်။ ကျွန်တော်ရေးထားတဲ့ သီချင်းက တစ်ဝက်လောက်ပဲ ပါတယ်။ ကျန်တဲ့ သီချင်းတွေက တခြားတေးရေးဆရာတွေ ရေးပေးထားတာပါ။ အဲ့ဒီအတွက် ရသနည်းနည်း ပိုစုံမယ်လို့တော့ ပြောလို့ရမယ်။ ကျွန်တော် တစ်ယောက်တည်းရေးတဲ့ သီချင်းတွေပဲ ဆိုနေရင် ကျွန်တော့် Mood ပဲ များနေမှာ စိုးလို့ပါ။

**Voice : ပွင့်လင်းရာသီလည်း ရောက်ပြီဆိုတော့ ရှိုးပွဲတွေရော ဘယ်တွေမှာ ဆိုဖို့ လက်ခံထားသေးလဲ။**

**AL:** ရှိုးပွဲကတော့ ကျိုက္ခမီဘက်မှာ သွားဆိုဖို့ရှိတယ်။ ကိုကျားပေါက်တို့နဲ့လည်း Influence Rock Show 2 လုပ်ဖို့ ပြောထားသေးတယ်။ New Year ကတော့ ရန်ကုန်မှာပဲ ရှိုးဆိုဖြစ်တယ်။ ဇန်နဝါရီလမှာ ကျွန်တော့် ရဲ့စီးရီးသစ်ထွက်မယ်။ ဖေဖော်ဝါရီလထဲမှာတော့ Reason နဲ့ Idiots ရဲ့ Two Band Show ဆိုဖို့ရှိပါတယ်။

**Voice: အောင်လကို ဘယ်အချိန်အထိ တစ်ယောက်တည်းပဲ မြင်ရမှာလဲ။ ထူးခြားမှုတစ်ခုခုရှိရင် ပရိသတ်တွေကို အသိပေးမှာလား။**

**AL:** အဲ့ဒါကတော့ ကျွန်တော်ထူးခြားရင် ပြောပြပါမယ်။ အခုတော့ ဘာမှ မထူးခြားသေးပါဘူး။ ကျွန်တော့်ရဲ့ လက်တွဲဖော်နဲ့ ကွာရှင်းပြတ်စဲလိုက်တာလည်း အဆင်မပြေလို့ပါ။ ကျွန်တော်တို့ နှစ်ယောက်က ညှိခဲ့တာလည်း တော်တော်ကြာခဲ့ပြီ။ အဆင်မပြေဘူး တူတူနေဖို့ကလေ။ ယူပြီးတော့မှ တူတူ မနေရင်လည်း အဓိပ္ပာယ် မရှိဘူးလေ။ ကျွန်တော်တို့ နှစ်ယောက်က တစ်နှစ်လောက်နေမှတစ်ခါ တွေ့ရတာဆိုတော့ အဆင်မပြေဘူး။ အဲ့ဒီတော့ လမ်းခွဲလိုက်ကြတာ အကောင်းဆုံးပဲလို့ စဉ်းစားပြီးတော့လမ်းခွဲခဲ့တာပါ။ ကျန်တဲ့ ကိစ္စတွေတော့ ဘာမှ မရှိပါဘူး။

# တော်ဝင်မိသားစုကို အွန်လိုင်းတွင် ဝေဖန်ပုတ်ခတ်မှု Google ကို ထိုင်း ဖိအားပေး

**ဘန်ကောက်၊ အောက်တိုဘာ ၂၃**

တော်ဝင်မိသားစုကို ဝေဖန်ပုတ်ခတ်ထားသော အွန်လိုင်းပို့စ်များကို ဖယ်ရှားရာတွင် ပူးပေါင်းဆောင်ရွက်ရန် Google က သဘောတူခဲ့သည်ဟု ထိုင်းဒုတိယဝန်ကြီးချုပ်က ပြောကြားကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

Google နှင့် You Tube တွင် ရှာဖွေရေးစနစ်အသုံးပြု၍ တွေ့ရှိထားသော ဝေဖန်ပုတ်ခတ်မှုများကို အသိပေးရန်အတွက် ဂူဂဲလ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်ဟု ဒုတိယဝန်ကြီးချုပ် ပရာဂျင်ဂျန်တောင်က ပြောကြားသည်။

အဆိုပါအကြောင်းအရာများဖယ်ရှားရေးနှင့်ပတ်သက်၍ လက်ရှိမူဝါဒများနှင့် ကိုက်ညီမှုရှိသည်ဟု ဂူဂဲလ်ကလည်း ပြောကြားသည်။

ထိုင်းဘုရင် ဘူမိဘောကွယ်လွန်ပြီးနောက်ပိုင်း တော်ဝင်မိသားစုကို ဝေဖန်ပုတ်ခတ်ထားသော အကြောင်းအရာပေါင်း ၁၀၀ ကျော်ကို Google services များတွင် တွေ့ရှိရသည်ဟု ပရာဂျင်ဂျန်တောင်က ဆိုပါသည်။

ထိုသို့ဖယ်ရှားပေးရန် တောင်းဆိုမှုကို ဂူဂဲလ်၏စည်းမျဉ်းများနှင့်အညီ လုပ်ဆောင်ပေးမည်ဟု ဂူဂဲလ် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

"တင်ထားတဲ့အကြောင်းအရာဟာ ဥပဒေနဲ့ မညီဘူးလို့ အကြောင်းကြားချက် ရောက်လာရင် စေ့စေ့စပ်စပ် စစ်ဆေးပြီးတော့ သက်ဆိုင်ရာနိုင်ငံအတွင်းမှာ ကန့်သတ်သွားမှာဖြစ်ပါတယ်" ဂူဂဲလ်တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ဂူဂဲလ်သည် ယင်းကဲ့သို့ တောင်းဆိုမှုများနှင့်ပတ်သက်သည့် အချက်အလက်များကို ကာလအပိုင်းအခြားအလိုက် ထုတ်ပြန်လေ့ရှိပြီး ပွင့်လင်းမြင်သာမှု အစီရင်ခံစာများဟု ခေါ်ဝေါ်သည်။

၂၀၁၅ ဒီဇင်ဘာလမှ ပြီးခဲ့သော ဇူလိုင်လအထိ ခြောက်လအတွင်းအကြောင်းအရာ ဖယ်ရှားပေးရန် ထိုင်းအစိုးရထံမှ တောင်းဆိုမှု ၃၃ ကြိမ်ကို လက်ခံရရှိခဲ့သည်ဟု သိရှိရသည်။

ယင်းသို့ တောင်းဆိုထားသော အကြောင်းအရာ ပို့စ် ၁၅၆၆ ခုရှိပြီး ၉၇ ရာခိုင်နှုန်းမှာ အစိုးရကို ပြစ်တင်ဝေဖန်သည်ဟု ရည်ညွှန်းထားသည်။



ထိုင်းဘုရင်ကို ပုတ်ခတ်ဝေဖန်မှုများအား ဥပဒေဖြင့်တားမြစ်ထားသည်

ထိုင်းအစိုးရ တောင်းဆိုထားသော အကြောင်းအရာ ပို့စ်များအနက်မှ ၈၅ ရာခိုင်နှုန်း (အရေအတွက် ၁၃၀၀ ခန့်) ကို ဂူဂဲလ်က ဖယ်ရှားပေးခဲ့သည်။

ထိုင်းနိုင်ငံ၏ ရာဇသတ်ကြီးပုဒ်မ ၁၁၂ တွင် ဘုရင်၊ မိဖုရားနှင့် ကိုယ်စားပြုသူတို့ကို အပုပ်ချခြင်း၊ စော်ကားခြင်း၊ ခြိမ်းခြောက်ခြင်း ပြုလုပ်သူမှန်သမျှသည် ထောင်ဒဏ် ၁၅ နှစ်အထိ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်ဟု ဖော်ပြထားသည်။

၁၉၀၈ ခုနှစ်ကတည်းက ရှိခဲ့သော ယင်းပုဒ်မသည် ၁၉၇၆ တွင် ပြစ်ဒဏ်တင်းကျပ်ခြင်းမှလွဲ၍ ယခုအချိန်အထိ အပြောင်းအလဲမရှိပေ။ ဥပဒေတွင် တော်ဝင်မိသားစုကို စော်ကားမှုနှင့်ပတ်သက်၍ အဓိပ္ပာယ်တိကျစွာ ရှင်းလင်းဖွင့်ဆိုထားခြင်းမရှိပေ။ အမှုဖွင့်တိုင်ကြားမှုကိုမူ မည်သူမဆိုပြုလုပ်နိုင်ပြီး ရဲများက တရားဝင်စစ်ဆေးမှုပြုလုပ်ကြရသည်။ တရားစွဲဆိုမှုနှင့်ပတ်သက်သည့် အသေးစိတ်အချက်များကိုမူ လူသိရှင်ကြား ထုတ်ပြန်လေ့မရှိပေ။■

# အမေရိကန်နှင့်အဆက်ဖြတ်မည်ဆိုသော ဒူတာတေး၏မှတ်ချက်အပေါ် ဝါရှင်တန် ရှင်းလင်းချက်တောင်း

**ဝါရှင်တန်၊ အောက်တိုဘာ ၂၃**

ဖိလစ်ပိုင်သမ္မတ ဒူတာတေးက အမေရိကန်ပြည်ထောင်စုကို အဆက်ဖြတ်မည်ဟု ကြေညာခြင်းနှင့်ပတ်သက်၍ ရှင်းလင်းချက်တောင်းခံသွားမည်ဟု အမေရိကန်တာဝန်ရှိသူများက ပြောကြားကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

ဒူတာတေးသည် ကြာသပတေးနေ့က တရုတ်နိုင်ငံ စီးပွားရေးဖိုရမ်တွင် ယင်းသို့မှတ်ချက်ပေးခဲ့ခြင်းဖြစ်ပြီး အဆက်ဖြတ်ရာတွင် စစ်ဘက်ဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပါဝင်သည်ဟု ပြောကြားခဲ့သည်။

ဒူတာတေး၏မှတ်ချက်များသည် နှစ်နိုင်ငံအကြား ရင်းနှီးသောဆက်ဆံရေးနှင့်ဆန့်ကျင်ဘက်ဖြစ်နေသည်ဟု အမေရိကန်တာဝန်ရှိသူများက မှတ်ချက်ပေးသည်။

ဒူတာတေး၏သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ အန်နက်စတိုအေဘယ်လာက သဘောတူညီချက်များကို ချိုးဖောက်ခြင်းမဟုတ်ဘဲ လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒကို ပြန်လည်ထုတ်ပြန်ခြင်းသာဖြစ်ပြီး အမေရိကန်အပါအဝင် အနောက်အုပ်စုအပေါ် မှီခိုမှုကိုလျှော့ချကာ အာရှအိမ်နီးချင်းများနှင့် စီးပွားရေး၊ စစ်ရေး ဆက်ဆံမှုကို ဟန်ချက်ထိန်းခြင်းသာဖြစ်သည်ဟု သောကြာနေ့က ပြောကြားသည်။

ဒူတာတေးအစိုးရ၏ အကြီးတန်းအဖွဲ့ဝင်များကလည်း ၎င်းတို့နိုင်ငံသည် ဝါရှင်တန်နှင့်ဆက်ဆံရေးကို ဖျက်မည်မဟုတ်ဟု ပြောကြားခဲ့ကြသည်။



တရုတ်တွင်ကျင်းပပြုလုပ်သော စီးပွားရေးဖိုရမ်၌ မိန့်ခွန်းပြောနေသည့် ဒူတာတေး

ကြာသပတေးနေ့က ဘေဂျင်း စီးပွားရေးဖိုရမ်တွင် ဒူတာတေးက "အမေရိကန်နဲ့ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး အားလုံးလမ်းခွဲမယ်။ အမေရိကန်ကတော့ ဆုံးရှုံးမှာပဲ။ ပြီးရင် ဗလာဒီမာပူတင်နဲ့ ဆွေးနွေးဖို့ ရုရှားကိုလည်း သွားဦးမယ်။ တစ်ကမ္ဘာလုံးကို ရင်ဆိုင်ဖို့ တရုတ်၊ ရုရှား၊ ဖိလစ်ပိုင် သုံးနိုင်ငံထဲရှိတယ်လို့ပြောမယ်။ ဒီတစ်နည်းပဲရှိတယ်" ဟု လေလုံးထွားပြောဆိုခဲ့သည်။

အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက "အဆိုပါလေလုံးထွားပြောဆိုမှုများအပေါ် အမေရိကန်ပြည်ထောင်စုအနေနဲ့ နားလည်ရခက်နေကြောင်း၊ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဒန်နီယယ်ရပ်ဆဲလ်သည် ယင်းကိစ္စများကို အဖြေရှာရန်အတွက် ယခုသီတင်းပတ်ကုန်ရက်တွင် မနီလာသို့ သွားမည်ဖြစ်ကြောင်း" ရှင်းလင်းပြောကြားသည်။

သမ္မတဒူတာတေးသည် တရုတ်အစိုးရ၏သတိပေးချက်ကြောင့် အလာကျဲသွားသော တရုတ်ခရီးသွားဧည့်သည်များကို ပြန်လည်ဆွဲဆောင်ရန်နှင့် တရုတ်သို့ဖိလစ်ပိုင်စားသောက်ကုန်များ ပြန်လည်တင်ပို့နိုင်ရန် ညှိနှိုင်းဆွေးနွေးလျက်ရှိပြီး တရုတ်ထံမှ စစ်လက်နက်နှင့်စစ်ရေးယာဉ်များ ဝယ်ယူလိုသည်ဟု ထုတ်ဖော်ပြောဆိုထားသည်။

ဇူလိုင်လက သည်ဟိဂ်နိုင်ငံတကာခုံရုံးတွင် တောင်တရုတ်ပင်လယ်ပြင်အငြင်းပွားမှုကို အဆုံးအဖြတ်ပေးရာတွင် တရုတ်၏ကြေညာချက်များကို ပယ်ချကာ ဖိလစ်ပိုင်ကို အနိုင်ပေးခဲ့ပြီးနောက် နှစ်နိုင်ငံ တင်းမာမှုများဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ အငြင်းပွားမှုကို ဖြေရှင်းရန် ဒိုင်ယာလော့ခ် တွေ့ဆုံဆွေးနွေးမှုများ ပြန်လည်စတင်ရန် နှစ်နိုင်ငံစလုံးက ကြာသပတေးနေ့က ထုတ်ပြန်ကြေညာထားသည်။ ■

# ဧဝရက်တောင်ထိပ်ရောက် ပထမဆုံး အမျိုးသမီးတောင်တက်သမား ဂျုန်ကိုတိုင်ဘီ အသက် ၇၇ နှစ်တွင် ကွယ်လွန်

**တိုကျို၊ အောက်တိုဘာ ၂၃**

ဧဝရက်တောင်ကို တက်ရောက်နိုင်ခဲ့သော ပထမဆုံး အမျိုးသမီးတောင်တက်သမား ဂျပန်နိုင်ငံသူ ဂျုန်ကိုတိုင်ဘီသည် အသက် ၇၇ နှစ်အရွယ်တွင် ကွယ်လွန်သွားခဲ့သည်ဟုသူမ၏မိသားစုက ပြောကြားကြောင်း BBC သတင်းတွင်ဖော်ပြထားသည်။

တိုင်ဘီသည် အသက် ၃၅ နှစ်အရွယ် ၁၉၇၅ မေလတွင် ဧဝရက်တောင်ကို တက်ရောက်နိုင်ခဲ့ပြီး ကမ္ဘာ့အမြင့်ဆုံးတောင် ခုနစ်လုံးစလုံးကို ၁၉၉၂ မတိုင်မီ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။

သူမသည် လွန်ခဲ့သောလေးနှစ်က ဝမ်းဗိုက်တွင် ကင်ဆာရောဂါစစ်ဆေးတွေ့ရှိခဲ့ပြီး ယခု ဆိုက်တာမာမြို့ရှိ ဆေးရုံတစ်ခုတွင် ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

သူမ၏ နောက်ဆုံးတောင်တက်ခရီးစဉ်မှာ ၂၀၁၁ ဆူနာမီဘေးသင့် အထက်တန်းကျောင်းသားကျောင်းသူများနှင့်အတူ ဇူလိုင်လက ဖူဂျီတောင်ကို တက်ရောက်ခြင်းဖြစ်သည်။ တိုင်ဘီ၏ မူလဇာတိမှာ ဆူနာမီဘေးဒဏ်ကြောင့် ပျက်စီးသွားခဲ့သော ဖူကူရှီးမားစီရင်စုဖြစ်သည်။

တိုင်ဘီက သူမ၏အောင်မြင်သော တောင်တက်ခရီးများသည် လူအများ၏ အမြင်ကိုပြောင်းလဲနိုင်မှုကြောင့် ဂုဏ်ယူသည်ဟု ၂၀၁၂ တွင် Japan Times သို့ ပြောကြားခဲ့သည်။

"ဂျပန်မှာ ၁၉၇၀ ခုနှစ်တွေတုန်းက ယောကျ်ားတွေပဲ အပြင်ထွက် အလုပ်လုပ်ရမယ်၊ မိန်းမတွေက အိမ်ထဲမှာပဲ နေရမယ်လို့ အများစုက ယူဆကြတယ်။ အလုပ်လုပ်တဲ့ မိန်းမတွေကလည်း လက်ဖက်ရည်ချပေးရုံလောက်ပဲ လုပ်ရတယ်။ ဒါကြောင့် အလုပ်ခွင်မှာ သူတို့အတွက် ထင်မထားနိုင်လောက်အောင် မြှင့်တင်ပေးနိုင်ခဲ့တယ်" ဟု တိုင်ဘီက ပြောကြားခဲ့သည်။

တိုင်ဘီသည် ဧဝရက်တောင်တက်လမ်းတွင် နှင်းခဲများပေါ်မှ ချော်ကျသွားခဲ့သောကြောင့် လမ်းပြက သူမကို ဆွဲတင်ကယ်ဆယ်ခဲ့ပြီးနောက် ဆက်လက်တက်ရောက်ခဲ့ရာ ၁၂ ရက်အကြာတွင် တောင်ထိပ်သို့ အောင်မြင်စွာ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ■



# အီရတ်အစိုးရထိုးစစ်ကြောင့် မိုဆူးလ်မြို့အနီး ခရစ်ယာန်ဒေသ IS လက်မှ လွတ်ပြီ

**ဘဂ္ဂဒက်၊ အောက်တိုဘာ ၂၃**

၂၀၁၄ ခုနှစ်ကတည်းက ISထိန်းချုပ်မှုအောက် ကျရောက်နေခဲ့သော မိုဆူးလ်မြို့အနီးမှ ခရစ်ယာန်ဘာသာဝင်များ နေထိုင်ရာဒေသကို အီရတ်အစိုးရတပ်များက အောက်တိုဘာလ ၂၂ ရက်နေ့တွင် ပြန်လည်သိမ်းပိုက်နိုင်ခဲ့ကြောင်း Reuters သတင်းဌာနက ဖော်ပြသည်။

အီရတ်နိုင်ငံအတွင်း IS ထိန်းချုပ်ထားနိုင်သေးသည့် နောက်ဆုံးမြို့ကြီးဖြစ်သော မိုဆူးလ်ကို သိမ်းပိုက်ရန် ထိုးစစ်ဆင်မှု၏တစ်စိတ်တစ်ဒေသအဖြစ် အမေရိကန်ကျောထောက်နောက်ခံပြု အီရတ်တပ်များက အနီးရှိဒေသများကို ဦးစွာ သိမ်းပိုက်လျက်ရှိသည်။

အောက်တိုဘာလ ၁၇ ရက်နေ့က စတင်ခဲ့သော မိုဆူးလ်မြို့ထိုးစစ် အောင်မြင်မှုရနေချိန်တွင် မြို့တော်ဘဂ္ဂဒက်၌ အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာနှင့် အီရတ်ဝန်ကြီးချုပ် ဟိုင်ဒါ အယ်အဘာဒီတို့ တွေ့ဆုံခဲ့ကြပြီး စစ်ဆင်ရေးကိစ္စများ ဆွေးနွေးခဲ့သည်။

မိုဆူးလ်မြို့အရှေ့တောင်ဘက် ၁၃ မိုင်အကွာရှိ ခရစ်ယာန်ဘာသာဝင်အများစုနေရာ ကာရာကုရှ်မြို့ဗဟိုချက်သို့ အီရတ်တပ်ဖွဲ့များ ဝင်ရောက်နိုင်ပြီဖြစ်ပြီး မြို့အနှံ့လှည့်လည်ရှင်းလင်းနေကြောင်း စစ်ဘက်က ကြေညာချက်တစ်စောင်ထုတ်ပြန်သည်။

အနီးရှိ ခရစ်ယာန်ကျေးရွာတစ်ရွာဖြစ်သော ကာရမ်လက်စ်ကိုလည်း သိမ်းပိုက်ရန် ထိုးစစ်ဆင်နေပြီဖြစ်သည်ဟု သိရသည်။

ယခုတစ်ပတ် အစောပိုင်းကလည်း ကာရာကုရှ် မြောက်ပိုင်းရှိ ခရစ်ယာန်ကျေးရွာ ဘာတယ်လာကို အီရတ်အထူးတပ်ဖွဲ့များက ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

## ၂၀၀၃ နောက်ပိုင်း အကြီးဆုံး တိုက်ပွဲ

မိုဆူးလ်မြို့သိမ်းတိုက်ပွဲသည် ၂၀၀၃ ခုနှစ် အီရတ်ကို အမေရိကန် ထိုးစစ်ဆင်ပြီး နောက်ပိုင်း အကြီးဆုံးစစ်ပွဲဖြစ်လာနိုင်ပြီး လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများလည်း အကြီးအကျယ်လိုအပ်မည်ဟု ခန့်မှန်းထားသည်။

မြို့တွင်းတွင် ဒေသခံ တစ်သန်းခွဲခန့် နေထိုင်နေကြဆဲဖြစ်ပြီး အဆိုးဆုံးအခြေအနေတွင် လူတစ်သန်းခန့်အထိ အိုးအိမ်စွန့်ခွာထွက်ပြေးရနိုင်သည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။ လက်ရှိအချိန်အထိမူ ထွက်ပြေးသူ ၆၀၀၀ ခန့်သာရှိသေးသည်။

အီရတ်စစ်တပ်က တောင်ဘက်နှင့် အရှေ့ဘက်၊ ကာ့ဒ်ပက်ရှ်မာဂါ တိုက်ခိုက်ရေးသမားများက အရှေ့ဘက်နှင့် မြောက်ဘက်တို့မှ ညှပ်ပူးညှပ်ပိတ် ထိုးစစ်ဆင်နေသည်။

အီရတ်တပ်ဖွဲ့များသည် မိုဆူးလ်မြို့နှင့် သုံးမိုင်အကွာအထိ ရောက်လာခဲ့ပြီး တွန်းလှန်တိုက်ခိုက်မှုများကို ကြုံလာရပြီဖြစ်ကြောင်း ကာ့ဒ်ဒေသအစိုးရ ပြည်ထဲရေးဝန်ကြီး ကာရင်မ်ဆိုင်ဂျာက ပြောကြားခဲ့သည်။

တောက်ဘက် မျက်နှာစာတွင် IS တပ်ဖွဲ့များက မီးတင်ရှို့ခဲ့သည်ဟု ယူဆရသော ဆာလ်ဖာစက်ရုံမှ အဆိပ်ငွေ့များကြောင့် လူ ၁၀၀၀ နီးပါးမျှ အသက်ရှူလမ်းကြောင်း ဆိုင်ရာပြဿနာများ ကြုံတွေ့ခဲ့ရပြီး ကုသမှုခံယူခဲ့ရသည်ဟု ကာယာရာ ဆေးရုံမှ သတင်းရင်းမြစ်များကဆိုသည်။

စက်ရုံပျက်စီးခဲ့သည်မှအပ အသေအပျောက်မရှိခဲ့ပေ။

ယင်းမီးခိုးများကြောင့် အီရတ် ကာယာရာ အနောက်ဘက် လေယာဉ်ကွင်းမှ အမေရိကန်တပ်ဖွဲ့များ အကာအကွယ်မျက်နှာဖုံးစွပ်များပါ တပ်ဆင်ထားရသည်ဟု ဆိုသည်။

အဖြူရောင် မီးခိုးတိမ်တိုက်များမှာ စက်ရုံရှိခဲ့ရာဒေသမှ မြောက်ဘက်ခြမ်းအထိ လွှမ်းခြုံနေပြီး IS က မီးရှို့ထားသော ရေနံတွင်းများမှ အနက်ရောင်မီးခိုးများနှင့် ရောယှက်နေသည်ဟု သိရသည်။

IS သည် ၎င်းတို့ လှုပ်ရှားမှုများကို မမြင်တွေ့စေရန်နှင့် လေယာဉ်များ တိုက်ခိုက်ရခက်ခဲစေရန် ရေနံတွင်းများကိုပါ မီးရှို့ထားခြင်းဖြစ်သည်။

စစ်ဆင်ရေးစကတည်းက ယခုအချိန်အထိ ကျေးရွာ ၅၀ ကို IS လက်မှ သိမ်းပိုက်နိုင်ခဲ့ပြီး မိုဆူးလ်မြို့သို့ဝင်ရန် ပြင်ဆင်နေပြီဟု အီရတ်စစ်ဘက် မီဒီယာတာဝန်ရှိသူက ပြောကြားသည်။

မိုဆူးလ်တွင် IS တပ်ဖွဲ့ဝင် ၅၀၀၀ မှ ၆၀၀၀ ခန့်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။

IS သည် ဆီးရီးယားနိုင်ငံအတွင်းရှိ ဒေသတချို့ကိုပါ ထိန်းချုပ်ထားနိုင်သည်။

IS သည် အသေခံကားဗုံးခွဲမှုများ၊ ဗုံးထောင်မှုများ၊ မိုင်းထောင်မှုများ၊ စနိုက်ပါနှင့် မော်တာဖြင့် ပစ်ခတ်မှုများကို အဓိကအားကိုးခုခံနေရသည်။

ထိုးစစ်ဆင်သော အီရတ်တပ်ဖွဲ့များကို အမေရိကန်က ယင်းစစ်ဆင်ရေးမျိုးအတွက် အထူးလေ့ကျင့်ပေးထားသည်ဟု သိရသည်။

"စစ်ဆင်ရေးက စီစဉ်ထားတဲ့အတိုင်း အကောင်အထည်ပေါ်နေပြီး သတ်မှတ်ချိန်အတိုင်း လှုပ်ရှားနေပါတယ်" ဟု ကာတာက အဘာဒီနှင့် တွေ့ဆုံအပြီးတွင် ပြောကြားခဲ့သည်။

စစ်ဆင်ရေးတွင် တူရကီပါ ပါဝင်ကူညီနေသည်ဆိုခြင်းကိုမူ အီရတ်ဝန်ကြီးချုပ် အဘာဒီက ပယ်ချခဲ့သည်။ ■



BBC

**အတိုက်အခံခေါင်းဆောင် ကတ်ပရီလတ်**

# ဗင်နီဇွဲလား အစိုးရ အာဏာသိမ်းပွဲတစ်ရပ် ဆင်နွှဲဟု အတိုက်အခံ စွပ်စွဲ

**ကရာကတ်၊ အောက်တိုဘာ ၂၃**

ပြည်သူ့ဆန္ဒခံယူပွဲ ပြုလုပ်ရန် အစီအစဉ်ကို တားဆီးခြင်းဖြင့် အာဏာသိမ်းပွဲတစ်ရပ်ကို ဗင်နီဇွဲလားအစိုးရက ဆင်နွှဲလိုက်သည်ဟု အတိုက်အခံများက စွပ်စွဲလျက်ရှိကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

သမ္မတ မာဒူရိုကိုရာထူးမှ ဖယ်ရှားရေး ပြည်သူ့ဆန္ဒခံယူပွဲ လုပ်ဆောင်ရန် အတိုက်အခံများက စီစဉ်ထားသော်လည်း ဆန္ဒခံယူပွဲလုပ်ဆောင်ရေး အစီအစဉ်များကို ဆိုင်းငံ့ထားရန် ရွေးကောက်ပွဲအရာရှိများက အမိန့်ပေးထားသည်။

ဆန္ဒခံယူပွဲသာ ပြုလုပ်ပါက လက်ရှိအစိုးရရာထူးမှ ဖယ်ရှားခံရမည်ဟု စစ်တမ်းများတွင် ဖော်ပြထားသည်။

လက်ရှိတွင် အစိုးရအဖွဲ့က ဗင်နီဇွဲလားပြည်သူများကို ဆန့်ကျင်ပြီး အာဏာသိမ်းပွဲတစ်ရပ် ဆင်နွှဲထားကြောင်း လာမည့် ရက်သတ္တတစ်ပတ်မှစတင်ပြီး တစ်နိုင်ငံလုံး အတိုင်းအတာ ဆန္ဒပြပွဲများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း အတိုက်အခံခေါင်းဆောင် ကတ်ပရီလတ်က တိုက်တွန်းထားသည်။

တစ်ချိန်တည်းတွင် အတိုက်အခံခေါင်းဆောင်ရှစ်ဦး ဗင်နီဇွဲလားနိုင်ငံတွင်းမှ ထွက်ခွာခွင့်ကို တရားရုံးက အမိန့်ထုတ်ပြန်တားမြစ်ထားသည်။

ယင်းကဲ့သို့လုပ်ဆောင်ခြင်းသည် ရန်စမှုဖြစ်ကြောင်း အတိုက်အခံများကို ကွန်ဂရက်တွင်းတွင်သာမက လမ်းပေါ်တွင်ပါ လူများစုက ထောက်ခံလျက်ရှိကြောင်း တားဆီးခံထားရသည့် အတိုက်အခံခေါင်းဆောင် တိုရီရယ်ဘာက ပြောကြားသည်။

အတိုက်အခံများသည် ကွန်ဂရက်ကို ထိန်းချုပ်ထားသော်လည်း တရားရုံးများနှင့် ရွေးကောက်ပွဲကော်မရှင် အပါအဝင် အရေးပါသည့် အင်စတီကျူးရှင်းများကို သမ္မတမာဒူရိုက ဆက်လက် ထိန်းချုပ်ထားဆဲဖြစ်သည်။

ပြည်သူ့ဆန္ဒခံယူပွဲ လုပ်ငန်းစဉ် ဆက်လက်ဆောင်ရွက်ရန် အမေရိကန်နှင့် လက်တင်အမေရိကနိုင်ငံများက တောင်းဆိုထားသည့်ကြားမှ ဆန္ဒခံယူပွဲ ဆိုင်းငံ့ရန်အမိန့် ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ■

**စာမျက်နှာ 13 အနောက်ဘက်ခြံစည်းရိုးပြဿနာ..မှအဆက်**

ချက်များအရ သိရှိခဲ့ရသည်။

### ဥရောပသမဂ္ဂနှင့် အမေရိကန်နိုင်ငံတို့၏ထောက်ခံမှု

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်ပြီး ဥရောပသမဂ္ဂ သံအမတ်ကြီးကလည်း ၎င်းအနေနှင့် အဖွဲ့ဝင်နိုင်ငံများအား မိမိတို့၏ လုပ်ဆောင် ချက်များကို ရှင်းပြပေးမည်ဖြစ်မည်ပြီး ဤကိစ္စအပေါ် စာနာနားလည်ပါကြောင်း၊ ဤနည်းဖြင့် သံတမန်နည်းလမ်းမှနေ၍ အခြားသက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများကိုလည်း ရှင်းပြရန်ရှိပါကြောင်းများပြောဆိုခဲ့ပြီး အမေရိကန်နိုင်ငံအနေနှင့်လည်း အဆိုပါကိစ္စအပေါ် ထောက်ခံခဲ့ကြသည်ဟုဆိုသည်။

### သူ့ဘက်ကိုယ့်ဘက် ထည့်တွက်ရတော့မည့် ရေရှည်အကျိုးစီးပွား

ထိုဒေသအတွင်းတွင် ဗုဒ္ဓဘာသာကိုးကွယ်ကြသော ရခိုင်လူမျိုးများနှင့် မွတ်ဆလင်ဘာသာ ကိုးကွယ်ကြသည့် ဘင်္ဂါလီလူမျိုးများ အသီးသီးဖြန့်ခွဲနေထိုင်ကြသည့်အလျောက် ဘာသာတရားအယူအဆနှင့် အခြားမတူကွဲပြားသည့် အသက်မွေးဝမ်းကျောင်းမှုပြုကြသူ လူတန်းစားနှစ်လွှာအကြား သမိုင်းကြောင်းများအရ အမုန်းတရားများ ကြီးထွားခဲ့ကြသည်။ ထိုမှလွန်မြောက်ကာ ယခုနောက်ဆုံးအခြေအနေအရမူ တစ်ဖက်စွန်းကျသည့်ဘက်ကူးကာ လူမျိုးရေးဘက်မှသည် နိုင်ငံရေးဘက်သို့ပင်ကူးပြောင်းဦးလှည့်လာခဲ့ကြသည်ထိ ဖြစ်ခဲ့ကြလေသည်။ ဒီအတွက် ရေရှည်နောင်အနာဂတ်ကာလတွင် ထိုသို့သော မတူကွဲပြားသည့် လူမျိုးစုနှစ်ခုအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲကာ လက်တွဲနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေး၊ ကိုယ်စီအလုပ်အကိုင်ရရှိရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေး၊ အမုန်းတရားများပြေပျောက်ပြီး နယ်မြေများ ထာဝစဉ်အေးချမ်းသာယာရေးစသည့်အချက်များသည် အနာဂတ်လူ့အဖွဲ့အစည်းနှစ်ရပ်အတွက် အထူးလိုအပ်လာမည်ဖြစ်သည်။ ယခုလက်ရှိအနေအထားတွင်မူ နှစ်ဖက်စလုံး ကိုယ်စီ အမုန်းအာဃာတ လောင်စာရန်ငြိုးများဖြင့် မီးဆက်ပျိုးပြီး အဆိုးတရားများဘက်ကိုသာ ဦးတည်လျှောက်လှမ်းနေကြသည်ကို တွေ့မြင်ရမည် ဖြစ်သည်။

### အနာဂတ်ရေရှည်ခရီးအတွက် ဘယ်လိုစီမံချမှတ်သင့်သလဲ

နိဂုံးချုပ်အားဖြင့်တင်ပြရလျှင် ထို့ကြောင့်ပင် အနာဂတ်ကာလနောင်မျိုးဆက်များအတွက် လူမျိုးစုနှစ်စုအကြား သဟဇာတဖြစ်ရေးနည်းလမ်းကောင်းများ ရွေးချယ်ရကြတော့မည်ဖြစ်သည်။ အစိုးရသစ်တက်ခါစကာလ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားခဲ့ဖူးသည့် အစီအမံများသည်လည်း အမှန်တကယ်တွင်မူ အိပ်မက် မက်ပြနေခြင်းမျိုးမဟုတ်ဘဲ ရေရှည်တည်တံ့မည့် အကျိုးစီးပွားဖော်ဆောင်မှုလမ်းစအဖြစ် ယနေ့အချိန်တွင် ပြန်လည်တွေးတောကြည့်လျှင် မြင်ရနိုင်သည်။ ပထမအဆင့်အနေနှင့် မိမိနိုင်ငံနယ်စပ်ခြံစည်းရိုးကို ခိုင်လုံအောင် အထူးအစီအမံဖြင့်ကာရံသင့်ပြီး ခေတ်မီစက်ပစ္စည်းကိရိယာ ICT နည်းပညာများဖြင့် စောင့်ကြည့်နိုင်ရေး နိုင်ငံတော်မှဘတ်ဂျက်များ တိုးမြှင့်ချပေးသင့်သည်။ လိုအပ်လျှင် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ သုံးတန်သုံးရမည်။

နယ်စပ်တစ်လျှောက် ဂငယ်ကွေ့နယ်မြေအတွင်း တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် လဝကတို့ပေါင်းစပ်၍ တပ်များအခိုင်အမာဖွဲ့စည်းနေရာချကာ လုံခြုံရေးတင်းကျပ်စွာ ဆောင်ရွက်ရမည်။ နယ်စပ်ကိုလုံခြုံစွာကာကွယ်စောင့်ကြပ်နိုင်မည်ဆိုလျှင် တစ်ရန်အေးမည်ဖြစ်သည်။ မိမိနိုင်ငံနယ်နိမိတ်အတွင်းရှိ ဘာသာကွဲလူမျိုးများကို စာရင်းအတိအကျ ခိုင်ခိုင်မာမာကောက်ယူပြီး ပထမအဆင့် နိုင်ငံသားသတ်မှတ်ရေးဥပဒေနှင့်အညီ သတ်မှတ်သည့် အရောင်ကတ်များ စတင်ထုတ်ပေးပြီး ဥပဒေဘောင်အတွင်းအေးချမ်းစွာနေနေစေရမည်။ ထိုမှတစ်ဖန် တစ်ဆင့်တက်ကာ အစိုးရက အဆိုပါဒေသအတွင်း အထက်တွင်တင်ပြခဲ့သည့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ အိပ်မက်ဆန်ဆန်စကားအတိုင်း စက်မှုဇုန်များ၊ မွေးမြူရေးဇုန်များ၊ စိုက်ပျိုးရေးဇုန်များ ထူထောင်ပြီး ကုန်ထုတ်လုပ်ငန်းများ လုပ်ဆောင်ကြစေခြင်းဖြင့် သူ့ဘက်ကိုယ့်ဘက် နှစ်ဖက်စလုံးညီမျှစွာ အလုပ်အကိုင်ဖန်တီးပေးရမည်။

ဤသို့ဖြင့် မိမိတို့နိုင်ငံအစိုးရ၏ ဦးဆောင်မှုအောက်တွင် ဥပဒေများကို လေးစားလိုက်လာတတ်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ပေးခြင်း၊ လမ်းပန်းဆက်သွယ်ရေးမှအစ လျှပ်စစ်မီး၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးတိုးတက်စေမှုလမ်းစများ ဖွင့်ပေးခြင်းဖြင့် လူ့အဖွဲ့အစည်းနှစ်ရပ်အတွင်းမှ လူငယ်များ၊ မိန်းမပျို၊ ယောက်ျားငယ်၊ ကလေးသူငယ်များအတွက် သူတို့၏အနာဂတ်ရောင်ခြည်များ လင်းလက်လာစေပြီး သဟဇာတဖြစ်လာမည်။ ရင်းနှီးမှုပိုကာ ယုံကြည်မှုတိုးလာမည်။ အစိုးရကို အားကိုးလာမည်။ ထောက်ခံလာမည်။ နောင်တဖြည်းဖြည်းတွင် အစိုးရနှင့်ပေါင်းကာ ယုံကြည်စွာပုံအပ်စေခြင်းဖြင့် နောက်နောင်အနာဂတ်ကာလ နှစ် ၁၀၀၊ ၂၀၀တိုင် ချစ်ကြည်ခိုင်မာစေရန် မေတ္တာတရားကိုအခြေခံပြီး အစီအမံကောင်းများ ချမှတ်ရွေးချယ်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

**ရန်ကြီးအောင်(ဥပဒေ)**

# REGIONAL



## ချောင်းသာနှင့် ငွေဆောင် ကမ်းခြေတွင် ဧည့်သည်များကို မုန်တိုင်းအန္တရာယ် သတိပေး

**ပုသိမ်၊ အောက်တိုဘာ ၂၃**

မုန်တိုင်းရေယာအတွင်း ကျရောက်နေသော ချောင်းသာနှင့် ငွေဆောင် ကမ်းခြေသို့ရောက်ရှိနေကြသော ဧည့်သည်များကို မုန်တိုင်းအခြေအနေနှင့် အကယ်၍ မုန်တိုင်းဝင်လာပါက မုန်တိုင်းဒဏ်ခံအဆောက်အအုံသို့ သွားရာလမ်းကြောင်းများကို ကြိုတင်အသိပေးထားကြောင်း ချောင်းသာနှင့် ငွေဆောင် ဟိုတယ်ဇုန်လုပ်ငန်းရှင်များအသင်းတာဝန်ရှိသူက ပြောကြားသည်။

ဧည့်သည်များ ဘေးကင်း လုံခြုံရေးအတွက် ကမ်းခြေစောင့် လုံခြုံရေးအဖွဲ့များက ရေတက်မှု အခြေအနေ၊ လေတိုက်နှုန်းအခြေအနေကို စောင့်ကြည့်လျက်ရှိပြီး မုန်တိုင်းခိုလှုံရာ အဆောက်အအုံများရှိရာသို့ ပြေးလမ်းကြောင်းနှင့် ရိက္ခာများ စီစဉ်ပေးထားကြောင်း ငွေဆောင်ဟိုတယ်ဇုန်လုပ်ငန်းရှင်များအသင်း တာဝန်ရှိသူက ပြောကြားသည်။

"တချို့လည်း အခန်းတွေမှာရှိကြသေးတယ်။ များသောအားဖြင့် သောကြာ၊ စနေ၊ တနင်္ဂနွေပေါ့ ဘိုကင်အတိုင်း ဝင်ကြတယ်။ ဒီနေ့တော့ ပြန်တဲ့ရက် ရောက်ပြီလေ။ မုန်တိုင်းကြောင့် ပြန်တာတော့မဟုတ်ဘူး" ဟု ၎င်းက ဆိုသည်။

ချောင်းသာကမ်းခြေတွင် အောက်တိုဘာ ၂၃ ရက်နေ့ ညနေ ၄နာရီမှ စတင်၍ ချောင်းသာကမ်းခြေကို ဆင်းခွင့်ပေးထားသော်လည်း ရေထဲဆင်းခွင့်မပေးတော့ကြောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က ပြောကြားသည်။

ပြည်ပဧည့်သည်အများဆုံး အနားယူလေ့ရှိသည့် ရခိုင်ပြည်နယ်ရှိ ငပလီကမ်းခြေမှာ လက်ရှိအခြေအနေတွင် ရာသီဥတုကောင်းမွန်လျက်ရှိကြောင်း၊ မုန်တိုင်းသတိပေးချက်ရှိသဖြင့် သက်ဆိုင်ရာဟိုတယ်များမှ ဧည့်သည်များကိုသတိပေးခြင်းများ ပြုလုပ်ထားပြီး ဖြစ်ကြောင်း ရခိုင်ဇုန်ဟိုတယ်လုပ်ငန်းရှင်များအသင်းတာဝန်ရှိသူက ပြောကြားသည်။

"လေတိုက်နှုန်း ၄၀၊ ၅၀ လောက်က ဒီမှာပုံမှန်လိုဖြစ်နေပြီ။ ဧည့်သည်တွေကိုက ရှိနေကြတယ်။ အခန်းဘိုကင် ဖျက်တာတို့လည်းမရှိသေးပါဘူး" ဟု ၎င်းက ဆိုသည်။ ■

## ပေါင်မြို့နယ်တွင် ပွဲကြည့်ပြန်လူငယ်အုပ်စု ချောင်းရိုက်ခံရမှု အမှုဖွင့်ရန် ကြန့်ကြာဟုဆို

**မော်လမြိုင်၊ အောက်တိုဘာ ၂၃**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်ရှိ ပေါင်မြို့ပေါ်ရပ်ကွက်ဖြစ်သည့် ကဒုံစီးရပ်ကွက်ပွဲ သွားရောက်လည်ပတ်ခဲ့ကြသည့် ကျွဲခြံကျေးရွာမှ လူငယ်အုပ်စုကို ချွန်ထက်သည့် လက်နက်နှင့် သံပိုက်များဖြင့် ချောင်းရိုက်၊ ထိုးနှက်ခံရမှုတွင် လူငယ်လေးဦး ဆေးရုံတင်ရပြီး သုံးဦးဒဏ်ရာရရှိခဲ့ခြင်းကို ပေါင်မြို့မရဲစခန်းက အမှုဖွင့်ပေးရန် ကြန့်ကြာခဲ့ကြောင်း ချောင်းရိုက်ခံရသည့် လူငယ်များ၏ အုပ်ထိန်းသူများက ပြောကြားသည်။

ကျွဲခြံကျေးရွာမှ လူငယ် ၂၀ ဦးဝန်းကျင်သည် သီတင်းကျွတ် လပြည့်နေ့ဖြစ်သော အောက်တိုဘာ ၁၆ ရက်နေ့ ညက ကဒုံစီးရပ်ကွက်ပွဲကို သွားရောက်လည်ပတ်ခဲ့ပြီးနောက် ည ၁၂ နာရီဝန်းကျင်တွင် ကျေးရွာသို့ပြန်လာခဲ့စဉ် ကဒုံစီးရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီး၌ လူဦးရေ ၃၀ ဦးအထက်ရှိ လူငယ်အုပ်စုက ချောင်းရိုက်ခဲ့ကြကြောင်း၊ ညာဘက်ရင်အုံကို သံချွန်ဖြင့် ထိုးသွင်းခံရ၍ ပေါင်မြို့နယ်ပြည်သူ့ဆေးရုံတွင် လေးရက်ကြာ ဆေးကုသခံခဲ့ရသူ ကျွဲခြံကျေးရွာမှ အသက် ၂၃ နှစ်အရွယ် ကိုစိုးထက်ကျော်က ပြောဆိုသည်။

"သူတို့ (ရဲတပ်ဖွဲ့) က ဘယ်လိုလဲဆိုတော့ ရိုက်တဲ့သူဟာ ဘယ်သူလဲ၊ နာမည်သေချာပြော အဲ့တော့မှ သူတို့က သွားဖမ်းပြီးတော့ အမှုဖွင့် လို့ရမယ်ဆိုတော့ အဲ့ဒီလူကို ဘယ်မှာသွားရှာမလဲ။ အဲ့ဒါကြောင့် ဒီလောက်ထိ ကြာတာ" ဟု ချောင်းရိုက်ခံရသူ ကိုစိုးထက်ကျော်၏ အစ်ကို ဦးတင်လှက ရဲစခန်း၌အမှုသွားဖွင့်ခဲ့သည့် ဖြစ်စဉ်ကို ဆိုသည်။

ကျွဲခြံလူငယ်အုပ်စု အရိုက်ခံရပြီးနောက်တစ်နေ့တွင် ပေါင်မြို့မရဲစခန်းမှ အမှုဖြစ်စဉ်ကို စုံစမ်းခဲ့သော်လည်း အမည်မသိ လူငယ်အုပ်စု ဖြစ်နေခြင်းကြောင့် အောက်တိုဘာ ၂၀ ရက်နေ့မှ ပေါင်မြို့မရဲစခန်းတွင် (ပ) ၂၄၈/ ၂၀၁၆ ရာဇသတ်ကြီးပုဒ်မ ၃၂၄/ ၃၂၄ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း ပေါင်မြို့မရဲစခန်းမှ အမှုစစ် ဒုရဲအုပ် အောင်မိုးကျော်က ပြောဆိုသည်။

"ကျွန်တော်တို့က တိုင်ပြီးတဲ့ အချိန်မှာ ချက်ချင်းကြီးတော့ မသိနိုင်ဘူးဗျ။ စုံစမ်းစစ်ဆေးမှုက အခုစမှာ" ဟုပေါင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးက ဆိုသည်။

ကျွဲခြံလူငယ်အုပ်စုကို ချောင်းရိုက်ခဲ့သည့် လူငယ်အုပ်ထဲမှ လူငယ်နှစ်ဦးကို မျက်နှာမြင်ပါက မှတ်မိကြောင်း ချောင်းရိုက်ခံရသဖြင့်ညာဘက်မျက်ကွင်း ညိုမည်း၊ ကွဲရှဒဏ်ရာနှင့် မျက်လုံးသား သွေးကြောပေါက်ခဲ့သော အသက် ၁၇ အရွယ် ထွန်းနိုင်ဝင်း ကပြောကြားသည်။

"အမှုဖော်ထုတ်ချင်တာပဲ သိတယ်။ နောက်နောင်လည်း ကိုယ့်ကလေးတွေက အမြဲသွားနေမယ်လေ၊ ပွဲဆိုတာက နှစ်တိုင်းဖြစ်တယ်၊ တစ်ယောက်မဟုတ်တစ်ယောက် စိတ်ပူတာပေါ့" ဟု ချောင်းရိုက်ခံရသည့် ဦးခေါင်းတွင် ရှစ်ချက် ချုပ်ခဲ့ရသော အသက် ၂၂ အရွယ် ထွန်းထွန်းနိုင်၏ မိခင်ဖြစ်သူ ဒေါ်တင်မိုးက ဆိုသည်။

ထို့အပြင် စောရွှေဌေး (၂၂နှစ်) မှာလည်း ချောင်းရိုက်ခံရ၍ ဦးခေါင်းတွင် ၁၀ ချက်ကျော် ချုပ်ထားရသည့်အပြင် နောက်ကျောကုန်း၌ ချွန်ထက်သော အရာဖြင့် ထိုးသွင်းခဲ့သော ဒဏ်ရာနှစ်ချက်နှင့် လက်မောင်းနှစ်ဖက်တွင် ညိုမည်းဒဏ်ရာများ ရရှိခဲ့ကြောင်း စောရွှေဌေး၏ အုပ်ထိန်းသူမိဘများက ပြောကြားသည်။ ■

## အရက်ကြောင်သည့် ဖခင်က သမီးနှစ်ဦးကိုသတ်ပြီး ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံဟုဆို

**မကွေး၊ အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ကင်ပွန်းခြံကျေးရွာတွင် အောက်တိုဘာ ၂၁ရက်နေ့ နံနက် ၅ နာရီခန့်က အရက်ကြောင်နေသည်ဟု ယူဆရသူ ဖခင်က သမီးနှစ်ဦးကို ထန်းလှီးဓားဖြင့်လှီးသတ်ပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခဲ့ကြောင်း ကျောက်ပန်းတောင်းမြို့နယ် မြို့မရဲစခန်းထံမှ သိရသည်။

ဖြစ်စဉ်မှာ ဦးလှဝင်းသည် ယင်းနေ့ နံနက်က အရက်သောက်ထားပြီး ၁၈ နှစ်အရွယ်သမီးဖြစ်သူ မဇင်မာလွင်နှင့် မကြည်နူးထွေး (လေးနှစ်) တို့ကို သူ့ကို ထမင်းမကျွေးသည်ကို အကြောင်းပြု၍ ထန်းလှီးဓားဖြင့် လှီးဖြတ်ခဲ့သည့်အတွက် သမီးနှစ်ဦးစလုံးမှာ နေအိမ်အပေါ်ထပ်ရှိ ဘုရားခန်းတွင် သေဆုံးခဲ့ပြီး ၎င်းကိုယ်တိုင်မှာ လည်ပင်းကိုလှီးဖြတ်ကာ သေကြောင်းကြံခဲ့ကြောင်း ရဲမှတ်တမ်းများအရ သိရသည်။

ဦးလှဝင်းမှာ အသက်မသေဘဲ လှီးဖြတ်ဒဏ်ရာများကြောင့် ငါးလက်မခန့်ပြတ်ရှဒဏ်ရာရရှိခဲ့သည့် အတွက် ကျောက်ပန်းတောင်း ဆေးရုံသို့ပို့ဆောင်ခဲ့ရကာ ထိုမှတစ်ဆင့် ညောင်ဦးဆေးရုံသို့ လွှဲပြောင်းကုသလျက်ရှိကြောင်း ကျောက်ပန်းတောင်း မြို့မရဲစခန်းမှ တာဝန်မှူးက ပြောဆိုသည်။

"ကျူးလွန်သူကိုယ်တိုင်က ဒဏ်ရာကြောင့်စကားမပြောနိုင်သေးလို့ ပတ်ဝန်းကျင်သက်သေတွေ ပြောပြသမျှအခြေအနေတွေကိုပဲ သိရသေးတယ်။ ဦးလှဝင်းကိုယ်တိုင်လည်းစိုးရိမ်ရအဆင့်နဲ့ ဆေးကုသမှုခံယူနေရဆဲပါ" ဟု ၎င်းက ဆိုသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဦးလှဝင်းကို ကျောက်ပန်းတောင်းမြို့မရဲစခန်းက (ပ) ၁၂၉/ ၂၀၁၆ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ကာ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။ ■

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၄၂၁၀၀ ၆၅၇၉၊ ၀၉ ၄၂၁၁၁ ၈၃၂၇

# လူငယ်မူဝါဒ သဘောထားအမြင် ကောက်ခံပွဲကျင်းပ

**မိတ္ထီလာ၊ အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ အမှတ် ၅ ရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမတွင် အောက်တိုဘာလ ၂၃ ရက်နေ့က ဌာနဆိုင်ရာများ၊ မြို့နယ်အတွင်းရှိ လူမှုအခြေပြုအဖွဲ့များနှင့် လူငယ်ရေးရာကိစ္စရပ်များကို စိတ်ပါဝင်စားသူများ စုပေါင်း၍ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်မူဝါဒ သဘောထားအမြင် ကောက်ခံပွဲတစ်ရပ်ကို ကျင်းပခဲ့ကြောင်း ကျောက်ပန်းတောင်းမြို့နယ် လူငယ်ကွန်ရက်ဥက္ကဋ္ဌ ဦးဝေလွင်ဦး က ပြောကြားသည်။

"အခုက ဆွေးနွေးတဲ့အရာက လူငယ်မူဝါဒ ဆိုတာဘာလဲဆိုတာ သူတို့ကို ရှင်းပြပေးမယ်။ မူဝါဒမှာပါဝင်တဲ့ အချက်တွေကဘာတွေလဲ ဆိုတာကို ရှင်းပြမယ်။လူငယ်မူဝါဒက ဘာကြောင့် ရှိသင့်တယ်ဆိုတာကို သူတို့ရဲ့သဘောထားတွေကို ကောက်ခံမယ်" ဟု ၎င်းက ဆိုသည်။

ယင်းမှထွက်ရှိသည့်အချက်အလက်များကို မန္တလေးတိုင်းအဆင့်ကိုတင်မည်ဖြစ်ပြီး လူငယ်မူဝါဒမူကြမ်းတစ်ခု ထွက်ရှိလာမည်ဖြစ်ကြောင်း၊ ယင်းမှ တိုင်းအဆင့် ကိုယ်စားလှယ် ၁၂ဦးက နိုဝင်ဘာလ ၅ရက်နေ့နှင့် ၆ ရက်နေ့တို့တွင် နေပြည်တော်တွင် ကျင်းပမည့်National Youth Conference တွင် ဆက်လက်တင်ပြ ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ ■

# ကြံ့ခင်းတွင် သဘာဝဘေးအန္တရာယ် အသိပညာပေး

**ဟင်္သာတ၊ အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံ့ခင်းမြို့နယ် တလိုင်းကွင်းကျေးရွာအုပ်စု အောင်မြင်ကိုင်းကျေးရွာတွင် အောက်တိုဘာလ ၂၁ ရက်နေ့က သဘာဝဘေးဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့ကြောင်း ဟင်္သာတခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနထံမှ သိရသည်။

သဘာဝဘေးအများဆုံး ဖြစ်လေ့ရှိသည့်ဒေသများမှ ဒေသခံများကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ယင်းဌာနထံမှ သိရသည်။

ဟင်္သာတခရိုင်အတွင်းရှိ ကြံ့ခင်းမြို့နယ်၊ မြန်အောင်မြို့နယ်၊ အင်္ဂပူမြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်များတွင် သဘာဝဘေးအသိပညာပေး ဆွေးနွေးပွဲများဆက်တိုက်ပြုလုပ်မည်ဖြစ်ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် လက်တွေ့ဆောင်ရွက်ခြင်း လုပ်ငန်းများလည်းဆောင်ရွက်မည်ဖြစ်ကြောင်း ဟင်္သာတခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးမှူး ဦးသန်းစိုးက ပြောကြားသည်။ ■

The VOICE Daily

CARTOON



# တောင်ငူ ၅၀၆ နှစ်ပြည့် မြို့တည်နန်းတည်ပွဲ သရုပ်ဆောင်ပြိုင်ပွဲ ပါဝင်မည်

**တောင်ငူ၊ အောက်တိုဘာ ၂၃**

မျိုးဆက်သစ် လူငယ်သရုပ်ဆောင်များ ပေါ်ထွက်လာစေရေးအတွက် တောင်ငူ (ကေတုမတီ) မြို့တည် နန်းတည် ၅၀၆ နှစ်ပြည့်ပွဲတော်၌ သရုပ်ဆောင်ပြိုင်ပွဲ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေး ကော်မတီထံမှ သိရသည်။

"ပွဲတော်ရက်အတွင်းမှာ သရုပ်ဆောင်ပြိုင်ပွဲ၊ ဗုဒ္ဓဝင်ပြိုင်ပွဲတွေနဲ့အားကစားပြိုင်ပွဲတွေ ထည့်သွင်းကျင်းပနိုင်ဖို့ပြင်ထားတယ်။ သရုပ်ဆောင်ပြိုင်ပွဲမှာ ပေးထားတဲ့ ခေါင်းစဉ်အတိုင်း ဇာတ်ညွှန်းခွဲပြီး ပြိုင်ပွဲဝင်ရမယ်"ဟု တောင်ငူ(ကေတုမတီ) မြို့တည်နန်းတည် ၅၀၆ နှစ်ပြည့်ပွဲတော် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးမိုး က ပြောကြားသည်။

၂၀၁၁ ခုနှစ်က စတင်ကျင်းပခဲ့သည့် တောင်ငူ(ကေတုမတီ) မြို့တည်နန်းတည် ပွဲတော်၏ ၅၀၆ နှစ်ပြည့်ပွဲကို နိုဝင်ဘာလ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပမည်ဖြစ်ရာ ယခင်နှစ်များအတိုင်း မြို့သိမ်းအစီအရင်များဖြစ်သည့် ဝင်းခင်းသဘင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ၊ အားကစား ပြိုင်ပွဲများအပြင် သရုပ်ဆောင်ပြိုင်ပွဲနှင့် သီချင်းဆိုပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

"ဒီနှစ်မှာလည်း မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲနဲ့ အတူကျင်းပသွားမှာဖြစ်တယ်။ သရုပ်ဆောင်ပြိုင်ပွဲက ဒုတိယအကြိမ်ကျင်းပတာ။ သရုပ်ဆောင်ပြိုင်ပွဲအတွက် လျှောက်လွှာတွေကိုအောက်တိုဘာလ ၁၀ ရက်နေ့ကနေ နိုဝင်ဘာလ ၁၃ ရက်နေ့အထိ ပြိုင်ပွဲကျင်းပရေးကော်မတီမှာထုတ်ယူပြီး အမည်စာရင်းပေးနိုင်ပါတယ်"ဟု ပွဲတော်ကျင်းပရေးကော်မတီဝင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦး က ပြောကြားသည်။

အဆိုပြိုင်ပွဲနှင့် သရုပ်ဆောင်ပြိုင်ပွဲကို ကြက်မင်းညီနောင်ကစားခန်းမ ဆောင်၌ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည်ဖြစ်ကြောင်း၊ သရုပ်ဆောင်ပြိုင်ပွဲအတွက် ခေါင်းစဉ်မှာ ချစ်သောကေတုမတီဖြစ်ပြီး ပြိုင်ပွဲဝင်များကိုယ်တိုင် ဇာတ်ညွှန်းရေးကာ ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း သရုပ်ဆောင်ပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်တစ်ဦးက ဖြည့်စွက်ပြောဆိုသည်။

တောင်ငူ(ကေတုမတီ) ကို မြန်မာသက္ကရာဇ် ၈၇၂ က တည်ထောင်ခဲ့ခြင်းဖြစ်ရာ လက်ရှိအချိန်၌ မြို့တည်နန်းတည်နှစ် ၅၀၆ နှစ် ရှိပြီဖြစ်ကြောင်း၊ ယင်းပွဲတော်နှင့်အတူ ၈၄ ကြိမ်မြောက် တောင်ငူမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားများလှည့်လည်ပူဇော်ပွဲကို နိုဝင်ဘာ ၁၂ ရက်နေ့မှ ၁၅ ရက်နေ့ ကျင်းပမည်ဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၇ ရက်နေ့တွင် မြို့သိမ်းအစီအရင် ဝင်းခင်းသဘင်နှင့် လေးကျွန်းကန်တော်ကြီးအတွင်း မီးကြာခွက်မျှောပွဲနှင့် မီးပုံးပျံလွှတ်ပွဲကျင်းပမည်ဖြစ်ကာ ညပိုင်းတွင် နိုင်ငံကျော် တေးသံရှင်များက အလှပြမော်တော်ယာဉ်ကြီးများဖြင့် မြို့တွင်းလှည့်လည် သီဆိုဖျော်ဖြေမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီထံမှ သိရသည်။ ■

# ကျိုင်းတုံတွင် နှစ်ပတ်အတွင်း စည်းကမ်းဖောက်ယာဉ် ၅၀ ခန့် ဖမ်းမိ

**ကျိုင်းတုံ၊ အောက်တိုဘာ ၂၃**



ဓာတ်ပုံ – ရန်နိုင်

ကျိုင်းတုံ- တောင်ကြီးလမ်းရှိ ကျိုင်းတုံတက္ကသိုလ်အနီးတွင် ခရီးသည်တင်မော်တော်ယာဉ်များကိုစစ်ဆေးနေပုံ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့်ခရီးသည်တင်ယာဉ်လိုင်းများ စနစ်တကျပြေးဆွဲရန် အောက်တိုဘာလပထမပတ်က စတင်စစ်ဆေးလျက်ရှိရာ နှစ်ပတ်အတွင်း စည်းကမ်းဖောက်ယာဉ်အစီးရေ ၅၀ ခန့် ဖမ်းဆီးရမိကြောင်း ကျိုင်းတုံမြို့နယ် လုပ်ငန်းလိုင်စင်နှင့် သယ်ယူ ပို့ဆောင်ရေးဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

အဆိုပါစစ်ဆေးခြင်းအစီအစဉ်ကို လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးဦးစီးဌာန၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (မထသ)နှင့် ယာဉ်ထိန်းတို့ ပူးပေါင်း၍ ကျိုင်းတုံ-တောင်ကြီးလမ်းတွင် စစ်ဆေးဆောင်ရွက်ခြင်းဖြစ်ကြောင်း အဆိုပါဌာန ဦးစီးမှူး ဦးစိုင်းအေးကျော် က ပြောကြားသည်။

"လုပ်ငန်းလိုင်စင်မရှိတဲ့ ခရီးသည်တင် ယာဉ်လေးစီးနဲ့ စည်းကမ်းပျက်ယာဉ် ၄၀ ကျော် ဖမ်းမိခဲ့တယ်။ ဒါတောင် နေ့စဉ်မဟုတ်ဘဲ အချိန်ပိုင်းလေးနဲ့ စစ်ဆေးခဲ့တာ"ဟု ၎င်းက ဆိုသည်။

တာချီလိတ်-ကျိုင်းတုံ-တောင်ကြီး ပြေးဆွဲနေသည့် တရားဝင်ခရီးသည်တင်ယာဉ်လိုင်းများအပါအဝင် တရားမဝင်ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်များသည် လမ်းကျဉ်းမြောင်း၍ ကောင်းမွန်ခြင်းမရှိသည့် ကျိုင်းတုံ-တောင်ကြီးလမ်းပိုင်း၌ ယာဉ်မတော်တဆဖြစ်ပွားမှုနည်းပြီး လမ်းကျယ်၍ ကောင်းမွန်သည့် ကျိုင်းတုံ-တာချီလိတ်လမ်းပိုင်း၌ ယာဉ်တိုက်မှုနှင့် ချောက်အတွင်းထိုးကျမှုများမကြာခဏ ဖြစ်တတ်ကြောင်း ကျိုင်းတုံမြို့ အမှတ် ၁၁၆ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး အောင်လွင် က ပြောကြားသည်။

"ဒီမှာက မိုင် ၃၀၀ ကျော် ခရီးကို ကျွမ်းကျင်စွာမောင်းတတ်ပေမယ့် တရားဝင်ယာဉ်လိုင်းကအသက်၂၀အရွယ်ယာဉ်မောင်းတွေကိုယ်တိုင် ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနေတာကိုတွေ့နေရတယ်" ဟု ယင်းမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(မထသ)ဥက္ကဋ္ဌ ဦးဟန်သင်း က ဆိုသည်။

ကျိုင်းတုံမြို့ကိုဗဟိုပြု၍ မြို့နယ်အသီးသီးနှင့် တောင်ကြီးမြို့သို့ပြေးဆွဲနေသည့် ခရီးသည်တင်အမြန်ယာဉ်လိုင်းပေါင်း ၄၃ ခု၌ ယာဉ်စီးရေ ၆၀၀ ကျော်ပြေးဆွဲနေကြောင်း ကျိုင်းတုံမြို့မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(မထသ)ထံမှ သိရသည်။ ■

# ပဲခူးရွှေမော်ဓောစေတီ ဂေါပကပြန်ဖွဲ့မည်

တောင်ငူ၊ အောက်တိုဘာ ၂၃

ပဲခူးမြို့ပေါ်ရှိ ရွှေမော်ဓောစေတီ ဂေါပကအဖွဲ့ကို ပွင့်လင်းမြင်သာစွာဖြင့် ပြန်လည်ဖွဲ့စည်းနိုင်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ပဲခူးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဂေါပကအဖွဲ့အသစ်ပြန်လည်ဖွဲ့စည်းပေးရန် ဒေသခံအချို့က တောင်းဆိုထားသောကြောင့် ပြန်လည်ဖွဲ့စည်းပေးရန်အတွက် အောက်တိုဘာလဆန်းပိုင်းက ပင်ပြင်ဆင်မှုများပြုလုပ်နေခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။

"လတ်တလောမှာတော့ ဂေါပကအဖွဲ့ဝင်ဖြစ်လိုတဲ့ မြို့ခံတွေကို လျှောက်လွှာခေါ်ထားတယ်။ ဘယ်နေ့လုပ်မယ်ဆိုတာ အတိအကျပြောလို့ မရသေးပေမယ့် သိပ်မကြာခင်မှာ ပြန်ဖွဲ့မှာပါ"ဟု ၎င်းကရှင်းပြသည်။

ရွှေမော်ဓော ဘုရားဂေါပကအဖွဲ့ ပြန်လည်ဖွဲ့စည်းပေးရန် လွန်ခဲ့သောငါးလခန့်ကတည်းက ဒေသခံများကတောင်းဆိုခဲ့ကြောင်း၊ ဘုရားရင်ပြင်တော်ပေါ်တွင် ဆလိုက်မီးတပ်ဆင်သည်ဟုဆိုကာ တယ်လီဖုန်းတာဝါတိုင်တစ်ခု တပ်ဆင်နေသည်ဟုယူဆရသောကြောင့်လည်း သတင်းမီဒီယာများက ကန့်ကွက်မှုများ ပြုလုပ်ခဲ့ဖူးကြောင်း ပဲခူးမြို့ခံသတင်းထောက်များ အသိုင်းအဝိုင်းထံမှ သိရသည်။

"ရွှေမော်ဓောဘုရားဂေါပကဖွဲ့စည်းတဲ့အခါ ခရိုင်အုပ်ချုပ်ရေးမှူးကို ဥက္ကဋ္ဌနေရာပေးရတာ ခေတ်အဆက်ဆက်ပဲ။ ဂေါပကအဖွဲ့ကို အကျင့်စာရိတ္တကောင်းမွန်ပြီး ယုံကြည်စိတ်ချတဲ့အရပ်ဘက်အသိုင်းအဝိုင်းကလူတွေနဲ့ဖွဲ့စည်းစေချင်တယ်။ ဘုရားဂေါပကအဖွဲ့တွေ ပွင့်လင်း မြင်သာမှုမရှိဘဲလုပ်ကိုင်နေတာကို မကျေနပ်ကြတာ"ဟု နိုင်ငံရေးတက်ကြွလှုပ်ရှားသူ တစ်ဦးဖြစ်သည့် ပဲခူးမြို့ခံ ဦးလင်းထင် က ပြောကြားသည်။

နှစ်စဉ်ကျင်းပသည့် ရွှေမော်ဓောစေတီ ဘုရားပွဲတော်မှရရှိသည့် ရန်ပုံငွေများအပြင် နေ့စဉ်လာရောက်သည့် ဘုရားဖူးများထံမှရရှိသည့် အလှူငွေများမှာ ကျပ်သိန်း ထောင်ချီရှိနေသော်လည်း အဆိုပါ ငွေကြေးများကို ပြန်လည်သုံးစွဲမှုနှင့်ပတ်သက်၍ ဘုရားဂေါပကအဖွဲ့က ပွင့်လင်းမြင်သာစွာဖြင့် ထုတ်ပြန်ပြောဆိုလေ့မရှိသောကြောင့် ဂေါပကအဖွဲ့အနေနှင့် ဒေသခံများ၏ ဝေဖန်မှုများကိုလည်း ရင်ဆိုင်နေရသည့်အဖွဲ့ဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိနိုင်ရန် လက်ရှိတာဝန်ယူထားသော ဂေါပကရုံးအဖွဲ့ဖုန်း ၀၅၂- ၂၂၂၄၂၅ ထံသို့ The Voice သတင်းစာက အောက်တိုဘာလ ၂၃ ရက်နေ့ နံနက် ၁၀ နာရီခန့်မှစ၍ ဖုန်းအကြိမ်ကြိမ်ဆက်သွယ်ခဲ့သော်လည်း လက်ခံဖြေကြားခြင်းမရှိခဲ့ပေ။ ■




ဟားခါးမြို့တွင် သဘာဝဘေးဒဏ်ခံခဲ့ရပြီး ပြောင်းရွှေ့ရန်ကျန်ရှိသူ အိမ်ထောင်စု ၇၈ စု နေထိုင်နိုင်ရန်အတွက် မြေကွက်နေရာများ ချထားပေးပြီးဖြစ်သည်

# ဟားခါး မြေပြိုဒဏ်သင့် အိမ်ထောင်စုများ အောက်တိုဘာလ ၂၅ နောက်ဆုံး ပြောင်းရမည်ဟုဆို

ကလေး၊ အောက်တိုဘာ ၂၃

ချင်းပြည်နယ် ဟားခါးမြို့တွင် သဘာဝဘေးဒဏ်ခံခဲ့ရပြီး ပြောင်းရွှေ့ရန်ကျန်ရှိသူ အိမ်ထောင်စု ၇၈ စု နေထိုင်နိုင်ရန်အတွက် မြေကွက်နေရာများ ချထားပေးပြီး ဖြစ်သဖြင့် အောက်တိုဘာ ၂၅ နောက်ဆုံး ပြောင်းရွှေ့ရမည်ဖြစ်ကြောင်း ချင်းပြည်နယ် စည်ပင်လျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီးဆလိုင်းအိုက်ဇက်ခင် က ပြောကြားသည်။

ဟားခါးမြို့တွင် ဇူလိုင်အတွင်းက ဖြစ်ပေါ်ခဲ့သည့် မြေပြိုကျမှုကြောင့် ဒုက္ခသည်စခန်းသို့ ပြောင်းရွှေ့နေထိုင်နေရမည့် အိမ်ထောင်စုပေါင်း ၇၃၂ စုကို ပြည်နယ်အစိုးရက အိမ်ထောင်စု ၄၀၀ ကျော်အတွက် တစ်အိမ်ထောင်လျှင် ပျဉ်ထောင် နေအိမ်တစ်လုံးအဖြစ် သတ်မှတ်ကာ တည်ဆောက်ပေးခြင်း၊ အိမ်ထောင်စု ၃၀၀ ကျော်အတွက် အိမ်ရာသစ်များ ချထားပေးခြင်းကို ဟားခါးမြို့အထွက် ဟားခါး-ဖလမ်း ကားလမ်းမဘေးတွင် တည်ဆောက်ပေးပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ပြောင်းရွှေ့နေထိုင်စေခဲ့ရာမှ ယင်းအိမ်ထောင်စုစာရင်းတွင် မပါဝင်ဘဲ အမှန်တကယ် ဒုက္ခနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် ဒုက္ခသည် အိမ်ထောင်စု ၇၈ စု အတွက် မြေနေရာချထားပေးမှု ပြီးဆုံးပြီဖြစ်သည့်အတွက် အောက်တိုဘာ ၂၅ ရက်နေ့ အပြီး ပြောင်းရွှေ့ရမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

"အရင် အစိုးရလက်ထက်က အဲ့ဒီအိမ်ထောင်စုတွေ မရွှေ့ဖြစ်ဘဲကျန်ခဲ့တယ်။ မရွှေ့ဖြစ်ဘဲဒုက္ခသည်စခန်းမှာပဲ ကျန်နေတဲ့အခါကျတော့သုံးလလောက်အချိန်ယူစိစစ်ပြီး ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးကနေ အတည်ပြုပြီးတော့ နေရာရွှေ့ရတာ။ နေရာရွှေ့တဲ့အခါမှာလည်း တစ်လခွဲ နှစ်လနီးပါးလောက်အချိန်ယူပြီး ဆောင်ရွက်ခဲ့ရတယ်" ဟု ဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်ကဆိုသည်။

အိမ်ထောင်စု ၃၀ ခန့်မှာ ယခင်လက ပြောင်းရွှေ့နေထိုင်ကြပြီးဖြစ်ပြီး ကျန်ရှိသည့်အိမ်ထောင်စုများမှာလည်း ပြောင်းရွှေ့ရန် ခွင့်ပြုပေးထားသည့် နှစ်လတာ ကာလပြည့်ပြီဖြစ်သည့် အောက်တိုဘာ ၂၅ ရက်နေ့တွင် ဒုက္ခသည်စခန်းကို ဖျက်သိမ်းတော့မည်ဖြစ်သည့်အတွက် ပြောင်းရွှေ့ခိုင်းခြင်းဖြစ်ပြီး ပြောင်းရွှေ့ပြီးနေအိမ်များ တည်ဆောက်ပေးပြီးပါကလည်း နေအိမ်တည်ဆောက်သည့် ကုန်ကျစရိတ်များ ပြန်လည်ပေးအပ်ရန်ရှိကြောင်း ၎င်းကရှင်းပြသည်။

အိမ်ထောင်စု ၇၈ စုအတွက် ပြည်နယ်အစိုးရက စီစဉ်ပေးသည့်နေရာအသစ်တွင် လျှပ်စစ်မီးအပြည့်အဝမရရှိခြင်းနှင့် သောက်သုံးရေ လုံလောက်စွာမရရှိခြင်းတို့ကြုံတွေ့နေရသည်ကို ဖြေရှင်းပေးသင့်ကြောင်း ဟားခါးမြို့ ဒုက္ခသည်များ ကော်မတီအဖွဲ့အတွင်းရေးမှူး ဦးလိုင်ကျုံးကပြောဆိုသည်။ ■

# တောင်ကြီးတွင် ဒီမိုကရေစီကျောက်တိုင်ကို နှစ်လအတွင်း အပြီးတည်ဆောက်မည်

တောင်ကြီး၊ အောက်တိုဘာ ၂၃

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းပန်းခြံတွင် ဒီမိုကရေစီတိုက်ပွဲတစ်လျှောက် ဘဝစတေးခဲ့သူ များအတွက် အထိမ်းအမှတ်ဖြစ်စေရန် ရည်ရွယ်၍ ရှစ်လေးလုံးအရေး တော်ပုံ၏ သမိုင်းမှတ်တိုင်ဖြစ်သည့် ကျောက်တိုင်ကို နှစ်လအတွင်း အပြီးစိုက်ထူ တည်ဆောက်မည်ဖြစ်ကြောင်း ဦးဆောင်သူ နိုင်ငံရေး အကျဉ်းသားဟောင်းအဖွဲ့ တာဝန်ခံ ဦးသန်းနိုင်က ပြောကြားသည်။

အဆိုပါ အထိမ်းအမှတ်ကျောက်တိုင်သည် ဗိုလ်ချုပ်ပန်းခြံအတွင်း ပန်းခြံအနောက်ဘက်ခြမ်းရှိအဝင်တံခါး၏တောင်ဘက် ဗိုလ်ချုပ်ရုပ်တု၏ ရှေ့မျက်နှာစာ ပေ ၅၀ ခန့်အကွာတွင် ၂၅ ပေ ပတ်လည်မြေနေရာတွင်ထားရှိမည်ဖြစ်ကြောင်း ယင်းဆောက်လုပ်ရေးတာဝန်ခံ ဦးညီက ပြောဆိုသည်။

ရှစ်လေးလုံး အထိမ်းအမှတ်ကျောက်တိုင်သည် အပေါ်ထိပ်ဝ၌ ရှစ်မြှောင့်ပုံစံ ၃၂ လက်မ အကျယ်ထောင့်ရှစ်ထောင့်ဖြင့် အောက်ခြေမှ အထက်အထိ ၈၈ လက်မ အမြင့်ဖြင့် တည်ဆောက်ကာ မော်ကွန်း မှတ်တမ်းကို ယင်းကျောက်တိုင် လေးမျက်နှာတွင် မြန်မာဘာသာဖြင့် နှစ်ဖက်အင်္ဂလိပ် ဘာသာဖြင့် နှစ်ဖက် ရေးထိုးမည်ဖြစ်ကြောင်း ဦးသန်းနိုင်က ပြောကြားသည်။ ■

# ရွှေဘို ဓာတ်အားခွဲရုံ မီးပြင်စဉ် အမျိုးသားတစ်ဦး ဓာတ်လိုက် သေဆုံး

ရွှေဘို၊ အောက်တိုဘာ ၂၃

ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲတွင် အောက်တိုဘာ ၂၂ ရက် ညနေ ၅ နာရီခန့်က အမှတ် ၂ ရပ်ကွက် လျှပ်စစ်ဓာတ်အားခွဲရုံတွင် မီးပြင်နေစဉ် အမျိုးသားတစ်ဦး ဓာတ်လိုက်ပြီး သေဆုံးခဲ့ကြောင်း ရွှေဘိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ စုံစမ်းသိရှိရသည်။

ကျောက်မြောင်းမြို့အမှတ် ၃ ရပ်ကွက်တွင် နေထိုင်သူ ကိုဂျိုကာ(ခေါ်) အောင်နိုင်ဝင်း အသက် ၃၇ နှစ်သည် လျှပ်စစ်ဓာတ်အားခွဲရုံ မီးပြင်နေစဉ် ဓာတ်လိုက်ပြီး အမြင့်မှ ပြုတ်ကျရာမှ ဦးခေါင်းဝဲချိုစောင်း ပေါက်ပြဲဒဏ်ရာ ဝဲလက်ပေါက်ပြဲ ကောက်ကွေး ပွန်းပဲ့ဒဏ်ရာ ယာလက်ကောက်ဝတ် ပေါက်ပြဲ ဒဏ်ရာ၊ ယာခြေဖဝါး ဝဲခြေဖဝါးပေါက်ပြဲဒဏ်ရာများနှင့် ပြုတ်ကျ သေဆုံးခဲ့ကြောင်း အဆိုပါရုံးထံမှ သိရသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ် သေမှုသေခင်းအမှတ် ၃/၂၀၁၆ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း ရွှေဘိုမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ စုံစမ်းသိရှိရသည်။ ■

သတင်းကိစ္စ ဆက်သွယ်လိုပါက...
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

## စိတ်ကျန်းမာရေး ဆေးရုံဝင်းထဲ မူးယစ်ဆေးဝါး ရောင်းချနေသူ နှစ်ဦးကို ဖမ်းမိ

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

ဒဂုံအရှေ့မြို့နယ်၊ စိတ်ကျန်းမာရေး ဆေးရုံဝင်းတွင် အောက်တိုဘာလ ၂၂ ရက် ညနေ ၄ နာရီခွဲက မူးယစ်ဆေးဝါးများ လာရောက် ရောင်းချနေသော အမျိုးသားနှစ်ဦးထံမှ ဘိန်းဖြူဟု ယူဆရသော အမှုန့်များနှင့်အတူ မူးယစ်ဆေးဝါး သုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းအချို့ကို သိမ်းဆည်းရမိခဲ့ကြောင်း အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

အဆိုပါ ဖမ်းမိသူ နှစ်ဦးမှာ တာမွေမြို့နယ်၊ ၁၄၆ လမ်းတွင် နေထိုင်သော အသက် ၃၇ နှစ်အရွယ် ဇာနည်လင်းထင်နှင့် တောင်ဥက္ကလာပမြို့နယ်၊ ၁၂ ရပ်ကွက်၊ မိဂသီ ၆ လမ်းတွင် နေထိုင်သော အသက် ၂၀ အရွယ် ထူးမြတ်လင်းတို့ဖြစ်ပြီး ၎င်းတို့ကို ဆေးရုံဝင်းအတွင်း အဆောင် (၆) အနီး စကြံ်လမ်းဘေးတွင် မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းမိခဲ့ကြောင်း ဒဂုံအရှေ့မြို့နယ် ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

"ဆေးရုံက ဆေးဖြတ်လူနာတွေဆီ မူးယစ်ဆေးဝါး လာရောင်းနေတယ် သတင်းရလို့ အသွင်ယူ စုံစမ်းရာက သူတို့နှစ်ယောက်ကို ဖမ်းမိခဲ့တာပါ၊ နောက်ကွယ်မှာ ပါဝင်ပတ်သက်နေတာတွေပါ ဖော်ထုတ်ဖမ်းဆီးနိုင်ဖို့ ဆက်လက်စုံစမ်းနေတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းဖမ်းမိသူ နှစ်ဦးထံမှ 3CC ဆေးထိုးအပ် အသစ်လေးချောင်း၊ ဂက်စ်မီးခြစ်တစ်လုံးနှင့် ပင်နီဆီလင် ပုလင်းတစ်လုံးအတွင်း ထည့်ထားသည့် ဘိန်းဖြူဟု ယူဆရသော အဖြူရောင် အမှုန့်များကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့် စစ်ဆေးနေကြောင်း ဒဂုံအရှေ့မြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။ ■

## အင်းစိန် နံ့သာကုန်းတွင် နေအိမ် မီးလောင်ရာမှ ရောဝတီဘဏ်နှင့် လက်ဖက်ရည်ဆိုင် မီးကူး

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်းတွင် အောက်တိုဘာလ ၂၃ ရက် နံနက် ၄ နာရီက နှစ်ထပ်ပျဉ်ထောင်နေအိမ် တစ်လုံး မီးလောင်ကျွမ်းရာမှ အနီးရှိလက်ဖက်ရည်ဆိုင်တစ်ဆိုင်၊ ရောဝတီဘဏ် အဆောက်အအုံတစ်ခုတို့ကို မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနထံမှ သိရှိရသည်။

အဆိုပါ မီးလောင်မှုကို မီးသတ်ယာဉ် ၂၄ စီး၊ မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၂၀၀ ကျော်ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၄ နာရီခွဲတွင် မီးငြိမ်းခဲ့ပြီး မီးလောင်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာ မရှိခဲ့ကြောင်း အင်းစိန်မြို့နယ် မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

"သွပ်မိုး ပျဉ်ထောင် နှစ်ထပ် နေအိမ်မှာ တပ်ဆင်ထားတဲ့ လျှပ်စစ်မိန်းခုံ အပူလွန်ကဲရာက မီးလောင်မှု စတင် ဖြစ်ပွားခဲ့တာပါ၊ အနီးက လက်ဖက်ရည်ဆိုင်တစ်ဆိုင်နဲ့ ရောဝတီဘဏ်ကို မီးကူးစက်လောင်ကျွမ်းခဲ့တယ်" ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ယင်းမီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ထောင် နှစ်ထပ် နေအိမ်တစ်လုံး၊ သွပ်မိုး၊ ပျဉ်ကာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်နှင့် အာရ်စီ သုံးထပ် အဆောက်အအုံဖြစ်သော ရောဝတီဘဏ်ရှိ မျက်နှာကြက်၊ စတီးထိုင်ခုံ၊ ဆာဗာနှင့် ရုံးအသုံးအဆောင်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးစတင်လောင်ကျွမ်းခဲ့သည့် နေအိမ်မှ အိမ်ရှင်ဖြစ်သူ အသက် ၅၅ နှစ်အရွယ် ဦးမြင့်စိုးကို ပုဒ်မ ၂၈၅ ဖြင့် အင်းစိန်မြို့မ ရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း ယင်းမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။ ■

## မှုခင်းသတင်းတိုများ

■ လှိုင်သာယာမြို့နယ်၊ ၅ ရပ်ကွက်၊ ရန်ကုန်-ပုသိမ် ကားလေးဘေးရှိ ကိုင်း တောအနီးတွင် အောက်တိုဘာလ ၂၂ ရက် နံနက် ၁၁ နာရီက အသက် ၆၀ အရွယ် အမျိုးသားတစ်ဦး ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမရှိဘဲ လဲကျ သေဆုံးနေသောကြောင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ်သိရှိရန် ရုပ်အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့အပ်စစ်ဆေးနေလျက်ရှိသည်။

■ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ထီးတန်း ၃ လမ်းတွင် အောက်တိုဘာလ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲက အသက် ၃၇ နှစ်အရွယ် အမျိုး သမီးတစ်ဦးမှာ ခင်ပွန်းဖြစ်သူနှင့် စကားများ ရန်ဖြစ်ရာမှ စိတ်ဆိုးပြီး နေအိမ် ရှေ့ခန်းတွင် မိမိကိုယ်ကိုယ် ကြိုးဆွဲချ အဆုံးစီရင်ခဲ့သည်။

■ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၀၆ ဈေးအနီးတွင် အောက်တိုဘာလ ၂၂ ရက် ည ၁၁ နာရီခွဲက ဒိုင်နာယာဉ် တစ်စီးမှာ အရှိန်မထိန်းနိုင်ဖြစ်ပြီး မော်တော်ဆိုင်ကယ်တစ်စီးကို ဝင်တိုက်မိခဲ့သောကြောင့် ဆိုင်ကယ်မောင်းသူ အသက် ၂၅ နှစ်အရွယ် အမျိုးသားတစ်ဦး ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့ပြီး သဃ်န်းကျွန်း စံပြဆေးရုံသို့ တင်ပို့ထားရသည်။

■ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ) ရပ်ကွက်၊ ဘုမ္မာ ၂ လမ်းတွင် အောက်တိုဘာလ ၂၂ ရက် ည ၇ နာရီက လောင်းကစား ပြုလုပ်နေကြောင်း သတင်းရရှိထားသည့် အသက် ၃၆ နှစ်အရွယ် အမျိုးသားတစ်ဦးကို တားဆီး စစ်ဆေးခဲ့ရာ ၎င်းထံမှ ဘောလုံးအသင်းအမည်နှင့် လောင်းကြေးငွေများ ရေးထားသည့် စာရွက်များနှင့်အတူ ငွေကျပ် သုံးသောင်းကျော်ကို သိမ်းဆည်း ရမိခဲ့သည်။

■ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၄ ရပ်ကွက်၊ မင်းရဲကျော်စွာလမ်းနှင့် ဗန္ဓုလလမ်းထောင့်တွင် အောက်တိုဘာလ ၂၂ ရက် ညနေ ၆ နာရီခွဲက မူးယစ် သတင်း ရရှိထားသော အသက် ၄၃ နှစ်အရွယ် အမျိုးသားတစ်ဦးကို ပိတ်ဆို့ စစ်ဆေးရာ ၎င်းထံမှ WY စာတန်းပါ စိတ်ကြွဆေးပြား ၇၄ ပြားကို သိမ်းဆည်း ရမိခဲ့သည်။

■ ဒလမြို့နယ်၊ ရာဇသင်္ကြန်ရပ်ကွက်၊ ကျော်ထင်အနော်ရထာလမ်းတွင် အောက်တိုဘာလ ၂၂ ရက် ညနေ ၅ နာရီခွဲက အသက် ၂၀ အရွယ် အမျိုးသား တစ်ဦးမှာ အရက်အလွန်အကျွံ သောက်ရာမှ စိတ်ဖောက်ပြန်ပြီး နေအိမ်နောက် ဖေးဝင်ပေါက်ရှိ ထုပ်တန်းတွင် မိမိကိုယ်ကိုယ် ကြိုးဆွဲချ အဆုံးစီရင်ခဲ့သည်။

တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှုဇုန် (၃) လမ်းသွယ်ရှိ ရထားသံလမ်းတွင် အောက်တိုဘာလ ၂၂ ရက် ည ၉ နာရီက အသက် ၄၀ အရွယ် အမည်မသိ အမျိုးသားတစ်ဦးမှာ မန္တလေးမှ ရန်ကုန်သို့ ခုတ်မောင်းလာသည့် ရထားနှင့် ဝင်တိုက်မိရာမှ ပေါက်ပြဲကျိုးပဲ့ ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

The VOICE Daily

CARTOON




## အမြန်လမ်းပေါ်တွင် ဒိုင်နာယာဉ်တစ်စီး တိမ်းမှောက် တစ်ဦးသေ၊ ၁၂ ဦး ဒဏ်ရာရ

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

လှည်းကူးမြို့နယ်၊ ရန်ကုန်-မန္တလေး အမြန်လမ်းရှိ မိုင်တိုင် ၁/၂ အနီးတွင် အောက်တိုဘာလ ၂၃ ရက် နံနက် ၂ နာရီခွဲက ဘုရားဖူး ပြန်လာသည့် ဒိုင်နာယာဉ်တစ်စီး တိမ်းမှောက်ကာ ၁၂ နှစ်အရွယ် ယောကျ်ားလေးတစ်ဦး သေဆုံးခဲ့ပြီး ၁၂ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း အမြန်လမ်း ရဲတပ်ဖွဲ့ထံမှ သိရှိရသည်။

အဆိုပါ သေဆုံးခဲ့သူမှာ အမြန်လမ်းရှိ မိုင်တိုင် ၁၈ အနီး ခြံမှ အလုပ်သမားတစ်ဦးဖြစ်ပြီး ယင်းခြံမှ အလုပ်သမားများနှင့်အတူ မော်ဘီမြို့နယ်ရှိ ဂျပန်ဘုရားသို့ သွားရောက်ဖူးမြော်ပြီး ဒိုင်နာယာဉ်ဖြင့် ပြန်လာစဉ် ယာဉ်တိမ်းမှောက်ရာမှ ၎င်းမှာ ယာဉ်ပေါ်မှ လွင့်စဉ်ကျပြီး ပေါက်ပြဲဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့ကြောင်း ၁၁ မိုင် အမြန်လမ်း ရဲကင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဒိုင်နာကားက အမြန်လမ်းမှာရှိတဲ့ ချိုင့်ခွက်တစ်ခုကို ရှောင်ရာက အရှိန်မထိန်းနိုင်ဖြစ်ပြီး လမ်းလယ်ကျွန်းတုံးကို ဝင်တိုက်မိပြီး ကားမှောက်ခဲ့တာ၊ သေဆုံးသူက ကားပေါ်က ပြုတ်ကျပြီး ကားလမ်းနဲ့ ဦးခေါင်းရိုက်မိရာက သေဆုံးခဲ့တယ်၊ ကျန်တဲ့ အမျိုးသား ၁၂ ယောက်ရဲ့ ဒဏ်ရာက မစိုးရိမ်ရပါဘူး" ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ဒိုင်နာယာဉ် တိမ်းမှောက်မှုကြောင့် ယာဉ်မဆင်မခြင် မောင်းနှင်သော အသက် ၃၁ နှစ်အရွယ် ယာဉ်မောင်း အမျိုးသားကို ၁၁ မိုင်အမြန်လမ်း ရဲစခန်းက (ပ) ၅၂/၁၆ ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)/၃၃၇/၃၃၈ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ယင်းရဲစခန်းထံမှ သိရှိရသည်။ ■

‘ပရိသတ်ထဲက ဈ’

# စီးပွားရေးမူဝါဒ ၁၂ ချက်မှ ဆွဲခေါ်သွားသည့် မြန်မာ့အရေး

မောင်နိုးဝေ

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ စီးပွားရေး ပြုပြင်ပြောင်းလဲမှုခြေလှမ်းကိုပြည်တွင်းပြည်ပမှ လူတန်းစားပေါင်းစုံ၊ နယ်ပယ်အသီးသီးမှ ပညာရှင်ပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံတို့သည် မည်သို့မည်ပုံ ဖော်ဆောင်လေမည်ကို စိတ်ဝင်တစားစောင့်ကြည့်လျက် ရှိသည်။ အချို့မှာ လေ့လာနေခြင်းဖြစ်သည်။ အချို့မှာ နမူနာယူရန်ဖြစ်သည်။ အချို့မှာ စီးပွားရေးရင်းနှီးမြှုပ်နှံရန်ဖြစ်သည်။ အချို့မှာ စိုးရိမ်နေ၍ဖြစ် သည်။ အချို့မှာ နိုင်ငံရေးကြောင့် ဖြစ်သည်။ အချို့မှာ မေးငေါ့အပြစ်ပြော ဝေဖန်ကြရန်သာဖြစ်သည်။ ထိုသို့ မျက်ခြည်မပြတ် စောင့်ကြည့်နေချိန်မှာပင် စီးပွားရေးမူဝါဒ ၁၂ ချက် ထွက်ပေါ်လာခဲ့သည်။ ဖိုးဆိုချင်များလက်သို့ မိုက်ကို ‘ဝ’ ကွက်အပ်လိုက်ရသကဲ့သို့ဖြစ်ချေတော့သည်။ အသံမျိုးစုံ ထွက်လာပါတော့သည်။ အဆိုးအကောင်း ရောပြွန်းနေသည့်တိုင် စိတ်ဝင်တစား ပြောဆိုနေကြသည်ကိုကား ကျေးဇူးတင်စရာကောင်းလှသည်ဟု မြင်မိပါသည်။ ပွဲဆူသွားသည်ဟု ဆိုရပေမည်။

**မူဝါဒလား၊ ရည်မှန်းချက်လား**

ပွဲဆူရခြင်းမှာ အမှန်တကယ်လည်း မူဝါဒ ၁၂ ချက်ကိုယ်၌ကပင် လိုအပ်ချက်များ ရှိနေသည်ကား ငြင်း၍မရချေ။ ပွဲဆူဖွယ်ရာ ဖြစ်နေပါသည်။ လစ်ဘရယ်စံနှုန်းထား နိုင်ငံတော်ဆီသို့ ချီတက်ရာလမ်းကြောင်းပေါ်တွင် စီမံမှုများလိုအပ်နေသည့် စီးပွားရေးတည်ဆောက်မှု ခြေလှမ်းများနှင့် လျှောက်လှမ်းနေပါသည်ဟု ချပြလိုက်သကဲ့သို့ပင် ဖြစ်ရတော့သည်။ ရည်မှန်းချက်သက်သက်မျှသာ ဖော်ပြထားသည့် စီးပွားရေးပေါ်လစီများ ဖြစ်နေခဲ့သည်။ ပြည်သူလူထုသုံးစွဲမှုနှင့် အခွန်အခကိစ္စများ၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာရေးပြုပြင်ပြောင်းလဲရန်ကိစ္စရပ်များ၊ ဘဏ္ဍာရေးပွင့်လင်းမြင်သာမှုနှင့် ကြိုးနီစနစ်ပပျောက်ရေး စသည့်ပေါ်လစီများကိုသာ ဖော်ညွှန်းထားသည်။ စိုက်ပျိုးရေးအခန်းကဏ္ဍကို မည်ကဲ့သို့ တိုးတက်အောင် ဖော်ဆောင်သွားမည်၊ ပင်မစီးပွားရေးအဆောက်အအုံတည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသည်များကို မည်ကဲ့သို့ ဖော်ဆောင်သွားမည် ဆိုသည့် ရေရာသေချာသော အာမခံချက်များကိုမူ မတွေ့ရချေ။ တောင်သူလယ်သမားများအတွက် လယ်ယာမြေပိုင်ဆိုင်မှုများမှ ချေးငွေချေးယူနိုင်မည့် အာမခံချက်မျှကိုသာ မြင်တွေ့ရသည်။ လယ်ယာမြေ မတရားသိမ်းခံရမည့်အရေးမှ လွတ်ကင်းလာပြီဟုတော့ ဆိုရချေမည်။ လျှပ်စစ်စွမ်းအင်၊ လမ်းများနှင့် ဆိပ်ကမ်းကိစ္စများသာလျှင် အဓိကဦးစားပေးအဖြစ် ဖော်ပြထားသောကြောင့်ဖြစ်သည်။

**လှည့်ကြည့်ခြင်းနှင့် မျှော်ကြည့်ခြင်း**

မြန်မာနိုင်ငံသည် စစ်အစိုးရအာဏာမသိမ်းမီ အချိန်ကာလက ကမ္ဘာ့ဆန်တင်ပို့မှု ထိပ်သီးနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပြီး အာရှ၌ကြွယ်ဝသော နိုင်ငံများစာရင်းဝင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ယမန်နှစ် GDP အရ ဆိုလျှင် အိမ်နီးချင်း ထိုင်းနိုင်ငံ၏ GDP နှင့်နှိုင်းယှဉ်ပါက ငါးပုံတစ်ပုံမျှသာ ရှိသည်။ ကျေးလက်နေလူဦးရေသည် တစ်နိုင်ငံလုံးလူဦးရေ၏ ၇၀ ရာခိုင်နှုန်း ခန့်ရှိသကဲ့သို့ လျှပ်စစ်စွမ်းအင် ချို့တဲ့စွာနေထိုင်နေကြရပြီး ကျေးလက်စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်းသည်လည်း မည်ကာမတ္တအခြေအနေ၌သာရှိနေဆဲပင်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန်တာစူနေသည့်တိုင် တိုင်းပြည်၏ဂျီဒီပီတိုးနှုန်းမှာ ယခုနှစ်နှင့် နောင်လာမည့်နှစ်အပါအဝင် ၈ ရာခိုင်နှုန်းမျှသာရှိမည်ဟု ပညာရှင်များက ခန့်မှန်းထားကြသည်။

**စီးပွားရေးမူဝါဒအပေါ် စီးပွားရေးပညာရှင်တစ်ယောက်၏သုံးသပ်ချက်**

စီးပွားရေးရည်မှန်းချက်များမှာ ယေဘုယျအားဖြင့် ကောင်းမွန်လှသည်။ သို့သော် မေးခွန်းထုတ်ခံနေရသည်မှာ အောင်မြင်အောင် ဖော်ဆောင်နိုင်ပါမည်လား ဆိုသည့်အချက်ဖြစ်သည်။ မည်သည့်အချိန်တွင် စတင်အကောင်အထည် ဖော်ဆောင်ပါမည်နည်း။ ကုန်လွန်ခဲ့သည့်လေးလဟူသောအချိန်ကာလသည် ယခင်အစိုးရထံမှ စီးပွားရေးအချက်အလက်များ လွှဲပြောင်းလက်ခံယူနေရခြင်း၊ ဘတ်ဂျက်များချိန်ညှိရခြင်း၊ အခြေခံအချက်အလက်များကို ပြန်လိုက်နေရခြင်းအဆင့်တို့ လုပ်ဆောင်နိုင်ခဲ့ရရုံမျှနှင့်သာ ကုန်လွန်ခဲ့ကြရသည်။ နိုင်ငံတော်ပိုင်လုပ်ငန်းများ၏ ဘဏ္ဍာရေးအခြေအနေများကိုလည်း ပြန်လည်စိစစ် လုပ်ဆောင်နေကြရပါသေးသည်ဟု နှစ်ပေါင်း ၂၀ ကျော်မျှ မြန်မာ့စီးပွားရေးကိုစောင့်ကြည့်၍ သုတေသနလုပ်နေသည့် ဩစတြေးလျစီးပွားရေးပညာရှင် ရှောန်တန်နေး (Sean Turnell) က ခွဲခြမ်းရှင်းလင်း ပြောပြသွားခဲ့ပါသည်။ ဤသို့လွှဲပြောင်းလက်ခံခြင်းများ လုပ်ဆောင်ရသည်ကိုပင် ရက် ၁၀၀ မက အချိန်ယူရသည့် အခက်အခဲကို သိမြင်စေလိုခြင်းဖြစ်သည်။ ဆစ်ဒနီမက်ကွိုင်းယား တက္ကသိုလ်၏ စီးပွားရေးပါမောက္ခ မစ္စတာရှောန်တန်နေးသည် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးသူဖြစ်သည့်အလျောက် NLD အစိုးရအဖွဲ့၏ အကြံပေးအဖြစ်အကူညီပေးနေသူဖြစ်သည်။ မြန်မာ့စီးပွားရေးမူဝါဒ ၁၂ ချက်အပေါ် DVB မှ မြန်မာ့စီးပွားရေးမူဝါဒ ၁၂ချက်အပေါ် ယူဆချက်၊ ဆည်တည်ဆောက်ရေးစီမံကိန်းများနှင့်ပတ်သက်ပြီး NLD အစိုးရအနေနှင့် လက်ရှိစာချုပ်များကို မည်သို့လုပ်သင့်သည်၊ မည်သည့် ကဏ္ဍများကို ရင်းနှီးမြှုပ်နှံမှုလုပ်ရန် အသင့်လျော်ဆုံးဖြစ်သည်၊ နိုင်ငံတော်ပိုင်လုပ်ငန်းများကို ပုဂ္ဂလိကပိုင်ပြုရေး စသည့်အချက်များကို မေးမြန်းခဲ့ရာတွင် ဤသို့ ဖြေကြားခဲ့ပါသည်။



“ကောင်းတယ်လို့ ဆိုရမှာပဲဗျ။ စဉ်းစားတတ်တဲ့၊ နားလည်တဲ့လူ တွေဆိုရင်တော့ သိပ်ပြောစရာမရှိပါဘူး။ ရအောင်ရှာပြောမယ်ဆိုရင်တော့ တစ်ခုချင်း အသေးမစိတ်တာကိုပြောရမယ်။.... ဒီမူဝါဒ ၁၂ ချက်လုံးဟာ ကမ္ဘာ့ဘဏ်တို့၊ အိုင်အမ်အက်ဖ် (IMF) တို့လို အသင်းအဖွဲ့ကြီးတွေ ရဲ့သဘောထားနဲ့လည်း သွေဖည်တာမျိုးမရှိပါဘူး။ စီးပွားရေးမူဝါဒကို လူ့အဖွဲ့အစည်း တရားမျှတမှု အထိုင်ကနေ ချိန်ဆပြီးမှ ရေးဆွဲထားတာဆိုတော့ အကျယ်သဘောရော၊ အနှစ်သာရရော ထိထိမိမိရှိပါတယ်။ ... အကုန်လုံးအတွက် ဘာလုပ်ပါလို့တော့ အစပ်အဟပ်မိအောင်ပြောဖို့ ခက်ပါတယ်။ တချို့စာချုပ်ပြီးသွားတဲ့စီမံကိန်းတွေက သေချာပေါက် ရပ်ပစ်သင့်တယ်။ ရေးထားတဲ့သဘောတူစာချုပ်အရကလည်း အလျော်ပေးလိုက် ရုံကလွဲလို့ ဘာမှလုပ်မရသလိုတွေဖြစ်နေတယ်။ စာချုပ်ပြီးသားစီမံကိန်းတွေက အတော်လေး ဘေးကျပ်နံကျပ်ဖြစ်နေတာတွေ ရှိပါတယ်။ စီမံကိန်းကလည်း ရှေ့ဆက်မသွားသင့်ပြန်ဘူး။ ဒီတော့ စာချုပ်မှာပဲ လှည့်ထွက်လို့ရမယ့်အချက်တွေ ပြန်ရှာရတော့မှာပေ့ါ။ အဲ့လိုစာချုပ်ကို ပြန်ပြင်ချုပ်မှသာ စီမံကိန်းအဆင်ပြေသွားနိုင်ပါမယ်။ ဆည်တည်ဆောက်ရေးစီမံကိန်းတွေဆိုရင်လည်း အဲ့ဒီလိုလုပ်ရင်အဆင်ပြေသွားနိုင်ခြေရှိပါတယ်။ . . . ဒီနေရာမှာ သေချာစဉ်းစားကြည့်သင့်တာက စီမံကိန်းတစ်ခုဟာ လုပ်သင့်လုပ်ထိုက်ရဲ့လား၊ လုပ်သင့်တယ်ဆိုရင်ကော ဘယ်လိုဆက်လုပ်သင့်သလဲ၊ မလုပ်သင့်ဘူးဆိုရင်ကော ဘယ်လိုရပ်မလဲ၊ ဘာတွေကို ဘယ်လောက်ထိ ပေးလျော်လိုက်ရမလဲဆိုတဲ့ မေးခွန်းနဲ့ ချိန်ညှိကြည့်သင့်ပါတယ်။. . .

... ကျွန်တော် အပိုင်တွက်ထားတာကတော့ မြန်မာပြည်ဟာ အနာဂတ်စိုက်ပျိုးရေးနိုင်ငံတော်လုပ်ဖို့ အကောင်းဆုံးပဲဗျ။ အခြားဖွံ့ဖြိုးဆဲနိုင်ငံတွေလည်း စိုက်ပျိုးရေးကနေ စက်မှုနိုင်ငံတော်ဆီသွားခဲ့ကြတဲ့ ဥပမာတွေ ရှေ့မှာအများအပြားရှိနေပါတယ်။ ဒီလိုသွားရတဲ့နည်းကို သိပေမယ့် နိုင်ငံတော်တော်များများက မလုပ်ကြဘူး။ ပေကပ်နေကြတယ်။ ... စင်ကာပူ နိုင်ငံကလွဲရင် ကျန်ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ အလယ် အလတ်ဝင်ငွေဝင်တဲ့ နိုင်ငံ၊ ဝင်ငွေအဆင့်မြင့်တဲ့နိုင်ငံဆီကိုသွားဖို့ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ အရင်ဆုံးအားယူကြရပါတယ်။ များများထုတ်လုပ်နိုင်လေ ပိုက်ဆံပိုရလေလေဆိုတဲ့မက်လုံးနဲ့ လုပ်အားကိုဇက်ကြိုးဖြည်လွှတ်ပေးရမယ်။ ဇက်ကြိုးဖြည်လွှတ်ရာမှာလည်း အကွဲကွဲအပြားပြားနဲ့ ဖွာလန်ကြဲမဖြစ်ဖို့လိုတယ်။ လုပ်အားကို အားကောင်းအောင် စုဖွဲ့ဖို့လိုပါတယ်။ အဲ့ဒါမှ အားဖြစ်လာပြီး ထုတ်လုပ်ရာမှာ အကျိုးဖြစ်ထွန်းမယ်။ စားနပ်ရိက္ခာဖူလုံလာမယ်။ ဖူလုံလာရင် ပိုလျှံတဲ့ရိက္ခာကို နိုင်ငံရပ်ခြားတင်ပို့ပြီး ရောင်းချမယ်။ ရောင်းရတဲ့ငွေကြေးနဲ့ စက်မှုလုပ်ငန်းတွေ တည်ဆောက်ဖို့ လိုအပ်တာတွေ ပြန်ဝယ်ယူပြီး တင်သွင်းလာရမယ်။ အဲ့ဒီလို ထိရောက်တဲ့ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုဟာ စက်မှုကုန်ထုတ်လုပ်ရေးဆီကို မရောက်ချင်လို့ကိုမရဘူး၊ မလွဲမသွေ ရောက်သွားတာပဲဗျ။ ... ဆိုရှယ်လစ်လက်ထက်ကနေ လဲယူထားခဲ့တဲ့ ပြည်သူပိုင်လုပ်ငန်းတွေ အများကြီးရှိနေပါတယ်။ ဒါတွေကို ပုဂ္ဂလိကပိုင် ပြောင်းချင်တယ်ဆိုရင် အဓိကထောင်ချောက်နှစ်ခုကိုတော့ ရှောင်ဖြစ်အောင်ရှောင်ရှားရပါမယ်။ ပထမဆုံးက သင့်တင့်တဲ့ဈေးဖြစ်ဖို့လိုပါတယ်။ ဒုတိယအချက်ကတော့ သူငယ်ချင်းကိုပေးပစ်လိုက်တာမျိုး၊ ခရိုနီအားပေးလုပ်လိုက်တာမျိုး လုံးဝမလုပ်ဖို့တော့လိုပါတယ်။ ...ပုဂ္ဂလိကပိုင်ပေးသင့်၊ မသင့်နဲ့ပတ်သက်လို့ နမူနာချပြရရင် ဘဏ်လုပ်ငန်းကိုကြည့်ပါ။ နိုင်ငံတော်ပိုင်ဘဏ်တွေ အများကြီးပဲဗျာ။ နိုင်ငံတော်ပိုင် စိုက်ပျိုးရေးဘဏ်ရှိတယ်ဆိုရင် စီးပွားရေးဘဏ်ကိုနိုင်ငံတော်ပိုင်အဖြစ် ထားသင့်သလား။ ထားရင် ဘာအတွက်ထားရတာတုံးလို့ မေးခွန်းထုတ်ကြည့်ကြစို့။ အကျိုးအမြတ်ရှာတဲ့လုပ်ငန်းမဟုတ်ပါဘူး၊ အတိုးလိုချင်လို့ ငွေထုတ်ချေးပေးတာမဟုတ်ပါဘူးဆိုရင် ဘာအတွက် ငွေထုတ်ချေးပေးနေတာလဲ”

> “စင်ကာပူ နိုင်ငံကလွဲရင် ကျန်ဖွံ့ဖြိုးဆဲနိုင်ငံတွေဟာ အလယ် အလတ်ဝင်ငွေဝင်တဲ့ နိုင်ငံ၊ ဝင်ငွေ အဆင့်မြင့်တဲ့ နိုင်ငံဆီကိုသွားဖို့ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ အရင်ဆုံးအားယူကြရပါတယ်။ များများထုတ်လုပ်နိုင်လေ ပိုက်ဆံ ပိုရလေလေဆိုတဲ့မက်လုံးနဲ့ လုပ်အားကို ဇက်ကြိုးဖြည်လွှတ်ပေးရမယ်”

မစ္စတာရှောန်တန်နေး၏ သုံးသပ်ချက်အချို့သည် နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်များနှင့်လည်း တစ်ထပ်တည်းကျနေကြောင်း တွေ့ရသည်။

**FDI အခင်းအကျင်းအတွက် အရေးပါသည့် စီးပွားရေးပိတ်ဆို့မှု**

အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ထားမှု ရုပ်သိမ်းလိုက်သည်နှင့် ပတ်သက်၍ VOA ၏မေးမြန်းချက်ကိုလည်း မစ္စတာရှောန်တန်နေးမှ အောက်ပါအတိုင်း အီးမေးဖြင့် ပေးပို့သုံးသပ်ပြသွားခဲ့ပါသည်။

“ကောင်းတယ်။ ဒါဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို အားဖြည့်ကူညီပေးလိုက်တာပဲဗျ။ နိုင်ငံခြားဈေးကွက်ကျယ်ပြန့်လာတဲ့ အပြောင်းအလဲဟာ တကယ်ဖြစ်လာပြီ၊ ပြည်တွင်းစီးပွားရေးမူဝါဒကိုသာ ကောင်းကောင်းမွန်မွန် ချမှတ်နိုင်မယ်ဆိုရင် မဟာအခွင့်အလမ်းကြီး ဖြစ်လာပါလိမ့်မယ်”

“တကယ်တော့ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ထားမှုတွေကို လုံးလုံးလျားလျား ဖယ်ရှားမပေးသင့်သေးပါဘူး။ ဒီမှာက ခရိုနီစီးပွားရေးလုပ်ငန်းတွေက အားကောင်းလွန်းနေတယ်။ အမေရိကန်အစိုးရအနေနဲ့ လုံးဝကို ဖယ်ရှားပေးလိုက်မယ်ဆိုရင် တကယ်တမ်းအမြတ်ထွက်၊ အကျိုးဖြစ်သွားမှာ ခရိုနီတွေပဲဗျ။ ဒါကိုထိန်းချုပ်ဖို့ NLD အနေနဲ့လည်း နည်းလမ်းရှာမှ ဖြစ်ပါလိမ့်မယ်” လို့လည်း ပြည်တွင်းမှ နိုင်ငံရေးလေ့လာဆန်းစစ်သူတစ်ဦးမှ သုံးသပ်လိုက်ပါသည်။ မစ္စတာတန်နေးမှလည်း ၎င်းစိုးရိမ်ချက်ကိုမူ အစိုးရအနေနှင့် ရင်ဆိုင်ရနိုင်စရာရှိကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်းစီအနေနှင့်သော်လည်းကောင်း၊ အဖွဲ့အစည်းအနေနှင့်သော်လည်းကောင်း စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခဲ့သည့် ကိစ္စရပ်များကို ပြည်တွင်းစီးပွားရေးမူဝါဒနှင့် ထိန်းကျောင်းသွားရလိမ့်မည်ဖြစ်ကြောင်း၊ ထိန်းကျောင်း၍ရသည်ကိုလည်း အခိုင်အမာ ထပ်လောင်းပြောကြားသွားခဲ့သည်။

နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ကလည်း အမေရိကန်၏ စီးပွားရေးပိတ်ဆို့ထားမှု ဖယ်ရှားပေးခဲ့သည်နှင့် ပတ်သက်၍ CNN ၏မေးမြန်းချက်ကို ဤသို့တုံ့ပြန်ဖြေကြားခဲ့ပါသည်။

“ပိတ်ဆို့မှုတွေကနေ နောက်တစ်ဆင့်ကို ဆက်သွားဖို့ရာ လုံလောက်တဲ့ တိုးတက်မှုရှိပြီလို့ ကျွန်မထင်ပါတယ်။ ပိတ်ဆို့မှုဆိုတာတွေကလည်း တကယ်တော့ ကျွန်မတို့သွားရာလမ်းမှာ အကူအညီပေးဖို့ ထားခဲ့တဲ့အရာတွေပဲလေ။ ဒါတွေက လိုချင်တဲ့ပန်းတိုင်ကို ရောက်အောင်သွားဖို့ သုံးရတဲ့အရာတွေသာဖြစ်ပါတယ်။ အဆုံးသတ်ပန်းတိုင်မဟုတ်ပါဘူး။ အမေရိကန်ကွန်ဂရက်က မိတ်ဆွေတွေကို ကျွန်မရှင်းပြခဲ့သလိုပဲ ပိတ်ဆို့မှုတွေဆိုတာ တစ်နည်းအားဖြင့် ကျွန်မတို့သိပ်အင်အားမရှိခဲ့တုန်းက သုံးခဲ့ရတဲ့ ချိုင်းထောက်တွေနဲ့တူပါတယ်။ အခုအချိန်က ချိုင်းထောက်တွေကိုဖယ်ပြီး ကြွက်သားတွေတောင့်တင်းခိုင်မာအောင် လုပ်ရမယ့်အချိန်ပါ”

မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုဆက်ထားခြင်း၊ မထားသင့်ခြင်းနဲ့ပတ်သက်ပြီး အိုဘားမား၏အုပ်ချုပ်ရေးအဖွဲ့များကြားမှာ အငြင်းအခုံပြင်းထန်ခဲ့ရသည်။ အမေရိကန်ကွန်ဂရက်လွှတ်တော် အမတ်ဟောင်းတစ်ဦးဖြစ်သူ တွမ်အင်ဒရူးစ် (Tom Andrews) ဆိုသူ၏သုံးသပ်ချက်ကား အတော်ပင် ပြင်းထန်လွန်းလှသည်ကို တွေ့ရသည်။ နေအိမ်အကျယ်ချုပ်မှ ရှိနေစဉ်ကာလ၌ အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုကို ဒေါ်စုကိုယ်တိုင်ပင် သက်တမ်းထပ်တိုးထားရေးကို ထောက်ခံခဲ့သည်ဟု ရိုက်တာသတင်းဌာနကို ပြောကြားခဲ့ပါသည်။ ဒေါ်အောင်ဆန်းစုကြည်က ရန်ကုန်ရှိ အမေရိကန်သံအမတ်ဖြစ်သူ စကော့မာစီရယ်လ် (Scot Marciel) ကို မြန်မာပြည်တွင် တရားဝင်မဟုတ်သည့် ‘ရိုဟင်ဂျာ’ ဟူသည့်စကားလုံးကို မသုံးရန် သတိပေးပြောကြားခဲ့ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ တစ်သန်းမျှသော ရိုဟင်ဂျာများကို နိုင်ငံသားဖြစ်ခွင့်ပေးရေး ငြင်းဆန်နေသည့်အတွက်လည်းကောင်း လူ့အခွင့်အရေးမညီမျှသည့်အတွက် ဒေါ်အောင်ဆန်းစုကြည်

စာမျက်နှာ 31 သို့

## ဆစ်ဆိုကို ပွဲပယ်ပြစ်ဒဏ် ချမှတ်ခံရဖွယ်ရှိကြောင်း မာဗီ သုံးသပ်

**လန်ဒန်၊ အောက်တိုဘာ ၁၃**

ရုပ်သံအစီအစဉ်တင်ဆက်သူအဖြစ် တာဝန်ထမ်းဆောင်နေသည့်အင်္ဂလန်လက်ရွေးစင်ကစားသမားဟောင်း ဒန်နီမာဗီသည် ဘုန်းမောက်နှင့် စပါးတို့ ဂိုးမရှိသရေကျခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် ဘုန်းမောက်ကစားသမား ဟယ်ရီအာတာကို တံတောင်ဖြင့် ထိုးနှက်ခဲ့သော စပါးကွင်းလယ်လူ ဆစ်ဆိုကိုကို အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)စည်းကမ်းထိန်းသိမ်းရေးကော်မတီက နောက်ဆက်တွဲအရေးယူမှုများ ဆောင်ရွက်လာဖွယ်ရှိကြောင်း သုံးသပ်ပြောကြားလိုက်သည်ဟု Sky Sports က ဖော်ပြထားသည်။

ဆစ်ဆိုကိုသည် ပွဲကစားချိန် ၇၉ မိနစ်တွင် ယင်းသို့ ပြစ်ဒဏ်ကျူးလွန်ခဲ့ခြင်းဖြစ်ကာ ပွဲအပြီးတွင်မှ ၎င်းအနေနှင့် အာတာထံသို့သွားရောက်၍ အဆိုပါဖြစ်စဉ်အတွက် တောင်းပန်စကားပြောကြားခဲ့ပြီးဖြစ်ကြောင်း ဆစ်ဆိုကိုက ရှင်းလင်းပြောကြားထားသည်။

ဆစ်ဆိုကိုသည် ယင်းပြစ်ဒဏ်ကျူးလွန်မှုမှာ မတော်တဆဖြစ်သွားခဲ့ခြင်းဖြစ်ကြောင်း အသိပေးထားပြီး ဘုန်းမောက်နှင့် စပါးတို့ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါ ပရီးမီးယားလိဂ်ပွဲစဉ်ကို တာဝန်ယူကိုင်တွယ်ခဲ့သည့် ဒိုင်လူကြီး ခရိတ်ဂ်ျပေါဆန်ကမူ ပွဲစဉ်ယှဉ်ပြိုင်ကစားနေစဉ်အတွင်း ၎င်းအနေနှင့် အဆိုပါပြစ်ဒဏ်ကျူးလွန်မှုကို မမြင်တွေ့လိုက်သည့်အတွက် ဆစ်ဆိုကိုကို အရေးမယူလိုက်ခြင်းဖြစ်ပါကြောင်း ရှင်းလင်း ပြောကြားထားသည်။

အက်ဖ်အေစည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ဆစ်ဆိုကိုက အာတာကို တံတောင်ဖြင့် တွန်းထိုးခဲ့သည့်ဖြစ်စဉ်အား ရုပ်သံပြကွက်များကြည့်ရှု၍ စစ်ဆေးသွားဖွယ်ရှိနေပြီး ရည်ရွယ်ချက်ရှိရှိဖြင့် ပြစ်မှုကျူးလွန်သည်ဟု သတ်မှတ်ခံရပါက ဆစ်ဆိုကိုမှာ ပွဲပယ်ပြစ်ဒဏ်ကျခံရမည့် အနေအထားများကို ရင်ဆိုင်လာရတော့မည်ဖြစ်သည်။

အက်ဖ်အေစည်းကမ်းထိန်းသိမ်းရေးကော်မတီသည် မန်စီးတီးတိုက်စစ်မှူး အဂူရိုက ဝက်စ်ဟမ်းနောက်ခံလူ ဝင်စတန်ရိဒ်ကို တံတောင်ဖြင့်တွန်းထိုးခဲ့သည့်ဖြစ်စဉ်တွင် အဂူရိုကို သုံးပွဲပယ်ပြစ်ဒဏ် ချမှတ်ခြင်းဖြင့် အရေးယူခဲ့ဖူးပြီး စပါးနည်းပြ ပိုချက်တီနိုကမူ ဖြစ်စဉ်ကို အတိအကျသိရှိနိုင်စေရန်အတွက် ၎င်းအနေနှင့် ရုပ်သံမှတ်တမ်းများကို တစ်ကျော့ပြန်လည်ကြည့်ရှုရန် လိုလိမ့်မည်ဟု ပြောကြားထားသည်။

သတင်းထောက်များနှင့်တွေ့ဆုံခဲ့ရာတွင် ပိုချက်တီနိုက "ပွဲစဉ်ထဲမှာ မြင်လိုက်ရတဲ့အခြေအနေကတော့ သိပ် ဆိုးဆိုးရွားရွားကြီး မဟုတ်ပါဘူး။ အမှန်ကိုမြင်နိုင်ဖို့အတွက် ရုပ်သံမှတ်တမ်းတွေကို ကျွန်တော် ပြန်ကြည့်ဖို့ လိုပါတယ်။ အနှေးပြကွက်တွေကို ကြည့်လိုက်ပြီးရင်တော့ အခြေအနေမှန်တစ်ခုကို ကျွန်တော် သိနိုင်မှာပါ"ဟု အသိပေးသွားခဲ့သည်။ ■



## မြန်မာဖူဆယ်အသင်းအတွက် နိုင်ငံခြားသားနည်းပြ နိုဝင်ဘာလအတွင်းခေါ်ယူနိုင်ရန် ကြိုးပမ်း

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

မလေးရှားနိုင်ငံတွင် ကျင်းပမည့် ၂၉ ကြိမ်မြောက် SEA Games ပြိုင်ပွဲအတွက် ပြိုင်ဆင်လေ့ကျင့်မည့် မြန်မာ့လက်ရွေးစင် အမျိုးသား ဖူဆယ်အသင်းအတွက် နိုင်ငံခြားသားနည်းပြတစ်ဦးကို နိုဝင်ဘာလအတွင်း ခေါ်ယူနိုင်ရန်ကြိုးပမ်းနေကြောင်း ဖူဆယ်နှင့်သဲသောင်ပြင် ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက ပြောကြားသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် လစ်လပ်နေသည့် နည်းပြရာထူးအတွက် နိုင်ငံခြားသားနည်းပြကို စက်တင်ဘာလကတည်းက ခေါ်ယူရန်စီစဉ်ထားသော်လည်း အဆင်မပြေခဲ့သည့်အတွက် နိုဝင်ဘာလအတွင်း ခေါ်ယူနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

"နည်းပြချုပ်ကို ခေါ်ဖို့အတွက် အဖွဲ့ချုပ်က အထွေအထွေအတွင်းရေးမှူးနဲ့ တာဝန်ရှိသူတွေ အာရှဘောလုံးအဖွဲ့ချုပ်နဲ့ချိတ်ဆက် ဆောင်ရွက်နေပါတယ်။ နိုဝင်ဘာလထဲမှာ အပြီးသတ်ခေါ်ယူနိုင်မယ်လို့ မျှော်မှန်းထားပါတယ်"ဟု ဦးကြည်မင်းသိန်းက ရှင်းပြသည်။

မြန်မာ့လက်ရွေးစင်အသင်းအနေနှင့် လက်ရှိအချိန်တွင် ပဏာမလက်ရွေးစင်ကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်လျက်ရှိကာ နည်းပြချုပ်အဖြစ် အမျိုးသမီးဖူဆယ်အသင်းနည်းပြ ဦးဌေးမြင့်က တာဝန်ယူထားသည်။

မြန်မာအသင်းသည် အာဆီယံဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ရည်ရွယ်ပြင်ဆင်ခဲ့သော်လည်း ယင်းပြိုင်ပွဲကို လက်ခံကျင်းမည့် ထိုင်းနိုင်ငံ၌ ထိုင်းဘုရင်ကွယ်လွန်သွားသောကြောင့် အဆိုပါပြိုင်ပွဲကို မကျင်းပရန်ဆုံးဖြတ်ခဲ့ရာ လက်ခံကျင်းပမည့်နိုင်ငံ အသင့်မရှိသောကြောင့် ပြိုင်ပွဲဖျက်သိမ်းခဲ့ရသည်။

ယင်းကြောင့် မြန်မာအသင်းသည် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၉ ကြိမ်မြောက် SEA Games ပြိုင်ပွဲအတွက် ရည်ရွယ်၍ လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေခြင်းဖြစ်သည်။■



Daily Mail

## နေမာနှင့် ဆွာရက်ဇ်တို့ကို ရေဘူးဖြင့်ပစ်ပေါက်ခဲ့သော ဗလင်စီယာပရိသတ်ကို မက်ဆီ ဆဲရေးတိုင်းထွာ

**ဘာစီလိုနာ၊ အောက်တိုဘာ ၂၃**

ဘာစီလိုနာအသင်းတိုက်စစ်မှူး မက်ဆီသည် ဘာစီလိုနာက ဗလင်စီယာကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် လာလီဂါပွဲစဉ်တွင် ၎င်း၏အသင်းဖော်များဖြစ်ကြသော နေမာနှင့် ဆွာရက်ဇ်တို့ကို ရေဘူးဖြင့် ပစ်ပေါက်ခဲ့သည့် ဗလင်စီယာပရိသတ်ကို ရန့်ရင်းကြမ်းတမ်းသည့် စကားလုံးများဖြင့် တုံ့ပြန်ဆဲရေးခဲ့ကြောင်း Marca က ဖော်ပြထားသည်။

မက်ဆီသည် ပွဲပြီးခါနီး နာကျင်အချိန်ပိုပြီးဆုံးရန် စက္ကန့်ပိုင်းအလိုတွင် ပင်နယ်တီကတစ်ဆင့် အသင်းအတွက် အဖိုးတန်အနိုင်ဂိုး သွင်းယူပေးခဲ့ကာ ဂိုးသွင်းယူအပြီးတွင် မက်ဆီက ဗလင်စီယာပရိသတ်များကို ရန်စသည့်ဟန်ပန်မျိုးဖြင့် အောင်ပွဲခံလိုက်ရာကတစ်ဆင့် ယခုကဲ့သို့ နောက်ဆက်တွဲအခြေအနေများ ဖြစ်ပေါ်လာခဲ့ရခြင်းဖြစ်သည်။

မက်ဆီသည် အနိုင်ဂိုးသွင်းယူလိုက်အပြီးတွင် ဗလင်စီယာပရိသတ်များရှိရာဘက်သို့လှည့်၍ အနမ်းခြွေပြသည့် ဟန်ပန်မျိုးဖြင့် အောင်ပွဲခံခဲ့ကာ ယင်းအမူအယာကို သဘောမကျသည့် ဗလင်စီယာပရိသတ်တစ်ဦးက ဘာစီလိုနာ ကစားသမားများ စုဖွဲ့အောင်ပွဲခံနေချိန်တွင် ရေဘူးဖြင့် ပစ်ပေါက်လိုက်ခြင်းဖြစ်သည်။

နေမာနှင့် ဆွာရက်ဇ်တို့သည် အဆိုပါ ပစ်ပေါက်လိုက်သည့် ရေဘူးထိမှန်ကာ မြေပြင်သို့လဲကျသွားခဲ့ကြပြီး ယင်းဖြစ်ရပ်နှင့်စပ်လျဉ်း၍ ဗီဒီယိုဖိုင်များနှင့် ဓာတ်ပုံဖိုင်များ ထွက်ပေါ်လာအပြီးတွင် နေမာနှင့် ဆွာရက်ဇ်တို့မှာ အမှန်တကယ် နာကျင်သည်ထက် ဗလင်စီယာအသင်းကို စပိန်ဘောလုံးအဖွဲ့ချုပ်စည်းကမ်းထိန်းသိမ်းရေးကော်မတီက အရေးယူစေရန် ဟန်ဆောင်ပြသည်က ပိုမိုနေကြောင်း ဝေဖန်မှုများလည်း ရှိနေသည်။

မက်ဆီသည် ဗလင်စီယာပရိသတ်များကို "la concha de sus madres" (မိခင်ကိုရည်ညွှန်းသည့် ရန့်ရင်းကြမ်းတမ်းသည့်စကား)၊ "hijos de puta" (ပြည့်တန်ဆာများ၏သားများဟု ရည်ညွှန်းသောစကား) အစရှိသည့် အသုံးအနှုန်းများဖြင့် ဆဲရေးခဲ့ခြင်းဖြစ်ကာ ယခုပွဲစဉ်တွင် ဘာစီလိုနာကို အရေးနိမ့်လိုက်ရသည့် ဗလင်စီယာမှာ နောက်ဆုံးကိုးနှစ်တာကာလအတွင်း ဘာစီလိုနာကို အနိုင်မရသည့် မှတ်တမ်းဆိုးတစ်ရပ်ကို ဆက်လက်ပိုင်ဆိုင်သွားခဲ့သည်။

■

## ကမ္ဘာ့အကောင်းဆုံးဂိုးသမားကို ဂိုးသွင်းယူနိုင်ခဲ့၍ ဂုဏ်ယူမိကြောင်း လိုကာတယ်လ်လီ ဖွင့်ဟ

**မီလန်၊ အောက်တိုဘာ ၂၃**



AFP

အေစီမီလန်က ဂျူဗင်တပ်ကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် စီးရီးအေပွဲစဉ်တွင် အသင်းအတွက် တစ်လုံးတည်းသော အဖိုးတန်အနိုင်ဂိုးကို ရယူပေးခဲ့သည့် အသက် ၁၈ နှစ်အရွယ် အေစီမီလန်တိုက်စစ်မှူး လိုကာတယ်လ်လီသည် ၎င်းအနေနှင့် ကမ္ဘာ့အကောင်းဆုံးဂိုးသမားအဖြစ် သတ်မှတ်ခံထားရသည့် ဘူဖွန်ကို ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် လွန်စွာဂုဏ်ယူမိကြောင်း ဖွင့်ဟပြောကြားသွားခဲ့သည်ဟု Tutto Sport က ဖော်ပြထားသည်။

လိုကာတယ်လ်လီသည် ပွဲကစားချိန် ၆၅ မိနစ်တွင် ပြင်းထန်အားပါသည့် ကန်ချက်ဖြင့် အေစီမီလန်အတွက် အနိုင်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်ကာ ယခုပွဲစဉ်အနိုင်ရလဒ်မှာ အေစီမီလန်အတွက် ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် ဂျူဗင်တပ်ကို ပထမဆုံးအကြိမ် ပြန်လည်အနိုင်ရရှိခြင်းအဖြစ်လည်း မှတ်တမ်းဝင်သွားခဲ့သည်။

လိုကာတယ်လ်လီသည် လက်ရှိဘောလုံးရာသီတွင် အေစီမီလန်အတွက် ပွဲစဉ်ခြောက်ပွဲ၌ သွင်းဂိုး နှစ်ဂိုး ရယူပေးထားနိုင်ခဲ့ပြီဖြစ်ကာ ၎င်း၏သွင်းဂိုးကို အေစီမီလန်အသင်းဥက္ကဋ္ဌ ဘာလူစကိုနီအတွက်ဟု လိုကာတယ်လ်လီက ရည်ညွှန်းသွားခဲ့သည်။

အေစီမီလန်နည်းပြအဖွဲ့သည် ဘာလူစကိုနီ၏အကြံပြုတိုက်တွန်းမှုဖြင့် လိုကာတယ်လ်လီကို အသင်းကြီးအဆင့်တွင် ထည့်သွင်းအသုံးပြုခဲ့ခြင်းဖြစ်ကာ လက်ရှိတွင် အေစီမီလန်မှာ အမှတ်ပေးဇယားဦးဆောင်သူ ဂျူဗင်တပ်ကို နှစ်မှတ်အကွာ အနေအထားမှနေ၍ ဖိအားပေးနိုင်သောအခြေအနေသို့ ရောက်ရှိလာခဲ့ပြီလည်းဖြစ်သည်။

လိုကာတယ်လ်လီသည် အေစီမီလန်နှင့် ဂျူဗင်တပ်တို့ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါ စီးရီးအေပွဲစဉ်တွင် ၎င်းကို အကြောင်းပြု၍ အေစီမီလန်အသင်းကို အားပေးခဲ့သည့် ၎င်း၏မိသားစုဝင်များကိုလည်း ကျေးဇူးတင်စကား ပြောကြားသွားခဲ့ကာ အမှန်တကယ်တွင် ၎င်း၏မိသားစုဝင်များအားလုံးမှာ ဂျူဗင်တပ်၏ အမာခံပရိသတ်များဖြစ်ကြ ကြောင်း လိုကာတယ်လ်လီက ရှင်းပြသွားခဲ့သည်။

သတင်းထောက်များနှင့်တွေ့ဆုံခဲ့ရာတွင် လိုကာတယ်လ်လီက "ဒီနေ့ ကျွန်တော့်အတွက် ကံအကောင်းဆုံးနေ့တစ်နေ့ဖြစ်သလို အမှတ်တရဖြစ်စရာအကောင်းဆုံးနေ့ပါပဲ။ ကမ္ဘာ့အကောင်းဆုံးဂိုးသမားအဖြစ် ရပ်တည်နေတဲ့ ဘူဖွန်ဆီကို ဂိုးသွင်းယူနိုင်ခဲ့တာဟာ ကျွန်တော့်အတွက် အရမ်းပဲဝမ်းသာဂုဏ်ယူစရာပါ။ ဒီဂိုးကို ဥက္ကဋ္ဌကြီး ဘာလူစကိုနီအတွက် ကျွန်တော်ရည်ညွှန်းလိုပါတယ်။ သူ့ကျေးဇူးတွေကြောင့် ဒီကနေ့ ဒီနေရာမှာ ကျွန်တော်ရပ်တည်ခွင့်ရလာတာပါ။ ကျွန်တော့်ရဲ့မိသားစုဝင်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ သူတို့ဟာ ဂျူဗင်တပ် အမာခံပရိသတ်တွေဖြစ်ကြပေမယ့် ဒီနေ့မှာတော့ ကျွန်တော့်နောက်ကနေ ရပ်တည်ပြီး အေစီမီလန်ကို အားပေးခဲ့ကြလို့ပါ"ဟု ပြောကြားသွားခဲ့သည်။ ■



# မန်ယူနှင့်အတူ ပရီးမီးယားလိဂ်ချန်ပီယံ မဖြစ်ပါက စပါယ်ရှယ်ဝမ်း မဖြစ်နိုင်တော့ဟု မော်ရင်ညိုဖွင့်ဟ

**လန်ဒန်၊ အောက်တိုဘာ ၂၃**

မန်ယူနည်းပြမော်ရင်ညိုသည် ၎င်း၏ နည်းပြဘဝဖြတ်သန်းမှုအတွင်း မန်ယူနှင့်အတူ ပရီးမီးယားလိဂ်ချန်ပီယံဆုကို ဆွတ်ခူးရယူနိုင်ခြင်းမရှိခဲ့ပါက စပါယ်ရှယ်ဝမ်းဟူသည့်ဂုဏ်ပုဒ်နှင့် ထိုက်တန်တော့မည်မဟုတ်ဟု ဖွင့်ဟပြောကြားလိုက်ကြောင်း The Mirror က ဖော်ပြထားသည်။

မော်ရင်ညိုသည် ချယ်လ်ဆီးထံတွင် နည်းပြဘဝ သက်တမ်းနှစ်ခုဖြတ်သန်းခဲ့စဉ်ကာလအတွင်း ဆုဖလားပေါင်း ရှစ်လုံးအထိ ဆွတ်ခူးရရှိခဲ့ကာ မန်ယူနည်းပြဘဝတွင်လည်း ယင်းသို့သော အောင်မြင်မှုမျိုးကို ၎င်းအနေနှင့် ပိုင်ဆိုင်ရရှိလိုပါကြောင်း မော်ရင်ညိုက အသိပေးထားသည်။

မော်ရင်ညိုသည် မန်ယူနှင့် ၎င်းအကြားတွင် စာချုပ်ချုပ်ဆိုထားသည့် သုံးနှစ်တာကာလအတွင်း အနိမ့်ဆုံးအဖြစ် ဆုဖလားတစ်လုံး ရယူနိုင်စေရမည်ဟု ကြုံးဝါးထားပြီး မန်ယူပရိသတ်များ၏ စိတ်တွင် စပါယ်ရှယ်ဝမ်းနည်းပြအဖြစ် ပုံရိပ်ထင်မကျန်ရစ်ခဲ့မည်ကို ၎င်းအနေနှင့် စိုးရိမ်မိကြောင်း မော်ရင်ညိုက ပြောကြားထားသေးသည်။

သတင်းထောက်များနှင့်တွေ့ဆုံခဲ့ရာတွင် မော်ရင်ညိုက "ချယ်လ်ဆီးဟာ အသင်းသမိုင်းကြောင်းတစ်လျှောက် ပရီးမီးယားလိဂ်ဆုဖလားကို လေးကြိမ်ကိုင်မြှောက်ခွင့်ရခဲ့ပြီးပါပြီ။ အဲဒီလေးကြိမ်မှာ သုံးကြိမ်က ကျွန်တော့်ဦး ဆောင်မှုအောက်မှာ သူတို့ချန်ပီယံဖြစ်ခဲ့တာပါ။ ဝင်ဘလေ၊ ကာဒစ်ဖ်အစရှိတဲ့နေရာတွေကိုလည်း ဖလားလုပွဲတွေ ကစားဖို့အတွက် သူတို့ကို ကျွန်တော်အကြိမ်ကြိမ်ခေါ်သွားခဲ့ဖူးပါတယ်။ ဒီတော့ ချယ်လ်ဆီးပရိသတ်တွေအတွက် ကျွန်တော်ဟာ စပါယ်ရှယ်ဝမ်းဆိုတဲ့ဂုဏ်ပုဒ်နဲ့ ထိုက်တန်သူပါပဲ။ မန်ယူမှာလည်း အဲ့ဒီဂုဏ်ပုဒ်ကို ဆက်ထိန်းဖို့အတွက် ကျွန်တော်ကြိုးပမ်းရမှာပါ။ တကယ်လို့ သုံးနှစ်အတွင်း မန်ယူကို ပရီးမီးယားလိဂ်ချန်ပီယံဖြစ်အောင် ကျွန်တော်လုပ်မပေးနိုင်ခဲ့ရင် မန်ယူပရိသတ်တွေအတွက် ကျွန်တော်ဟာ နည်းပြကောင်းတစ်ဦး၊ ထိပ်တန်းအဆင့်နည်းပြတစ်ဦးဆိုတာလောက်နဲ့ပဲ ဇာတ်လမ်းပြီးသွားမှာပါ။ စပါယ်ရှယ်ဝမ်းဆိုတာမျိုး ဖြစ်မလာနိုင်လောက်တော့ပါဘူး"ဟု မှတ်ချက်ပေးပြောကြားသွားခဲ့သည်။

မော်ရင်ညိုသည် ၎င်းအနေနှင့် မန်ယူကို ဟန်ချက်ညီမျှစေရန် ခက်ခက်ခဲခဲ ပုံဖော်နေရဆဲဖြစ်သည်ဟု ဝန်ခံထားပြီး မန်ယူကို ဖာဂူဆန်လက်ထက်ကကဲ့သို့ ရေရှည်အောင်မြင်မှုများရယူရန် တည်ဆောက်ရသည်မှာ ခြောက်လ၊ တစ်နှစ်အတွင်း ပြီးပြတ်သွားနိုင်သည့် လုပ်ငန်းစဉ်မျိုး မဟုတ်ကြောင်းလည်း မော်ရင်ညိုက အသိပေးထားသည်။ ■

# ဇာဘီဗာကာအမည်ရ ဝံပုလွေကို ၂၀၁၈ ကမ္ဘာ့ဖလားလာဘ်ကောင်အဖြစ် ရွေးချယ်

**မော်စကို၊ အောက်တိုဘာ ၂၃**




ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရေးကော်မတီသည် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် လာဘ်ကောင်အရုပ်ငယ် ရွေးချယ်လိုက်ပြီဖြစ်ကာ ကျားရုပ်၊ ကြောင်ရုပ်နှင့် ဝံပုလွေရုပ်တို့ရှိ ကြသည့်အနက် ဝံပုလွေရုပ်က မဲအရေအတွက်အများဆုံးဖြင့် အနိုင်ရသွားခဲ့ကြောင်း BBC က ဖော်ပြထားသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရေးကော်မတီသည် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် လာဘ်ကောင်ရုပ်ကို ရုရှားနိုင်ငံ သူနိုင်ငံသူများ၏မဲပေးမှုဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကာ မဲပေးခဲ့သည့် လူပေါင်းတစ်သန်းကျော်အနက် ၅၃ ရာခိုင်နှုန်း က ဝံပုလွေရုပ်ကိုလည်းကောင်း၊ ၂၇ ရာခိုင်နှုန်းက ကျားရုပ်ကိုလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းက ကြောင်ရုပ်ကိုလည်းကောင်း အသီးသီး မဲပေးသွားခဲ့ကြသည်။

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ လာဘ်ကောင်အဖြစ် ရွေးချယ်ခံလိုက်ရသည့် ဝံပုလွေရုပ်ကို ကျောင်းသားငယ်တစ်ဦးဖြစ်သည့် အီကာတီရီနာ ဘိုချာရိုဗာက ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ပြီး လာဘ်ကောင်ရုပ်မိတ်ဆက်ပွဲအခမ်းအနားတွင် အဆိုပါဝံပုလွေရုပ်ကို ဇာဘီဗာကာဟု အမည်ပေးအပ်မှည့်ခေါ်လိုက်ကြောင်း ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရေးကော်မတီက ထုတ်ပြန်အသိပေးသွားခဲ့သည်။

ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပရေးကော်မတီသည် ဇာဘီဗာကာ ဝံပုလွေလာဘ်ကောင်ရုပ်ကို ဘရာဇီးလက်ရွေးစင်တိုက်စစ်မှူးဟောင်း ရော်နယ်ဒိုနှင့်တွဲဖက်၍ အများပြည်သူသို့ မိတ်ဆက်ပေးခဲ့ခြင်းဖြစ်ကာ ဇာဘီဗာကာမှာ ၂၀၁၇ ခုနှစ် တိုက်ကြီးများဖလားပြိုင်ပွဲနှင့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် ပရိသတ်အချစ်တော် ဖျော်ဖြေရေးသမားတစ် ဦးဖြစ်လာလိမ့်မည်ဟု ရုရှားအားကစားဝန်ကြီး ဗိုင်တာလီမတ်ကိုက ပြောကြားခဲ့သည်။

ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုကလည်း လာဘ်ကောင်ရုပ်များမှာ ကမ္ဘာ့ဖလားပြိုင်ပွဲ၏အထူးသံတမန်များဖြစ်ကြသည်ဟု ညွှန်းဆိုသွားခဲ့ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုနှင့်အတူ ယင်းပြိုင်ပွဲ၏ လာဘ်ကောင်ရုပ်မှာ ဘောလုံးသမိုင်းတွင် ဂန္ထဝင်တစ်ခုအဖြစ် ကျန်နေရစ်ခဲ့တတ်သည်ဟုလည်း ၎င်းက ပြောကြားသွားခဲ့သေးသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လာဘ်ကောင်ရုပ်ထည့်သွင်းအသုံးပြုခြင်းကို ၁၉၆၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ စတင်ခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲ၏ ပထမဆုံးသော လာဘ်ကောင်ရုပ်မှာ ဝီလီအမည်ရသည့် ခြင်္သေ့ရုပ်ဖြစ်သည်။ ဇာဘီဗာကာဟူသည့်ရုရှားဘာသာစကား၏ အနက်အဓိပ္ပာယ်မှာ ဂိုးသွင်းယူခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ■

# နည်းပြများ၏ နည်းစနစ်ပိုင်းများကို စွက်ဖက်မည်မဟုတ်ဟု ဦးဇော်ဇော်ပြော

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

လက်ရွေးစင်အသင်းအသီးသီးရှိ နည်းပြများ၏ နည်းစနစ်ပိုင်းဆိုင်ရာများတွင် ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် က ထုတ်ဖော်ပြောကြားလိုက်သည်။

မြန်မာ့လက်ရွေးစင်အသင်းနည်းပြအနေနှင့် ဝါရင့်တိုက်စစ်မှူး ကျော်ကိုကိုကို အသင်းလူစာရင်းမှ ချန်လှပ်ခဲ့ခြင်းနှင့် ပတ်သက်၍ နည်းပြဂတ်ဆီဇီနှင့် ဆွေးနွေးမှုရှိ မရှိ မီဒီယာများ၏မေးမြန်းမှုကို ဦးဇော်ဇော်က ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ကစားသမားတွေ အောင်မြင်စေချင်တဲ့သူတွေထဲမှာ သူတို့တွေရဲ့မိဘတွေပြီးရင် ကျွန်တော်လို့ပဲထင်တယ်။ ကျွန်တော်တို့အနေနဲ့ ကစားသမားတွေကို မွေးမြူခဲ့ရတာပါ။ ဒီလိုအချိန်မျိုးမှ သုံးခွင့်မရဘူးဆိုရင် ကျွန်တော်တို့အတွက်ပိုပြီး နစ်နာပါတယ်။ ဒါပေမဲ့ ကျွန်တော့်အနေနဲ့ ဘယ်တုန်းကမှ နည်းပြတွေရဲ့နည်းစနစ်ပိုင်းကို ဝင်မစွက်ဖက်ဖူးပါဘူး။ ကျော်ကိုကိုကိစ္စမှာလည်း ကျွန်တော်တို့မသိတဲ့ အကြောင်းအရာတွေ ရှိနေနိုင်တယ်။ ကျွန်တော်ကတော့ အသင်းအောင်မြင်ဖို့ကိုပဲ ပိုပြီးအလေးထားတယ်"ဟုလည်း ဖြေကြားခဲ့သည်။

ထို့ပြင် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ဆူဇူကီးဖလားပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ကျော်လွှနိုင်မည်ဟု ယုံကြည်ကြောင်း ဖွင့်ဟခဲ့ပြီး နောက်တန်းအားနည်းချက်များကို ပြင်ဆင်ရမည်ဖြစ်ကြောင်း သုံးသပ်ခဲ့သည်။

"ကျွန်တော်တို့အသင်းပါတဲ့အုပ်စုမှာ ကွာခြားမှုက သိပ်မရှိဘူး။ အသင်းလိုက်ကစားအားကောင်းမယ်၊ နောက်တန်းအနေနဲ့ တည်တည်ငြိမ်ငြိမ် ဖျက်ထုတ်ကစားနိုင်မယ်ဆိုရင် အောင်မြင်မှုရမယ်လို့ထင်တယ်။ အုပ်စုက ကျွတ်မယ်လို့လည်းထင်တယ်။ ဒါ့ကြောင့်လည်း ကျွန်တော်တို့ပြင်ဆင်ထားတယ်။ အားလုံးအသင်းလိုက် စိတ်ဓာတ်နဲ့ ကစားနိုင်ရမယ်၊ အဓိကအားဖြင့် အားနည်းတတ်တဲ့ နောက်တန်းရဲ့ အားနည်းချက်တွေကို ပြင်ဆင်နိုင်ဖို့လိုမယ်"ဟု ၎င်းက မှတ်ချက်ပြုသည်။

မြန်မာ့လက်ရွေးစင်အသင်းအနေနှင့် ဆူဇူကီးပြိုင်ပွဲမတိုင်မီ အင်ဒိုနီးရှားအသင်း၊ အိုမန်အသင်းတို့နှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားနိုင်ရန် MFF က စီစဉ်ထားသည်။ ■

# အာရှယူ-၁၉ အမျိုးသမီးခြေစစ်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရန် MFF တောင်းဆို

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

ထိုင်းနိုင်ငံတွင်ကျင်းပမည့် အာရှယူ-၁၉ အမျိုးသမီး ဘောလုံးပြိုင်ပွဲခြေစစ်ပွဲနှင့်ပတ်သက်၍ ထိုင်းနိုင်ငံကိုယ်စား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရန် တောင်းဆိုထားကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် MFF ထံမှ သိရသည်။

အာရှဘောလုံးအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ထိုင်းနိုင်ငံ၌ နိုဝင်ဘာလ ၂ ရက်နေ့မှ ၆ ရက်နေ့အထိ အဆိုပါခြေစစ်ပွဲကျင်းပရန် သတ်မှတ်ထားသော်လည်း ထိုင်းဘုရင်နတ်ရွာစံခဲ့ခြင်းကြောင့် ယင်းခြေစစ်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရန် တောင်းဆိုထားခြင်းဖြစ်သည်။

"ထိုင်းနိုင်ငံအနေနဲ့ ဒီပွဲမလုပ်နိုင်တော့ဘူးလို့ ကနဦးအနေနဲ့ပြောတယ်။ အခုတစ်ခါ ကျင်းပမယ့်ရက် ရွှေ့ပေးဖို့စာတင်ထားတယ်လို့ နောက်ဆုံး အခြေအနေအရ သိရတယ်။ ကျွန်တော်တို့အနေနဲ့ အဲဒီခြေစစ်ပွဲကို အိမ်ရှင်အဖြစ်ကျင်းပခွင့်ရဖို့ တောင်းဆိုထားပါတယ်။ ထိုင်းဘက်က လုံးဝ မကျင်းပနိုင်တာရယ်၊ AFC က ပွဲကစားမယ့်ရက်ပြောင်းဖို့ ခွင့်မပြုဘူးဆိုရင် ကျွန်တော်တို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရမှာပါ"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြောကြားသည်။

မြန်မာယူ-၁၉ အမျိုးသမီးအသင်းသည် အာရှယူ-၁၉ အမျိုးသမီး ခြေစစ်ပွဲတွင် ထိုင်း၊ ပါလက်စတိုင်း၊ ကာဂျစ်စတန်အသင်းတို့နှင့်အတူ အုပ်စု(ဂ)တွင်ပါဝင်နေပြီး အုပ်စုဗိုလ်ဖြစ်မှသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေနှင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရမည်ဆိုပါက မြန်မာယူ-၁၉ အမျိုးသမီးအသင်းအနေနှင့် အခွင့်အရေး ပိုမိုရရှိမည်ဖြစ်ကြောင်း၊ လက်ရှိတွင်လည်း ခြေစစ်ပွဲအောင်မြင်ရေး ပြင်ဆင်နေကြောင်း မြန်မာယူ-၁၉ အသင်း လက်ထောက်နည်းပြ ဒေါ်ဇင်မာဝမ်းက ပြောကြားသည်။ ■

# 3 on 3 ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်

**ရန်ကုန်၊ အောက်တိုဘာ ၂၃**

အသက် ၁၉ နှစ်အောက်နှင့်အသက် ၁၆ နှစ်အောက် အမျိုးသား၊ အမျိုးသမီး 3 on 3 ဘတ်စကက်ဘောပြိုင်ပွဲမှ ဆုရအသင်းများကို ပြိုင်ပွဲပြီးဆုံးသည့် အောက်တိုဘာလ ၂၃ ရက်က ဆုချီးမြှင့်ခဲ့ကြောင်း မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ထံမှ သိရသည်။

ရန်ကုန်မြို့ ကျိုက္ကဆံဘတ်စကက်ဘော အားကစားရုံတွင် အောက်တိုဘာလ ၂၀ရက်မှ ၂၃ ရက်ထိကျင်းပခဲ့သော အသက် ၁၉နှစ်အောက်နှင့်အသက် ၁၆နှစ်အောက် အမျိုးသား၊ အမျိုးသမီး ကွင်းတစ်ဝက်သုံးယောက်စီကစားရသော အဆိုပါပြိုင်ပွဲ၏ဆုရရှိအသင်းများကို ပြိုင်ပွဲပြီးဆုံးသည့်အောက်တိုဘာလ ၂၃ ရက် မွန်းလွဲတစ်နာရီက ဆုချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အသက် ၁၆နှစ်အောက် အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုကို FAM အသင်း၊ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုကို BLANK အသင်းတို့ရရှိခဲ့ပြီး အသက် ၁၉ နှစ်အောက်ပြိုင်ပွဲတွင် အမျိုးသမီးအသင်း CHALLENGE က ပထမဆု၊ အမျိုးသားအသင်း BLANK က ပထမဆု ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲကို အားကစားနှင့်ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ ■

## အင်နီယေစတာ နှစ်လခန့် နားရဖွယ်ရှိ

**ဘာစီလိုနာ၊ အောက်တိုဘာ ၂၃**

ဘာစီလိုနာအသင်းခေါင်းဆောင် အင်နီယေစတာသည် ဘာစီလိုနာက ဗလင်စီယာကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရသွားခဲ့သည့် စပိန်လာလီဂါပွဲစဉ်တွင် ဒူးဒဏ်ရာရသွားခဲ့သည့် နှစ်လခန့် အနားယူဆေးကုသခံရတော့မည်ဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

အင်နီယေစတာသည် ပွဲအစ ၁၂ မိနစ်တွင် ၎င်းဘောလုံးသယ်ယူလာသည်ကို ဗလင်စီယာကွင်းလယ်လူ အင်ဇိုပီရက်ဇ်က လိုက်လံဖျက်ထုတ်ရာတွင် အဆိုပါဒဏ်ရာကို ရသွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာအခြေအနေပြင်းထန်သည့်အတွက် အင်နီယေစတာကို လူစားလဲလှယ်ရန် ဘာစီလိုနာနည်းပြ အင်းနရစ်က ချက်ချင်းပင် ဆုံးဖြတ်လိုက်ရသည်။

ဘာစီလိုနာအသင်းဆေးအဖွဲ့သည် ဗလင်စီယာနှင့်ဘာစီလိုနာတို့ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါလာလီဂါပွဲစဉ်အပြီးတွင် အင်နီယေစတာ၏ဒဏ်ရာကို ချက်ချင်းပင်ဆေးစစ်ခဲ့ကြကာ ဆေးစစ်ချက်အဖြေများအရ အင်နီယေစတာ၏ညာဘက်ဒူးတွင် အရွတ်များပျက်စီးသွားသည်ကို တွေ့ရှိခဲ့ရကြောင်း ဘာစီလိုနာအသင်းက ထုတ်ပြန်ကြေညာထားပြီလည်းဖြစ်သည်။

ဘာစီလိုနာနည်းပြ အင်းနရစ်သည် အင်နီယေစတာကို ဒဏ်ရာရသွားစေခဲ့သည့် အင်ဇိုပီရက်ဇ်၏ဘောလုံးဖျက်ထုတ်မှုကို အလွန်အမင်း ဒေါသပေါက်ကွဲလျက်ရှိကာ ယင်းဖြစ်စဉ်တွင် ကွင်းလယ်ဒိုင်လူကြီးက အင်ဇိုပီရက်ဇ်ကို အဝါကတ်သာ ပြသသတိပေးသည်မှာလည်း လက်သင့်မခံနိုင်ဖွယ်ရာဖြစ်ကြောင်း အင်းနစ်ရစ်က မကျေမချမ်း ပြောကြားသွားခဲ့သေးသည်။




နည်းပြအင်းနရစ်သည် အသင်းအမာခံကစားသမားများ ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေ မြင့်တက်လာခြင်းကို အလွန်အမင်း စိုးရိမ်ပူပန်နေပြီး နောက်ခံကစားသမားများဖြစ်ကြသည့် ပီကေးနှင့် ဂျော်ဒီအယ်လ်ဘာတို့မှာလည်း ဒဏ်ရာအကင်းမသေသေးသည့်အတွက် အနိမ့်ဆုံးအဖြစ် သီတင်းသုံးပတ်ခန့် အနားယူကြရလိမ့်ဦးမည်ဖြစ်ကြောင်း နည်းပြအင်းနရစ်က အသိပေးထားသည်။ ■

## ကောင်းမွန်သည့်စွမ်းဆောင်ရည်မျိုး ပြသနိုင်ခြင်းမရှိပါက အသင်းလူစာရင်းမှနေ၍ ထုတ်ပယ်ပစ်မည်ဟု ဂွါဒီယိုလာ သတိပေး

**မန်စီးတီး၊ အောက်တိုဘာ ၂၃**

မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် အသင်းပွဲထွက်လူစာရင်းတွင် ပါဝင်ရန်အတွက် ကောင်းမွန်သည့်စွမ်းဆောင်ရည်မျိုး ထုတ်ဖော်ပြသနိုင်ခြင်း မရှိသူများကို ၎င်းအနေနှင့် ချန်လှပ်ဖယ်ထုတ်ပစ်ရန် တွေ့ဝေနေလိမ့်မည်မဟုတ်ဟု သတိပေးစကားပြောကြားလိုက်ကြောင်း Sportmail က ဖော်ပြထားသည်။

ဂွါဒီယိုလာသည် ဘာစီလိုနာက မန်စီးတီးကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်အပြီးတွင် အသင်းတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အသင်းကို အပြောင်းအလဲများ ထပ်မံလုပ်ဆောင်ရလိမ့်ဦးမည်ဖြစ်ကြောင်း အသိပေးခဲ့ပြီး ဂွါဒီယိုလာ၏တောင်းဆိုချက်များကို မန်စီးတီးအသင်းတာဝန်ရှိသူများဘက်က လိုက်လျောသဘောတူညီခဲ့သည့်အတွက် လာမည့်ဇန်နဝါရီကာလ ကစားသမားအပြောင်းအရွှေ့ဈေးကွက်ဖွင့်လှစ်ချိန်တွင် ကစားသမားသစ်အချို့ခေါ်ယူရန် ဂွါဒီယိုလာက ပြင်ဆင်မှုများ စတင်နေပြီလည်းဖြစ်သည်။

ဂွါဒီယိုလာသည် မန်စီးတီးအသင်းလူစာရင်းတွင် အသက် ၃၀ နှင့်အထက် ကစားသမားအရေအတွက် ထက်ဝက်ကျော်ရှိနေသည့်အချက်ကို ဘဝင်မကျဖြစ်နေပြီး ယင်းအနေအထားကိုအပြောင်းအလဲလုပ်ရန် ၎င်းအနေနှင့် အသင်းတာဝန်ရှိသူများကို တွေ့ဆုံခဲ့ခြင်းဟု ဂွါဒီယိုလာက ဖွင့်ဟပြောကြားထားသည်။

သတင်းထောက်များနှင့်တွေ့ဆုံခဲ့ရာတွင် ဂွါဒီယိုလာက "အခုအချိန်မှာ အသင်းသားတွေကို ကျွန်တော်တိုက်တွန်းလိုတာက အလုပ်ကို အရင်ကထက် ပြင်းပြင်းထန်ထန် ကြိုးစားကြဖို့ပါပဲ။ ဒီလိုမှမဟုတ်ရင်တော့ သိပ်မကြာခင်ပဲ နေရာပျောက်သွားပါလိမ့်မယ်။ စွမ်းဆောင်ရည်ကောင်းမွန်ခြင်းမရှိတဲ့ကစားသမားတွေကို အသင်းလူစာရင်းကနေ ဖယ်ထုတ်ပစ်ဖို့အတွက် ကျွန်တော် တွေဝေနေလိမ့်မယ် မထင်လိုက်ပါနဲ့။ တစ်ယောက်ထုတ်လိုက်ပြီးရင် အဲ့ဒီနေရာမှာ လူငယ်ကစားသမားတစ်ဦးကို အစားထည့်ပြီး ကျွန်တော်က စမ်းသပ်သွားမှာပါ။ လူငယ်အသင်းမှာ ပါရမီရှင်ကစားသမားတွေရှိနေတာကို ကျွန်တော်လေ့လာထားပြီးပါပြီ"ဟု အသိပေးသွားခဲ့သည်။

ဂွါဒီယိုလာသည် လက်ရှိတွင် Pep Evolution ဟု အမည်ပေးထားသည့် ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်ကို ထုတ်ဝေဖြန့်ချိရန်လည်း စီစဉ်နေပြီဖြစ်ကာ ယင်းစာအုပ်ကို နာမည်ကျော်စာရေးဆရာတစ်ဦးဖြစ်သည့် မာတီပီရာနူးနှင့်တွဲဖက်ရေးသားခဲ့ခြင်းဖြစ်ကြောင်း ဂွါဒီယိုလာက ရှင်းလင်းပြောကြားထားသည်။

ဂွါဒီယိုလာသည် ဘာစီလိုနာက မန်စီးတီးကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ယူသွားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်တွင် တိုက်စစ်မှူး အဂူရိုကို အရန်အဖြစ်သာ အသုံးပြုခဲ့ခြင်း၊ နောက်ခံလူ ကွမ်ပနီကို အသင်းလူစာရင်းမှနေ၍ ဖယ်ထုတ်ထားခြင်းများရှိခဲ့ပြီး ယင်းကိစ္စနှင့်စပ်လျဉ်း၍ အဂူရိုကို နည်းဗျူဟာအရ အရန်အဖြစ်ထားရှိခဲ့ခြင်းဖြစ်ကြောင်း၊ ကွမ်ပနီကိုမူ ဒဏ်ရာအခြေအနေအရ အသုံးမပြုခဲ့ခြင်းဖြစ်ကြောင်း ဂွါဒီယိုလာက ရှင်းလင်းပြောကြားထားသည်။ ■

စာ - 28 "စီးပွားရေးမူဝါဒ ၁၂ ချက်မှ ဆွဲခေါ်သွားသည့် မြန်မာ့အရေး" မှ အဆက်

အပေါ်၌လည်း စီးပွားရေးပိတ်ဆို့မှုကို ဆက်သုံးရန်ပြောကြားခဲ့ပါသည်။ ရခိုင်အရေးကိစ္စ၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးနေဆဲကိစ္စ၊ အုပ်ချုပ်ရေးနှင့်လွှတ်တော်တွင် စစ်ဘက်မှပါဝင်နေဆဲကိစ္စများ ရှိစေကာမူ အိုဘားမား၏ အုပ်ချုပ်ရေးအဖွဲ့အတွင်း၌ပင် စီးပွားရေးပိတ်ဆို့မှု ဖယ်ရှားရေးထောက်ခံသူများက အောင်ပွဲခံသွားသည်။ အဓိကအကြောင်းမှာမူ စီးပွားရေးပိတ်ဆို့မှု အသုံးပြုလွန်းနေခြင်းသည် အမေရိကန်ကုမ္ပဏီများအတွက် ကစားကွက်အကျပ်အတည်းကိုဖြစ်စေပြီး အမေရိကန်၏ ကမ္ဘာ့ငွေကြေးယန္တရား ထိခိုက်နိုင်မည်ကို တွက်ပြခဲ့ကြခြင်းကြောင့်ဖြစ်သည်။ ဤအချက်သည် ၂၀၀၉ ခုနှစ်က အမေရိကန်လွှတ်တော်အမတ် ဂျိမ်ဝက်ဘ် (Jim Webb) ၏ အလည်အပတ် လာရောက်မှုနဲ့ ပတ်သက်ပြီး ဝေဖန်သူများ၏လစ်ဟာချက်ဖြစ်သည့် မြန်မာပြည်အပေါ် အမေရိကန်၏ မပြောင်းမဖြစ်ပြောင်းရမည့် ပေါ်လစီကို 'မလွဲသာ မရှောင်သာတဲ့ အမေရိကန်ရဲ့မြန်မာပြည်အပေါ်ထားတဲ့ ပေါ်လစီအပြောင်းအလဲ ဘယ်လိုကြောင့်လဲ၊ ဘာကြောင့်များလဲ' ဟူသည့်ခေါင်းစဉ်ဖြင့် ဒေါက်တာမင်းဇော်ဦး၏ ဝေဖန်သုံးသပ်ပြသွားသည့် အဓိကသော့ချက်နှင့်လည်း တစ်ထပ်တည်းကိုက်ညီနေပါသည်။ ပါဝါအား လက်ကုန်နေသည်ဟု ယူဆထားဟန်ရှိသည့် အမေရိကန်သည် သမ္မတဘုရှ်၏ အုပ်ချုပ်ရေးမှ သမ္မတအိုဘားမား၏ အုပ်ချုပ်ရေးလက်ထက်သို့ ကူးပြောင်းခဲ့သည်။ အိုဘားမားအုပ်ချုပ်ရေးအဖွဲ့သည် အမေရိကန်၏ဩဇာကို ပြန်လည်ထူထောင်ရန် စစ်အာဏာသုံးဖိအားပေးခြင်းထက် မိတ်ဆွေဖြစ်အောင်လုပ်ခြင်း ပါဝါအပျော့ကို လက်တွေ့ကျင့်သုံးခဲ့ကြသည်။

### စီးပွားမိတ်ဖက်စာရင်း ချုပ်ကြည့်နေရခြင်း

စီးပွားရေးမူဝါဒ အသေးစိတ်များ ထွက်ပေါ်လာခြင်းမရှိသေးသည်မှာ အရေးပါသည့်နိုင်ငံများ၏ မြန်မာနိုင်ငံအပေါ်ထားမည့်သဘောထားကို အပြည့်အစုံမသိရသေး၍ဖြစ်မည်ဟု ယူဆမိသည်။ အခရာကျသည့်နိုင်ငံများမှ မည်သို့ပူးပေါင်းပါဝင်မည်၊ မည်သည့်မူနှင့် စွဲကိုင်ဆက်ဆံလာမည်ကို တွက်ဆနေဟန်ရှိသည်။ ထိုသဘောထားများသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI)ဆိုင်ရာ ဥပဒေအတွက်သာမက ပြည်တွင်းစီးပွားရေးဖော်ဆောင်ရန်အတွက်လည်း အဆက်အစပ်ရှိလာမည့် အဓိကအကြောင်းအရင်းများဖြစ်သည်။ ကမ္ဘာ့ထိပ်သီးနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံမှ စီးပွားရေးပိတ်ဆို့ထားမှုများ ရုပ်သိမ်းပြီး မြန်မာနိုင်ငံတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှု လုပ်မည်၊ မလုပ်မည်ဆိုသည့် ဆုံးဖြတ်ချက်မှာ မြန်မာ့စီးပွားရေးတည်ဆောက်ရာတွင်လည်းကောင်း၊ မူဝါဒရေးဆွဲရာတွင်လည်းကောင်း အရေးကြီးသည်ကို ငြင်းမရပေ။ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံခြားခရီးစဉ်များ မပြီးမီ မူဝါဒအသေးစိတ်နှင့်ဥပဒေများ ပေါ်ထွက်မလာနိုင်သေးဟု ယူဆမိသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံရေးအရ သွားနေသည့်လမ်းသည် စီးပွားရေးအရသွားနေသည့်လမ်းနှင့် လိုက်လျောညီထွေရှိရမည်ဟု ဆိုခဲ့ဟန်ရှိသည်။

စီးပွားရေးမူဝါဒ ၁၂ ချက်နှင့်စပ်လျဉ်း၍ တွေ့မြင်လိုက်ရသည်များကား အံ့သြစရာများဖြစ်ချေသည်။ တိုင်းပြည်၏ အဓိကစီးပွားရေး အဆောက်အဦတည်ဆောက်ရေးသည် ပြည်တွင်းငြိမ်းချမ်းရေးအပေါ် မူတည်နေခြင်း၊ ပြည်တွင်းစစ်သည် အာဏာလုသည့်စစ်ပွဲမျှသာမက သယံဇာတစစ်ပွဲလည်း ဖြစ်နေသောကြောင့် အဖြေမှာ 'သာတူညီမျှဖြစ်ရေး'ဖြစ်နေခြင်း၊ စီးပွားရေးမူဝါဒရေးဆွဲရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI)နှင့် ချိန်ဆရခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို 'ချိန်ဆ'ရာတွင်လည်း အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းပေးရေး အရေးပါမှု၊ ရုပ်သိမ်းပေးရာတွင် အဓိကထောက်ပြခံခဲ့ရသည့် ရခိုင်ဒေသလူမျိုးရေးပြဿနာနှင့် တိုင်းရင်းသားလူမျိုးလက်နက်ကိုင်များအရေး၊ နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံတကာဝင်ဆံ့နိုင်မှုနှင့် နိုင်ငံတကာမှ မြန်မာနိုင်ငံအပေါ်အထင်လွဲမှားနေစေသည့် ရခိုင်အရေးအတွက် ကိုဖီအာနန်ကို ကော်မရှင်တွင်ပူးပေါင်းပါဝင်စေခြင်းဖြင့် မြန်မာ့ပုံရိပ်ကို ပြန်လည်ဆယ်ယူတတ်မှု၊ ခရိုနီကြီးများအပေါ် အငြိုးအတေးမထားဘဲ အမေရိကန်၏စီးပွားရေးပိတ်ဆို့မှု ဖယ်ရှားပေးရေးနှင့် အမေရိကန်လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံကြရန်ဖိတ်ခေါ်တတ်မှုတို့ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ကြရပြီးဖြစ်သည်။

### စီးပွားရေးတည်ဆောက်ခြင်းနှင့် ၂၁ရာစု 'သာတူညီမျှ'ပင်လုံ

စီးပွားရေးမူဝါဒအသေးစိတ်ကို မကြာမီပင် ချပြပေးသွားနိုင်မည်ဟု နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်က နေပြည်တော်တွင် ပြောကြားသွားခဲ့သည်။ မပြီးဆုံးသေးသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းပြီးနောက် ရင်ဆိုင်ရမည့် ခရိုနီစီးပွားရေး လက်ဝါးကြီးအုပ်မှုများ၊ မတရားသိမ်းဆည်းခံထားရသည့် လယ်ယာမြေအရေးကိစ္စများသည် ဒီမိုကရေစီပေါ်အခြေတည်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဦးတည်လျှောက်လှမ်းမည့်ခရီးလမ်းကြောင်း၌ ပြည်တွင်းအခုအခံပြဿနာကြီးများအဖြစ် ရှိနေလိမ့်မည်။ ကျောက်မျက်ရတနာတူးဖော်ရေးလုပ်ငန်းလိုင်စင်များကို သက်တမ်းထပ်တိုးပေးခြင်းနှင့် လိုင်စင်အသစ်ထပ်မံချပေးခြင်းများ မရှိတော့သည်ကို မြင်တွေ့လာရသည်။ ဤသို့လုပ်ဆောင်ရခြင်းသည် မဟာဗျူဟာကျနေသောကြောင့်သာလျှင် စောစောစီးစီး ကိုင်တွယ်ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ နာတာရှည်ပြည်တွင်းစစ်သည် လက်နက်ကိုင်လူမျိုးစုများနှင့် စစ်တပ်အကြားရှိ အာဏာနိုင်ငံရေးစစ်ပွဲမျှသာမက၊ သယံဇာတစစ်ပွဲလည်းဖြစ်နေခြင်းကို နိုင်ငံတော်အတိုင်ပင်ခံက နားလည်စေခဲ့ပြီးဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်များအနေနှင့်လည်း မူဝါဒများကို လက်တွေ့ဖော်ဆောင်မပေးနိုင်မည်ကို စိုးရိမ်နေကြဟန်တူသည်။ အမျိုးသားရင်ကြားစေ့ရေးရည်မှန်းချက်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးများ 'သာတူညီမျှဖြစ်ရေးမူ'ကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် နိဒါန်းပျိုးလိုက်ခြင်းဖြစ်သည်။ ၂၁ ရာစုပင်လုံဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ ချီတက်ရာတွင် အရပ်သားအစိုးရသည် မည်သည့်သွေးမြေကျဖြေရှင်းမှုမျိုးကိုမျှ မလိုလားကြောင်းကိုလည်း ကြေညာထားပြီးဖြစ်သည်။ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အဓိကဖြစ်သည့် စီးပွားရေးအဆောက်အဦတည်ဆောက်နိုင်စေရန်အတွက်ဖြစ်သည်။ ငြိမ်းချမ်းရေးလမ်းစဉ်သည် သာလျှင် ဆင်းရဲတွင်းထဲတွင်နစ်နေသည့် သန်း ၆၀ သောပြည်သူများအတွက် လွတ်မြောက်ရာ အသက်သွေးကြောဖြစ်သည်။ ထိုအသက်သွေးကြောသာလျှင် ရောဝတီဖြစ်သည်။ သံလွင်လည်း ဖြစ်သည်။ ချင်းတွင်းလည်းဖြစ်သည်။ စစ်တောင်းလည်း ဖြစ်ချေသည်တကား။ စစ်အာဏာရှင်လက်အောက်ရှိနေခဲ့ရစဉ်အချိန်ကတည်းကပင် အနောက်နိုင်ငံများမှ ခေါင်းဆောင်များ၊ ပညာတတ်များ၊ နိုင်ငံရေးသမားများနှင့် ဆက်ဆံပြောဆိုခဲ့သည်များမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် တိုက်ရိုက်ပြောခဲ့ကြသည်က များသည်။ ကတိကဝတ်ထားရှိခဲ့ခြင်းများ၊ အပြန်အလှန်နားလည်မှုနှင့် ယုံကြည်လေးစားမှုတို့ ရှိခဲ့ကြပေမည်။ ယခုလည်း တိုက်ရိုက်ပြောဆိုဆက်ဆံနေကြသကဲ့သို့ တိုက်ရိုက်သာလျှင် ပြောဆိုဆက်ဆံချင်ကြဟန်ရှိသည်။ ထို့အတွက်ကြောင့် အခြားပညာတတ်လူတော်များ ရှိနိုင်ပေလင့်ကစား အစားထိုးတာဝန်လွှဲပေးသွားစေခြင်းမျိုး လုပ်မရသည်ဖြစ်၍ အသက် ၇၀ ကျော်အမျိုးသမီးတစ်ယောက် နိုင်ငံပေါင်းများစွာပတ်သွားနေရသည်ကို စီမံခန့်ခွဲမှုလိုအပ်သည်ဟု ဆိုနိုင်ပါမည်လော။ သက်နုအုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်၍ ချို့ယွင်းချက်ကလေးများရှိမည်ကိုလည်း သဘောပေါက်နားလည်ထားကြပြီးဖြစ်သည်။ ထို့ကြောင့် ကြေညာချက်ထုတ်ပြန်ခြင်းများ၊ မူဝါဒထုတ်ပြန်ခြင်းများကို အသေအချာပြင်ဆင်ပြီးမှသာလျှင် ထုတ်ပြန်သင့်သည်ဟု ယူဆမိသည်။ ရက် ၁၀၀ မျှနှင့် စီးပွားရေးဦးမော့စေရမည်ဆိုသည့်ကြေညာချက်မျိုး၊ စီးပွားရေးမူဝါဒ ၁၂ ချက်ကိုအလောတကြီးထုတ်ပြန်ခြင်းမျိုးတို့သည် သင်ခန်းစာယူဖွယ်များ ဖြစ်သည်ဟု ဆိုချင်ပါသည်။ ပြင်ဆင်သင့်သည်များကိုသာ ယုံကြည်ချက်ရှိရှိ လုပ်ဆောင်ပြီး ထုတ်ပြန်ကြေညာသင့်သည်ဟု အကြံပြုစရာရှိပါတော့သည်။ ■

**မောင်နိုးဝေ**

Ref:1)Democratic Voice of Burma: Sean Turnell-‘Burma has an extraordinary future in agriculture’ – Libby Hogan , Wed 3 Aug 2016

:::::2)CNN အင်တာဗျူး (23.9.16)

:::::3) Why Burma Is Trying to Stop People From Using the Name of Its Persecuted Muslim Minority, Reuters

:::::4) Burma’s Democratic Transition Isn’t Enough to Get Most U.S. Sanctions Lifted

Simon Lewis,May 18, 2016

:::::5)What Will an NLD Government in Myanmar Mean for Business?

Wharton School of the University of Pennsylvania, Knowledge@Wharton.

# FOREIGN AFFAIRS

# ဒေါ်နယ်ထရမ့်၏သမ္မတပထမရက် ၁၀၀ မူဝါဒမိန့်ခွန်း ပေါ်ထွက်၊ မီဒီယာများကို တိုက်ခိုက်၊ စွပ်စွဲသူများကို တရားစွဲမည်ဟု ကြုံးဝါး


Reuters

**ဂက်တီစ်ဘာ့ဂ်၊ အောက်တိုဘာ ၂၂**

ရီပတ်ဘလစ်ကန်ပါတီ သမ္မတလောင်း ဒေါ်နယ်ထရမ့်က သူသမ္မတဖြစ်လာပါက ရက် ၁၀၀ အတွင်းလုပ်ဆောင်မည့် ကိစ္စများနှင့်ပတ်သက်သည့် မူဝါဒမိန့်ခွန်းကို အောက်တိုဘာလ ၂၂ ရက်နေ့တွင် သမိုင်းဝင် ဂက်တီစဘာ့ဂ်မြို့တွင် ပြောကြားခဲ့ကြောင်း Reuters သတင်းက ဖော်ပြသည်။

အမေရိကန်သမ္မတ အေဘရာဟင်လင်ကွန်း ပြည်တွင်းစစ်အလွန် အောင်ပွဲခံမိန့်ခွန်းပြောကြားခဲ့သည့် ပင်ဆီလ်ဗေးနီးယားပြည်နယ်မှ ဂက်တီစ်ဘာ့ဂ်မြို့ကို မူဝါဒမိန့်ခွန်းပြောသည့်နေရာအဖြစ် ထရမ့်က ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

လိင်ပိုင်းဆိုင်ရာ မတော်မတရားလုပ်မှုစွဲချက်များရင်ဆိုင်နေရပြီး ပါတီတွင်းကန့်ကွက်မှုများပါ ရင်ဆိုင်နေရသည့် ထရမ့်၏မူဝါဒမိန့်ခွန်းတွင် မူဝါဒရေးရာများအပြင် မီဒီယာများအပေါ် ဝေဖန်မှုများနှင့် သူ့အပေါ် စွပ်စွဲထားသူများကို တရားပြန်စွဲမည်ဆိုသော သတိပေးမှုများပါ ပါဝင်ခဲ့သည်။

ထရမ့်က သူသာသမ္မတဖြစ်လာပါက AT&T ဆက်သွယ်ရေးကုမ္ပဏီက Time Warner မီဒီယာလုပ်ငန်းစုကြီးကို ဝယ်ယူမည့်အဆိုပြုသဘောတူညီချက်ကိုဟန့်တားသွားမည်ဖြစ်ပြီး ယင်းမှာ သူနှင့်မဲဆန္ဒရှင်များအပေါ် မသမာမှုလုပ်နေသည့် ‘အာဏာအဆောက်အအုံ’၏ နမူနာတစ်ခုပင်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ပုဂ္ဂိုလ်ရေးမကျေမနပ်ချက်များကို ဇောင်းပေးပြောသွားခဲ့သော်လည်း သူသာအိမ်ဖြူတော်ရောက်ပါက အမေရိကန်ပြည်သူများအတွက် အကျိုးရှိသည့် နည်းလမ်းဖြင့် ကိုင်တွယ်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ထရမ့်ပြောသွားခဲ့သော မူဝါဒများထဲတွင် သူမကြာခဏ ကတိပြုလေ့ရှိသော မက္ကဆီကိုနယ်စပ်တွင် တံတိုင်းခတ်ပြီး တရားမဝင်ခိုးဝင်လာသူများကို ဟန့်တားရန်၊ ကုန်သွယ်ရေးသဘောတူညီချက်များ ပြန်လည်ဆွေးနွေးရန်နှင့် Obamacare ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်ကို ဖျက်သိမ်းရန်တို့လည်း ပါဝင်ခဲ့သည်။

ဒုံရင်းဒုံရင်း အခြေအနေကို ချိုးဖျက်နိုင်မည်ဆိုမျှော်လင့်ချက်ကို ကိုယ်စားပြုသွားမည်ဟု ထရမ့်က ကတိပေးခဲ့သည်။ ထရမ့်၏လိင်ပိုင်းဆိုင်ရာ မတော်မတရားပြုခံရသည်ဟု ပြီးခဲ့သည့်နှစ်ပတ်အတွင်း စွပ်စွဲခဲ့ကြသော အမျိုးသမီးများကို ထရမ့်က လူလိမ်များဟု ဝေဖန်ခဲ့ပြီး တရားစွဲသွားမည်ဟုပါ ပြောကြားခဲ့သည်။

ဒီမိုကရက်တစ် သမ္မတလောင်း ဟီလာရီကလင်တန် အနိုင်ရစေရေးအတွက် မတရားကူညီခဲ့ကြသည့် အမေရိကန် မီဒီယာအဖွဲ့အစည်းများကို အပြစ်ပေးသွားမည်ဟုလည်း ထရမ့်က ခြိမ်းခြောက်ခဲ့သည်။

“သူတို့ ကျုပ်ရမဲယ့် မဲတွေနဲ့ အမေရိကန်ပြည်သူတွေရဲ့အသံကို ဖိနှိပ်ဖို့ အသည်းအသန် ကြိုးစားနေကြတယ်” ဟု ထရမ့်က စွပ်စွဲခဲ့သည်။

“ကျွန်တော်တိုက်နေတဲ့ အာဏာအသိုက်အမြုံနဲ့ ပတ်သက်လို့ဥပမာတစ်ခုပေးရရင် AT&T က တိုင်းမ်ဝါနာနဲ့ စီအင်အင်န်သတင်းဌာနကို ဝယ်မယ့်အစီအစဉ်ပဲ။ ကျုပ်လက်ထက်မှာ ဒါမျိုးသဘောတူညီချက်ကို ခွင့်ပြုမှာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ အာဏာတွေအများကြီး လူနည်းစုလက်ထဲမှာ စုစည်းသွားမှာမို့လို့ပဲ” ဟု ထရမ့်က ပြောကြားခဲ့သည်။

ဆက်သွယ်ရေးကုမ္ပဏီ ATT Inc သည် CNN ရုပ်သံအပါအဝင် ရုပ်ရှင်နှင့် ရုပ်သံလုပ်ငန်းများကို ပိုင်ဆိုင်သော Time Warner ကုမ္ပဏီကို ဒေါ်လာ ၈၅ ဘီလီယံဖြင့် ဝယ်ယူရန် မူအားဖြင့် သဘောတူညီထားပြီဖြစ်ပြီး တရားဝင်ကြေညာချက်ကို ထုတ်ပြန်တော့မည်ဖြစ်သည်။

၂၀၁၃ ခုနှစ်က မီဒီယာကုမ္ပဏီ NBC Universal ကို Comcast Corp က ဝယ်ယူခဲ့သည့် ကိစ္စကိုလည်း ပြန်လည်စစ်ဆေးမည်ဟု ပြောကြားခဲ့သည်။

“ဒီလိုသဘောတူညီချက်တွေက ဒီမိုကရေစီကို ဖျက်ဆီးနေတယ်” ဟု ထရမ့်ကပြောကြားခဲ့သည်။ သူ့ရပ်တည်ချက်မှာ အခွန်ကောက်ခံမှုနှင့် ကုမ္ပဏီများအပေါ် ထိန်းချုပ်ကန့်သတ်မှု အတတ်နိုင်ဆုံးနည်းပါးစေသည့် သမားရိုးကျ ရီပတ်ဘလစ်ကန်မူဝါဒနှင့် ကွဲလွဲနေသည်။

အွန်လိုင်းလက်လီအရောင်းလုပ်ငန်းစု Amazon.com Inc သည်လည်း အခွန်အမြောက်အမြား ပေးရမည်ဟု ထရမ့်က သတိပေးခဲ့ပြီး Amazon ၏ အမှုဆောင်အရာရှိချုပ် ဂျက်ဖ်ဘီးဇော့ဖ်သည် ထရမ့်မကောင်းကြောင်းရေးသည့် ဝါရှင်တန်ပို့စ်သတင်းစာကိုပါ ပိုင်ဆိုင်ကြောင်းလည်း ထရမ့်က ထောက်ပြခဲ့သည်။

ချမ်းသာသည့် နယူးယောက် အိမ်၊ ခြံ မြေလုပ်ငန်းရှင် ရုပ်သံစတားတစ်ယောက်ဖြစ်သူ ထရမ့်က သူကိုယ်တိုင်မှု ရင်းနှီးမြှုပ်နှံမှု ဆုံးရှုံးခဲ့မှုများကို အကြောင်းပြပြီး ၁၈ နှစ်ကြာ အခွန်ရှောင်ခဲ့ကြောင်း စွပ်စွဲခံထားရသကဲ့သို့ ထိုစွဲချက်ကိုလည်း အောက်တိုဘာလ ၉ ရက်နေ့က စကားစစ်ထိုးပွဲတွင် ဝန်ခံအသိအမှတ်ပြုခဲ့သည်။

ထရမ့်သည် ၁၉၉၅ ခုနှစ်က ဒေါ်လာ ၉၁၆ သန်း အရှုံးပေါ်သည်ဟု စာရင်းပြခဲ့ပြီး ၁၈ နှစ်ကြာ ဝင်ငွေခွန်မပေးဘဲ အခွန်ရှောင်ခဲ့ကြောင်း နယူးယောက်တိုင်းမ်သတင်းစာက ဖွင့်ချခဲ့သည်။

ထရမ့်မိန့်ခွန်းပြောပြီးနောက်ပိုင်း ပင်ဆီလ်ဗေးနီးယားပြည်နယ်၊ ပစ်ဘာ့ဂ်တွင် ပြုလုပ်သည့် ဟီလာရီကလင်တန်၏ မဲဆွယ်ပွဲတွင် ကလင်တန်က ထရမ့်၏ မီဒီယာများအပေါ် ဝေဖန်မှုကို တုံ့ပြန်ခဲ့ပြီး သူကိုယ်တိုင်လည်း ဝေဖန်ခံရသည်သာဖြစ်ကြောင်း ထောက်ပြခဲ့သည်။

“သူ(ထရမ့်) က ဂျာနယ်လစ်တွေ၊ နိုင်ငံသားတွေ၊ မီဒီယာတွေကို ဒီလိုပြောနေပေမယ့် ကျွန်မကိုယ်တိုင်လည်း မီဒီယာတွေရဲ့ဝေဖန်ခံရတာပါပဲ။ ဒါဟာ ဒီမိုကရေစီစနစ်ရဲ့ တစ်စိတ်တစ်ဒေသလို့ ကျွန်မယုံကြည်ပါတယ်” ဟု ကလင်တန်က တုံ့ပြန်ခဲ့သည်။ ■

## ALSO IN NEWS

### အမေရိကန်သမ္မတရွေးကောက်ပွဲ လွတ်လပ်မျှတစေဖို့ ရုရှားက စောင့်ကြည့်လေ့လာသူတွေ လွှတ်မယ်

နိုဝင်ဘာလမှာ ကျင်းပမယ့် အမေရိကန်သမ္မတရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာဖို့အတွက် စေလွှတ်လိုတယ်လို့ ရုရှားက ပြောလိုက်ပါတယ်။ အမေရိကန်သမ္မတလောင်း ဒေါ်နယ်ထရမ့်က မဲရလဒ်တွေ အကြံအဖန်ဖြစ်လိမ့်မယ်လို့ ပြောပြီးတဲ့နောက်မှာ ရုရှားက ခုလို ပြောလာတာဖြစ်ပါတယ်။

မဲရုံတွေကို စောင့်ကြည့်လေ့လာဖို့အတွက် စောင့်ကြည့်ရေးသမားတွေ စေလွှတ်မှာကို ကြိုဆိုပါကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုထားပေမယ့် ရုရှားရဲ့ကမ်းလှမ်းမှုဟာ ဝါဒဖြန့် စတန့်ထွင်မှုတစ်ရပ်သာဖြစ်တယ်လို့ ဆိုလိုက်ပါတယ်။

ရုရှားဟာ အမေရိကန်ဒီမိုကရက်တစ်ပါတီရဲ့ ကွန်ပျူတာကွန်ရက်ကို ဖောက်ဝင်ခဲ့ကြောင်း အမေရိကန်အစိုးရက တရားဝင်စွပ်စွဲခဲ့ပြီး ရုရှားအစိုးရဟာ အမေရိကန်သမ္မတရွေးကောက်ပွဲကို ကြားဝင်ပါဖို့ လုပ်ဆောင်နေတယ်လို့ သတိပေးခဲ့ပါတယ်။

ရုရှားသမ္မတ ဗလာဒီမာပူတင်ဟာ ရီပတ်ဘလစ်ကန်သမ္မတလောင်း မစ္စတာထရမ့်ကို ချီးမွမ်းခန်းတွေ မကြာခဏဖွင့်ခဲ့ပါသတဲ့။ ရုရှားက စောင့်ကြည့်လေ့လာသူတွေလာမယ်ဆိုရင် ငြင်းဆန်ဖို့အတွက် မူဝါဒမရှိပါဘူးလို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရအရာရှိ ဂျွန်ကာဘီက ဆိုထားပါတယ်။

ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး OSCE အဖွဲ့ဝင်နိုင်ငံများကို စောင့်ကြည့်သူများ စေလွှတ်နိုင်ကြောင်း ကမ်းလှမ်းပြီးဖြစ်ပါ၍ ရုရှားကို ကမ်းလှမ်းပြီးဖြစ်ပါကြောင်း မစ္စတာကာဘီက ဆိုပါတယ်။ ဒီအဖွဲ့ဟာ အမေရိကန်ပြည်ထောင်စုအပါအဝင် အဖွဲ့ဝင်နိုင်ငံတွေရဲ့ ရွေးကောက်ပွဲတွေကို စောင့်ကြည့်လေ့ရှိပါတယ်။ UPI ■

